# ကြေးမုံ

The Mirror Daily

၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက် တွင် စတင်ထုတ်ဝေသည်။ Established in 1957

၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၃ ရက်၊ တနင်္လာနေ့။ Monday, 1 March 2021 ၁၀၃၀၃


**ကြီးမားသောအကျိုးကိုရနိုင်**

**အကြောင်းတစ်ခုခုကြောင့် ငယ်စဉ်က ကုသိုလ်ကောင်းမှု ပြုရန် မေ့လျော့နေခဲ့သော်လည်း နောင်ကြီးပြင်းလာသော အခါ သူတော်ကောင်းပညာရှိတို့၏ အဆုံးအမကိုရ၍ မမေ့မလျော့ဘဲ ကောင်းမှုကုသိုလ်ပြုခြင်းဖြင့် ကြီးမားသော မဂ်ဖိုလ်အကျိုးကိုရနိုင်၏။ ထိုသို့ပြုနိုင်ခြင်းကို မြတ်စွာဘုရားသည် ချီးမွမ်းတော်မူ၏။**

လောကဝဂ်(ဓမ္မပဒ-၁၇၂)

# သတင်းထုတ်ပြန်ချက်

မြန်မာနိုင်ငံ၏ မကြာသေးမီက ဖြစ်ပေါ်တိုးတက်မှုများနှင့် ပတ်သက်၍ တပ်မတော်အနေဖြင့် မလွှဲမရှောင်သာသော အခြေအနေများကြောင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို လွှဲပြောင်းရယူခဲ့ရခြင်းဖြစ်ကြောင်း နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၁-၂-၂၀၂၁ ရက်နေ့တွင် သဘောထားထုတ်ပြန်ချက် တစ်ရပ် ထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

သို့ရာတွင် နိုင်ငံတကာအဖွဲ့အစည်းအချို့၊ ပြည်ပနိုင်ငံအချို့နှင့် မီဒီယာအချို့တို့က မြန်မာနိုင်ငံ၏ ပကတိအခြေအနေမှန်ကို နားလည်ခြင်းမရှိဘဲ ၁-၂-၂၀၂၁ ရက်နေ့ဖြစ်ရပ်အပေါ် စစ်အာဏာသိမ်းမှုအဖြစ် ရှုမြင်စွပ်စွဲဝေဖန်ခြင်းများ ပြုလုပ်လျက်ရှိကြောင်း တွေ့ရှိရသည်။ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားခဲ့သော ဆူပူလှုပ်ရှားမှုများကိုလည်း စစ်အာဏာရှင်ဆန့်ကျင်ရေးအုံကြွမှုအဖြစ် ပုံဖော်ဖန်တီးလျက်ရှိကြောင်း တွေ့ရသည်။

အမှန်စင်စစ်၌ ၂၀၁၁ ခုနှစ်မှစ၍ မြန်မာနိုင်ငံ၌ စတင်ကျင့်သုံးခဲ့သော ဒီမိုကရေစီစနစ်သည် တပ်မတော်က ၂၀၀၃ ခုနှစ်မှစ၍ ချမှတ်လမ်းခင်းပေးခဲ့သော ဒီမိုကရေစီအသွင်ကူးပြောင်းရေး ရှေ့လုပ်ငန်းစဉ် (၇)ရပ်၏ ကြိုးပမ်းမှုရလဒ်ဖြစ်သည်။ တပ်မတော်က ပြည်သူလူထုကိုယ်စားလှယ်များကို ဖိတ်ခေါ်၍ ကျင်းပခဲ့သော အမျိုးသားညီလာခံမှ ထွက်ပေါ်လာသည့် အခြေခံမူများကို အခြေပြု၍ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)ကို အတည်ပြုနိုင်ခဲ့ပြီး ယင်းအခြေခံဥပဒေနှင့်အညီ ၂၀၁၀ ပြည့်နှစ်တွင် ပထမအကြိမ် အထွေထွေရွေးကောက်ပွဲကို လွတ်လပ်သန့်ရှင်းစွာ ကျင်းပကာ ပါတီစုံဒီမိုကရေစီစနစ်ကို တည်ငြိမ်အေးချမ်းစွာ စတင်အသွင်ကူးပြောင်းပေးနိုင်ခဲ့သည်။

၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲနှင့် ၂၀၁၂၊ ၂၀၁၇ ခုနှစ် ကြားဖြတ်ရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပနိုင်ရန် တပ်မတော်က အဘက်ဘက်မှ ဝိုင်းဝန်းကူညီပေးခဲ့သည်။

တပ်မတော်သည် ပါတီစုံဒီမိုကရေစီအသွင်ကူးပြောင်းရေး၏ ဗိသုကာဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံ၌ စည်းကမ်းပြည့်ဝ၍ ရင့်ကျက်သော ဒီမိုကရေစီတိုးတက်ဖွံ့ဖြိုးရေးကို အစဉ်တစိုက် ထောက်ခံအားပေးခဲ့သည်။ ဒီမိုကရေစီလမ်းကြောင်းမှ မသွေဖည်စေရေးအတွက်လည်း မျက်ခြည်မပြတ် စောင့်ကြည့်ထိန်းကျောင်းပေးခဲ့သည်။

၈-၁၁-၂၀၂၀ ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် အထွေထွေရွေးကောက်ပွဲနှင့် ပတ်သက်၍ မဲစာရင်းကွာဟမှုပြဿနာများ ကြားသိတွေ့ရှိရသည့်အတွက် တပ်မတော်က မဲစာရင်းများကို စနစ်တကျ လေ့လာစိစစ်မှုများ ပြုလုပ်ခဲ့သည်။

ယခင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (Union Election Commission – UEC)၏ တရားဝင်ထုတ်ပြန်ခဲ့သော မဲစာရင်းများအပေါ် စိစစ်တွေ့ရှိချက်များအရ မဲမသမာမှုပြုလုပ်နိုင်သည့် မဲစာရင်းပေါင်း ၁၀,၄၈၂,၁၁၆ (ဆယ်သန်း လေးသိန်းကျော်) ရှိခဲ့သည်။ ယခင် UEC ၏ တရားဝင်ထုတ်ပြန်ချက်အရ မဲပေးပိုင်ခွင့်ရှိသူဦးရေ (၃၈) သန်းရှိပြီး ၎င်းအနက် (၁၀)သန်းကျော် မဲမသမာမှုဖြစ်နိုင်ကြောင်း စိစစ်တွေ့ရှိခဲ့ရမှုမှာ မဲပေးပိုင်ခွင့်ရှိသူ လူပမာဏ၏ လေးပုံတစ်ပုံကျော် (၂၅ % ကျော်) ဖြစ်သည်။

မဲစာရင်းကွာဟမှုများစတင်တွေ့ရှိခဲ့သည့်အချိန်ကပင် ယခင် UEC အနေဖြင့် ဖြေရှင်းဆောင်ရွက်ပေးရန် တပ်မတော်နှင့် နိုင်ငံရေးပါတီများက တောင်းဆိုခဲ့သော်လည်း ငြင်းဆန်ခဲ့သည်။ မဲစာရင်းစိစစ်တွေ့ရှိချက်နှင့် စပ်လျဉ်းသည့် တပ်မတော်၏ထုတ်ပြန်ချက်များအပေါ်တွင်လည်း **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✻**

# ပုံမှန်ပြေးဆွဲနေသော ရထားများ အမြန်ပြန်လည်ပြေးဆွဲပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်



နေပြည်တော် ဖေဖော်ဝါရီ ၂၈

**ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် မြန်မာ့မီးရထားမှ တာဝန်ရှိသူများ၊ စီမံကိန်းရှိ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း အဆင့်(၁)ဖြစ်သည့် ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်းကို ယနေ့နံနက်ပိုင်းတွင် သွားရောက်ကြည့်ရှုစစ်ဆေးသည်။** စာမျက်နှာ ၄ ကော်လံ ၁ သို့ ❍

## ကြေးမုံ ယနေ့ ဖတ်စရာ


**လူမှာအရေးအကြီးဆုံးအရာ**

ဆောင်းပါး စာမျက်နှာ » ၆

**CDM မှာ ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ပထမဆုံး လူမှုစီးပွားဘဝအခက်အခဲတွေကို ကြုံတွေ့ရတာက အခြေခံပြည်သူလူထုပါပဲ။ ဒါကြောင့် ပြည်သူလူထုရဲ့ ဘဝများစွာအတွက် CDM လှုပ်ရှားမှုကို ဆက်လက်မဆောင်ရွက်စေချင်တော့ဘူး**

တွေ့ဆုံမေးမြန်း စာမျက်နှာ » ၈

**အဖျက်အမှောင့်လုပ်ငန်းများကို မင်းမဲ့စရိုက်ဆန်စွာဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်လာသဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

စာမျက်နှာ » ၁၈

ကြေးမုံ

# တပို့တွဲလ ပေါက်လဲပန်းငုံစီနှင့် ထမနဲ

တပို့တွဲလမှာ မြန်မာတို့အလိုအားဖြင့် ကုံရာသီဖြစ်သည်။ မာဃနက္ခတ်နှင့် စန်းယှဉ်သည်။ ပေါက်ပန်း၊ လဲပန်းတို့ ပွင့်ကြသည်။ ယာဂု(ထမနဲ) ကျိုသည့်ပွဲနှင့်မီးပုံပွဲ ကျင်းပသည်။ ဝေါဟာရတ္ထပကာသနီကျမ်း၌ တပို့တွဲလဟူသော ဝေါဟာရအမည်နာမကို "လယ်ယာလုပ်သားတို့ ထမ်းပိုးဆွဲထားသည်ကို အစွဲပြု၍ တပိုးဆွဲလဟုဆိုသည်။ တပို့တွဲမှာ တွဲလျားရှိစေသည့်အနက်ကို ယူရမည်"ဟု ဖွင့်ဆိုထားသည်။

ထမ်းပိုးကို တွဲလျားဆွဲထားသောလဟု ဆိုလိုသည်။ တပို့တွဲလဟူသည့် ကုံရာသီဟူသည်မှာ အိုးတောကူမ္ဘသဒ္ဒါတွင် -ဘ- အက္ခရာကို ချေ၍ မြန်မာလို ကုံရာသီဟု ခေါ်ခြင်းဖြစ်သည်။ အိုးကိုထမ်းသည့် ယောကျ်ားသဏ္ဌာန်နှင့်တူသော ရာသီပင်တည်း။ ကုံရာသီမှာ မာဃနက္ခတ်နှင့်စန်းယှဉ်၍ လပြည့်သောကြောင့် ပါဠိလို "မာဃ မာသ" ဟုခေါ်၏။ ဟိန္ဒူတို့လည်း ဤတပို့တွဲလကို မာဃဟုပင် ခေါ်ကြသည်။

တပို့တွဲလတွင် ပေါက်ပန်းနှင့် လဲပန်းတို့ ပွင့်ကြသည်။ ပေါက်ပန်းနှင့်လဲပန်းဟု ဆိုကြသော်လည်း ပေါက်ပန်းနှင့် လဲပန်းမှာ တခြားစီဖြစ်သည်။ ပေါက်ပန်းကို ပေါက်ပင်က ပွင့်သည်။ လဲပန်းကို လက်ပံပင်က ပွင့်သည်။ လဲပန်းကို လက်ပံပင်က ပွင့်သော်လည်း လက်ပံပန်းဟု မခေါ်ကြ၊ လဲပန်းဟုသာ ခေါ်ကြသည်။ အကြောင်းကား လက်ပံသီးမှ လဲကိုရကြသည်။ ထို့ကြောင့် လက်ပံပင်ကို လဲပင်ဟုလည်း ခေါ်ကြသည်။ ယင်းအပင်မှ ပွင့်သောပန်းလည်း လဲပန်းဟုပင် ခေါ်ကြသည်။

ရှေးမြန်မာတို့သည် ပေါက်ပင်ကိုကြည့်ပြီး လောကသဘာဝနှင့် တင်စားကာ "တိုင်းရေးပြည်ရေး၊ ပေါက်နှင့် ကျေး" ဟု စကားပုံပြုလုပ်ပြောဆိုကြသည်။ အဓိပ္ပာယ်မှာ ပေါက်ရွက်မှာ စိမ်းသည်၊ အပွင့်က နီသည်။ ထို့အတူ ကျေးသား၏အမွေးအတောင်တို့လည်း စိမ်းသည်၊ နှုတ်သီးက နီသည်။ ထို့ကြောင့် ပေါက်ပန်းပွင့်သောအခါ ပေါက်ပင်၌ ကျေးနားလျှင် ပေါက်နှင့် ကျေးကို ခွဲခြားမရအောင်ဖြစ်ရသည်။ ထို့အတူ တိုင်းရေးပြည်ရေးနိုင်ငံရေးလည်း ထင်ရှားပြတ်သားစွာ ခွဲခြားမရဟု ဆိုလိုသည်။

လဲပန်းပွင့်သော လက်ပံပင်နှင့်ပတ်သက်၍လည်း "လက်ပံပင် ဆက်ရက်ကျသလို" ဟု ဆိုတတ်ကြသည်။ လက်ပံပွင့်၌ ချိုမြသော ဝတ်ရည်ရှိသည်၊ ဝတ်ရည်မှာချိုသော်လည်း သောက်သုံးလျှင် မူးယစ်စေတတ်သည်။ ထို့ကြောင့် လက်ပံပွင့်ချိန်တွင် လက်ပံပင်မှာ ငှက်မျိုးစုံတို့၏ ဘုံဆိုင်သဖွယ် ဖြစ်နေသည်။ ငှက်တို့သည် လက်ပံပွင့်ပန်းဝတ်ရည်ကို သောက်သုံးပြီး မူးယစ်သောအခါ တသဲသဲတသောသောဆူညံ၍ လက်ပံပင်ဆက်ရက်ကျသည်ဟု ဆိုကြသည်။

တပို့တွဲလမှာ ယာဂုကျိုသောပွဲ ဆင်နွှဲကြသည်။ သက္ကတဘာသာ ဆေးကျမ်း၌ ယာဂုကျိုနည်းကို ဆန်တစ်ဆမှာ ရေခြောက်ဆထည့်၍ ကျိုရမည်ကို ဆိုသည်။ ယာဂုသည် ဝမ်းမီးကို တောက်စေသည်။ ကြေလွယ်သည်။ ရေငတ်ခြင်းကို နိုင်သည်။ ဆီးကို ရှင်စေသည်။ ပင်ပန်းခြင်း၊ နွမ်းနယ်ခြင်းကို ဖျောက်နိုင်သည်။ အဖျားနာ၊ ဝမ်းနာနှင့် သင့်သည်။

အခြားတစ်နည်းမှာ ကောက်ညှင်းဆန်၊ ဆီ၊ ဆား စသည်တို့ဖြစ်သည်။ ယင်းတို့ကိုကျိုပါလျှင် ယနေ့အခေါ် ထမနဲဖြစ်မည်။ အချို့က နှမ်းမနဲဟုလည်း ခေါ်သည်။ ထမနဲ စုပေါင်းထိုးသည့်ကာလလည်း ဖြစ်သည်။ မီးပုံပွဲကိုမူ လူသိနည်းနေပြီ။ တပို့တွဲလသို့ရောက်သောအခါ မြတ်စွာဘုရား မီးလှူတော်မူခဲ့ဖူးသည်ကို ရည်မှန်း၍ ရုပ်ပွားတော်တို့ကို အမွေးနံ့သာတို့ဖြင့် လှူဒါန်းပူဇော်ကြကြောင်း သိရသည်။ မည်သို့ပင်ဆိုစေကာမူ ကောင်းသောယဉ်ကျေးမှုအစဉ်အလာများ မပျောက်ပျက်အောင် ထိန်းသိမ်းသင့်ပါကြောင်း။ ။

သင့်စီးပွားရေး အောင်မြင်ဖို့
ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

# (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ် ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော်ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

# ကန်ကြီးထောင့်၌ တောင်သူလယ်သမားနေ့ အခမ်းအနားအတွက် သက်ဆိုင်ရာကဏ္ဍအလိုက်ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်

**ကန်ကြီးထောင့် ဖေဖော်ဝါရီ ၂၈**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စု အနောက်စုကျေးရွာတွင် ကျင်းပမည့် ၂၀၂၁ ခုနှစ် တောင်သူလယ်သမားနေ့အခမ်းအနားအတွက် တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ကြိုတင်ပြင်ဆင်မှုများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တောင်သူလယ်သမားနေ့ အခမ်းအနားတွင် ဖိုးတောင်သူတဲအပါအဝင် ဟင်းသီးဟင်းရွက်စိုက်ခင်းများ၊ ငရုတ်နှင့် ဆီထွက်သီးနှံစိုက်ခင်းများ၊ ပဲမျိုးစုံစိုက်ခင်းများ၊ ပြောင်းစိုက်ခင်းများကို ပြသသွားမည်ဖြစ်ပြီး စိုက်ပျိုးနည်းစနစ်များဆိုင်ရာ တောင်သူအသိပညာပေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကြည်မိုးထံမှ သိရသည်။

၂၀၂၁ ခုနှစ် မတ် ၂ ရက်တွင် ကျင်းပသွားမည့် တောင်သူလယ်သမားနေ့ အခမ်းအနားကို စိတ်ပါဝင်စားသူမည်သူမဆိုလာရောက်ကြည့်ရှု လေ့လာနိုင်ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)



ကြေးမုံ

| | | | |
|---|---|---|---|
| စာတည်းမှူးချုပ် | - ဦးစိုးစိုးနိုင် | အငယ်တန်း | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ |
| စာတည်းမှူး | - ဦးဝင်းနိုင် | သတင်းထောက်များ | ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး |
| သတင်းထောက်မှူး | - ဦးမြင့်စိုး | | |
| စာတည်းများ | - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး | ဓာတ်ပုံသတင်းထောက် | - ဦးခင်မောင်ဝင်း |
| | | သုတေသန | - ဒေါ်ဇင်မာဝင့် |
| | | စာပြင် | - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့ |
| ဘာသာပြန်စာတည်းများ | - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော် | စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့ |
| အကြီးတန်းသတင်းထောက်များ | - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း | အီးမေးလ်နှင့် အွန်လိုင်း | - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့ |

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၁၃၉၁

# နေပြည်တော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်

**နေပြည်တော်သည် မိမိတို့နိုင်ငံ၏ မြို့တော်ဖြစ်သဖြင့် ယခုထက်ပိုမိုတိုးတက် စည်ကားအောင် ကြိုးပမ်းဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့နိုင်ငံ၏ အချက်အချာကျသောနေရာတွင် တည်ထားခြင်းကြောင့် ပညာသင်ကြားရေးအပါအဝင် စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများအပြင် အခြားသောသဘာဝပတ်ဝန်းကျင်မထိခိုက်စေနိုင်သည့် စက်ရုံ၊ အလုပ်ရုံများအား ဖွင့်လှစ်နိုင်ရေး ပြည်တွင်း၊ ပြည်ပ ရင်းနှီးမြှုပ်နှံသူများအား ဖိတ်ခေါ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ နေပြည်တော်၌ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် ဉာဏ်တော် ၈၁ ပေရှိ ကမ္ဘာ့အကြီးဆုံး စကျင်ကျောက်ဆစ်ရုပ်ပွားတော်ကြီးအား တည်ထားကိုးကွယ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း၊ နေပြည်တော် ပြည်ထောင်စုနယ်မြေ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားလုံးက ဝိုင်းဝန်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၂၅-၂-၂၀၂၁ ရက်နေ့တွင် ကျင်းပသည့် စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး(၂/၂၀၂၁)တွင် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

**✻ ရှေ့ဖုံးမှ**

ရေငုံနှုတ်ပိတ်နေခဲ့သည်။ တရားဝင်မဲစာရင်းကိုလည်း ချပြရှင်းလင်းရန် ပျက်ကွက်ခဲ့သည်။

ရွေးကောက်ပွဲပြဿနာများကို လွှတ်တော်မျက်နှာစာတွင် ညှိနှိုင်းဆွေးနွေးအဖြေရှာနိုင်ရေးအတွက် လွှတ်တော်အထူးအစည်းအဝေး တစ်ရပ် ခေါ်ယူကျင်းပပေးရန် နိုင်ငံရေးပါတီများနှင့် တပ်မတော်သား ကိုယ်စားလှယ်များ စုပေါင်း၍ ပြည်ထောင်စုလွှတ်တော်နာယကထံသို့ အခြေခံဥပဒေနှင့်အညီ စာရေးသားပေးပို့ တောင်းဆိုခဲ့သော်လည်း ငြင်းပယ်ခဲ့သည်။

အမှန်အားဖြင့် ပြည်ထောင်စုလွှတ်တော်နာယကအနေဖြင့် အခြေခံဥပဒေအရ အနည်းဆုံး ကိုယ်စားလှယ် ၂၅ ရာခိုင်နှုန်းက အထူးအစည်းအဝေးခေါ်ယူရန် တောင်းဆိုပါက ငြင်းဆိုပိုင်ခွင့်မရှိပါ။ ယင်းအခြေအနေများနှင့် စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးအဖြေရှာနိုင်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး ခေါ်ယူကျင်းပပေးရန် နိုင်ငံတော်သမ္မတထံ စာဖြင့်တင်ပြခဲ့သော်လည်း ခေါ်ယူကျင်းပခဲ့ခြင်းမရှိပါ။

ထို့ကြောင့် အဆုံးအဖြတ်ပေးနိုင်မည့်သူထံ ကိုယ်ရေးစာဖြင့် ရေးသားပေးပို့ခဲ့သည်။ အစိုးရအဖွဲ့ကိုယ်စားလှယ်က တပ်မတော်နှင့် လာရောက်ဆွေးနွေးသည့်အတွက် အခြေအနေ အကျိုးအကြောင်းများကို ရှင်းပြခဲ့သည်။ အစိုးရကိုယ်စားလှယ်များက တပ်မတော်မှ ရှင်းပြခဲ့သည့် အခြေအနေများကို နားလည်လက်ခံသော်လည်း အဆုံးအဖြတ်ပေးနိုင်သူထံ ပြန်လည်တင်ပြသည့်အခါ အဖြေမရရှိခဲ့ပါ။

ထို့ကြောင့် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအစည်းအဝေး ခေါ်ယူကျင်းပပေးရန် ဒုတိယအကြိမ်တင်ပြတောင်းဆိုခဲ့သော်လည်း **“သမ္မတနှင့် လွှတ်တော်တွင် ဆုံးဖြတ်ပိုင်ခွင့်မရှိ၊ UEC နှင့်သာ သက်ဆိုင်ကြောင်းနှင့် UEC နှင့်သာ ရှင်းရန်လိုသည်”** စသည်ဖြင့်သာ အကြောင်းပြန်ခဲ့သည်။

တပ်မတော်အနေဖြင့် ဒီမိုကရေစီစနစ်ကို မယိမ်းမယိုင် ပိုမိုခိုင်မာစေရေးအတွက် အမျိုးသားနိုင်ငံရေးဦးဆောင်မှု အခန်းကဏ္ဍမှ ဝိုင်းဝန်းထိန်းကျောင်းရန် တာဝန်ရှိသည့် အားလျော်စွာ ဒီမိုကရေစီ၏အသက်ဖြစ်သည့် ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအပေါ် လွတ်လပ်၍ တရားမျှတမှုရှိစေရန် ဥပဒေနှင့်အညီထောက်ပြမှုများပြုလုပ်ခဲ့သည်။ ထို့အပြင် နိုင်ငံရေးယဉ်ကျေးမှုတစ်ရပ်ဖြစ်သည့် ညှိနှိုင်းအဖြေရှာသည့်နည်းလမ်းဖြင့် ဖြေရှင်းနိုင်ရန်လည်း ကြိုးပမ်းဆောင်ရွက်ခဲ့သည်။

ရွေးကောက်ပွဲများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ အာဏာပေးနှင့် အာဏာပိုင်မေး စာချွန်တော်အမိန့်လျှောက်ထားမှုများလည်း ဆုံးဖြတ်ချက်မချရသည့်အခြေအနေတွင် လွှတ်တော်အစည်းအဝေးများအထမြောက်အောင် ကြိုးပမ်းဆောင်ရွက်ခြင်း အပါအဝင် ရွေးကောက်ပွဲပြဿနာများအပေါ် နိုင်ငံတော်သမ္မတက ဖွဲ့စည်းပုံအခြေခံဥပဒေအရ သမ္မတ၏ အခွင့်အာဏာကို ထိုက်သင့်သလို ကျင့်သုံးဆောင်ရွက်နိုင်ပါလျက် အရေးယူဆောင်ရွက်မှု တစ်စုံတစ်ရာမျှ မရှိလောက်အောင် ပျက်ကွက်ခဲ့ပါသည်။ ယင်းပျက်ကွက်ခဲ့မှုသည် ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို ဖောက်ဖျက်ကျူးလွန်ခြင်း၊ ဥပဒေအရပေးအပ်သောတာဝန်ကို ကျေပွန်စွာမဆောင်ရွက်ခြင်းနှင့် အခြားသော အကြောင်းကိစ္စများကို ကျူးလွန်ထားခြင်းအကြောင်းများကြောင့် **ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၃၊ ပုဒ်မခွဲ (က)အရ** နိုင်ငံတော်သမ္မတရာထူးနေရာလစ်လပ်သည့် အခြေအနေတွင် ဒုတိယသမ္မတ(၁)မှ ယာယီသမ္မတအဖြစ်တာဝန်ယူ၍ နိုင်ငံတော်၏ အခြေအနေအရပ်ရပ်အပေါ် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီနှင့် ညှိနှိုင်းဆွေးနွေးကာ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော်တာဝန်များကို တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ထံ လွှဲအပ်ခဲ့ခြင်းဖြစ်သည်။

မျက်မှောက်ကမ္ဘာတွင် နိုင်ငံရေးပဋိပက္ခများကြောင့် ဖြစ်ပေါ်လာသည့် ဆူပူဆန္ဒပြမှုများကို နိုင်ငံအချို့သည် ပြင်းထန်စွာ အင်အားသုံးဖြေရှင်းလေ့ရှိသော်လည်း လက်ရှိမြန်မာနိုင်ငံတွင် ဖြစ်ပေါ်လျက်ရှိသော ဆူပူဆန္ဒပြမှုများနှင့်ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် အင်အားသုံးဖြေရှင်းမှုနည်းလမ်းကို တတ်နိုင်သမျှ ရှောင်ကြဉ်ကာ အပြည်ပြည်ဆိုင်ရာဥပဒေ၊ ပြည်တွင်းဥပဒေများနှင့်အညီ ထိခိုက်မှုအနည်းဆုံးဖြစ်အောင် စနစ်တကျ ဖြေရှင်းဆောင်ရွက်လျက်ရှိသည်။

နိုင်ငံတကာတွင်ဖြစ်ပေါ်ခဲ့သည့် စစ်ဘက်မှအာဏာသိမ်းမှုများကဲ့သို့ ယနေ့မြန်မာနိုင်ငံတွင် ဖွဲ့စည်းပုံအခြေခံဥပဒေကို ဖျက်သိမ်းမှုမရှိဘဲ အခြေခံဥပဒေနှင့်အခြားတည်ဆဲဥပဒေများကို လိုက်နာဆောင်ရွက်လျက်ရှိခြင်း၊ စစ်အင်အားကို အလွန်အကျွံအသုံးပြု၍ မတည်ငြိမ်မှု၊ ဆူပူမှုများကို အပြင်းအထန် နှိမ်နင်းမှုမပြုခြင်း၊ ဒေသန္တရအုပ်ချုပ်ရေးများတွင် စစ်အုပ်ချုပ်ရေးပုံစံဖြင့် အုပ်ချုပ်မှုမရှိဘဲ အရပ်သား၊ တိုင်းရင်းသားများပါဝင်သော စီမံအုပ်ချုပ်ရေးအဖွဲ့အစည်းများကိုသာ ဗဟိုအဆင့်မှ အောက်ခြေအဆင့်အထိ ဖွဲ့စည်းအုပ်ချုပ်လျက်ရှိခြင်း စသည်တို့ကို ထောက်ရှုပါက လက်ရှိနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်ကာလတွင် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဝင်ရောက်ထိန်းသိမ်း စီမံဆောင်ရွက်ပေးနေခြင်းသာဖြစ်ကြောင်း ထင်ရှားလျက်ရှိသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေပါ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံတော်တာဝန်များကို ပြီးမြောက်အောင် ဆောင်ရွက်ပြီးသည့်အခါ လွတ်လပ်၍ တရားမျှတသော အထွေထွေရွေးကောက်ပွဲအား ပြုလုပ်ကျင်းပပေးသွားမည်ဖြစ်ပြီး အဆိုပါရွေးကောက်ပွဲတွင် အနိုင်ရ နိုင်ငံရေးပါတီအား နိုင်ငံတော်တာဝန်ကို ပြန်လည်လွှဲပြောင်းပေးသွားမည်ဖြစ်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**ရက်စွဲ၊ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်။**

## အကြောင်းအမျိုးမျိုးကြောင့်နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော နိုင်ငံ့ဝန်ထမ်းများသို့အသိပေးကြေညာချက်

၁။ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားတစ်ခုလုံးကို ကောင်းမွန်စွာ သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်နေကြရသူများဖြစ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးစနစ်များ၊ အစိုးရများ မည်သို့ပင်ပြောင်းလဲစေကာမူ နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရားအား စဉ်ဆက်မပြတ် သက်ဝင်လှုပ်ရှားစေရန် ဆောင်ရွက်ကြရပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေနှင့် ဝန်ထမ်းကျင့်ဝတ်တို့အရ ဝန်ထမ်းများသည် အလုပ်ချိန်နှင့် သက်ဆိုင်သည့် စည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်နှင့် သက်ဆိုင်သည့် စည်းကမ်းများနှင့် လုပ်ငန်းခွင်အတွင်း ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းများကိုလည်း လိုက်နာရပါသည်။ ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့်အညီ အရေးယူနိုင်ပါသည်။ ဝန်ထမ်း၏ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့် ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူဆောင်ရွက်ရပါသည်။

၂။ သို့ပါ၍ အကြောင်းအမျိုးမျိုးကြောင့် နိုင်ငံ့တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေကြသော ဝန်ထမ်းများအနေဖြင့် လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် နှိုးဆော်နေသည့်ကာလအတွင်း မိမိတို့၏လုပ်ငန်းခွင်များသို့ အမြန်ဆုံးပြန်လည်ဝင်ရောက်ကြပါရန် အသိပေးကြေညာအပ်ပါသည်။

## ကျန်းမာရေးဝန်ထမ်းများအား ပန်ကြားချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဆရာဝန်များ၊ သူနာပြုများ၊ ဆေးဘက်ဆိုင်ရာကျွမ်းကျင်ဝန်ထမ်းများ၊ အခြားသော အထောက်အကူပြုဝန်ထမ်းအသီးသီးတို့သည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ Coronavirus Disease 2019 (COVID–19) ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို ရှေ့တန်းမှစွမ်းစွမ်းတမံ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့မှုများကြောင့် ဂုဏ်ပြုမှတ်တမ်းတင်အပ်ပါသည်။

၂။ ယခုအချိန်အခါသည် COVID–19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေးရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ထမ်းဆောင်ကြပါရန် အလေးအနက်ထား တိုက်တွန်းနှိုးဆော်ပန်ကြားအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်၏ ဆန္ဒမဲပေးမှုများကို စစ်ဆေးခဲ့သည်။

၂။ စစ်ဆေးတွေ့ရှိချက်များအရ ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ်တွင် ယခင်ရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ကြေညာခဲ့သည့် မဲဆန္ဒရှင်စာရင်းမှာ ၁၀၀၂၆၇ ဦး ဖြစ်ပြီး အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၏ ၂၀၂၀ ပြည့်နှစ်၊ နိုဝင်ဘာလစာရင်းအရ အသက် ၁၈ နှစ် ပြည့်ပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများမှာ ၉၄၅၁၂ ဦး ဖြစ်သည်။ မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူများမှာ ၃၃၇၅ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက် ပါဝင်နေသူများမှာ ၆၅၈ ဦး၊ ၂ ကြိမ် ပါဝင်နေသူများမှာ ၁၀၀၉၄ ဦး ဖြစ်သည်။

၃။ မြို့နယ်အလိုက် စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံ အရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ် နှင့်အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ကယားပြည်နယ်၊ လွိုင်ကော်မြို့နယ် မဲရုံပေါင်း ၈၁ ရုံ | ၁၀၀၂၆၇ | ၉၄၅၁၂ | ၃၃၇၅ | ၆၅၈ | ၁၀၀၉၄ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

**○ ရန်ကုန်-တောင်ငူမှ**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ရန်ကုန်-တောင်ငူ ရထားလမ်းပိုင်း အဆင့်မြှင့်တင်ရေးစီမံကိန်း၏ တောင်ငူ-ညောင်လေးပင်လမ်းပိုင်း (CP-103) စီမံကိန်း (အုတ်တွင်း) ရှင်းလင်းဆောင်သို့ ရောက်ရှိရာ မြန်မာ့မီးရထား၊ တိုင်းအမှတ် (၅) တောင်ငူမှ တိုင်းအရာရှိများ၊ တိုင်းအမှတ် (၆) ရန်ကုန်မှ တိုင်းအရာရှိများနှင့် တွေ့ဆုံသည်။

**ရှင်းလင်းတင်ပြ**

တွေ့ဆုံစဉ် စီမံကိန်းအင်ဂျင်နီယာများနှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများ၊ ဆောင်ရွက်ရန် ကျန်ရှိသည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက ရထားလမ်းစီမံကိန်း ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ လိုအပ်ချက်များရှိပါက သိရှိ ဖြည့်ဆည်းပေးနိုင်ရေးလာရောက်ခြင်းဖြစ်ကြောင်း၊ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေးတွင် မီးရထားကဏ္ဍဖွံ့ဖြိုးရေးသည် အရေးကြီးပြီး ရထားပို့ဆောင်ရေးလုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ကြသော ဝန်ထမ်းများ အဆင့်အတန်းအားလုံးသည် နိုင်ငံတော်၏ အဓိကအရေးပါသည့် လုပ်ငန်းကို ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ ယခုလို အားထုတ်ဆောင်ရွက်နေမှုများကို ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ ပို့ဆောင်ရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများသည် နှစ်ရှည်ပင်မစီမံကိန်းရေးဆွဲခြင်း၊ စီမံကိန်းများအတွက် အသေးစိတ်လေ့လာမှုဆောင်ရွက်ခြင်း၊ လေ့လာမှု ရလဒ်အပေါ် အခြေခံ၍ အကောင်အထည်ဖော်ခြင်း အချိန်ကာလကြာမြင့်စွာ ပြင်ဆင်ရသည်ကို သိရှိကြမည်ဖြစ်ကြောင်း၊ အခြေခံအဆောက်အအုံများကို ရေရှည်တည်တံ့ရန်အတွက် ဆောင်ရွက်ရမည်ဖြစ်၍ အရည်အသွေးစံချိန်စံညွှန်း ပြည့်မီစွာ ဆောင်ရွက်ကြရန် စီမံကိန်းများကို အကောင်အထည်ဖော်ရာတွင် ပြည်တွင်းပုဂ္ဂလိကများ၏ နည်းပညာနှင့် ရင်းနှီးမြှုပ်နှံမှု၊ ပြည်ပမိတ်ဆွေနိုင်ငံများ၏ ချေးငွေများနှင့် အကောင်အထည်ဖော်ရခြင်းဖြစ်၍ တာဝန်ရှိသူအဆင့်အဆင့်အနေဖြင့် စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းခွင်ဘေးအန္တရာယ်ကင်းရှင်းစေရေး၊ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေး၊ ဘဏ္ဍာငွေများကို အကျိုးရှိစွာဆောင်ရွက်ရေး၊ ပြည်ပနိုင်ငံ နည်းပညာများရရှိရေးအတွက် ကြိုးစားလေ့လာသင်ယူဆောင်ရွက်ကြရေး၊ ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းကောင်းပီသစွာ ကဏ္ဍအလိုက် တာဝန်ကို ကျေပွန်စွာထမ်းဆောင်ကြစေရေး၊ ပုံမှန် ပြေးဆွဲနေသော ရထားများ အမြန်ပြန်လည် ပြေးဆွဲပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်ရေး၊ လက်ရှိတွင် ကိုဗစ်-၁၉ ကာလ ကျန်းမာရေးဆိုင်ရာ ကန့်သတ်ချက်များရင်ဆိုင်ကြုံတွေ့နေရသော်လည်း မြန်မာ့မီးရထားမှ အရာထမ်း၊ အမှုထမ်းများနှင့် လုပ်ငန်းကန်ထရိုက်တာများ၊ ကုမ္ပဏီများအနေဖြင့် သတ်မှတ်ချက်အတိုင်း လုပ်ငန်းများ အချိန်မီ ပြီးစီးရေး ကြိုးပမ်းဆောင်ရွက်မှုများအပေါ် အသိအမှတ်ပြုပါကြောင်း ပြောကြားသည်။

**လိုအပ်သည်များမှာကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရှင်းလင်းဆောင်ဝင်းအတွင်းရှိ သံလမ်း(၈)ချောင်း ဂဟေဆက်လုပ်ငန်းခွင်သို့ ရောက်ရှိပြီး သံလမ်းဆက်လုပ်ငန်းများနှင့် ပတ်သက်၍ အထွေထွေမန်နေဂျာ ဦးမောင်မောင်သွင်က ရှင်းလင်းပြသခဲ့ရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များမှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အုတ်တွင်းဘူတာမှ မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ ပိန်းဇလုတ်ဘူတာသို့ ရောက်ရှိပြီးနောက် ပိန်းဇလုတ်ဘူတာမှ တောကျွဲအင်း ဘူတာအထိ ၁၇ ဒသမ၂၅ မိုင်အား သံလမ်းပြေးယာဉ် (RGC) ဖြင့် သံလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တောကျွဲအင်းနှင့် ကညွတ်ကွင်းဘူတာကြားရှိ တံတားအမှတ်(၁၈၃)သို့ ရောက်ရှိ၍ တံတားတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ မြေသားလုပ်ငန်းဆောင်ရွက်နေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြချက်များအပေါ် လုပ်ငန်းလိုအပ်ချက်များကို မှာကြားသည်။

**မှာကြား**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် ဖြူးဘူတာသို့ ရောက်ရှိပြီး ဖြူးဘူတာတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး ဖြူးဘူတာရှိ ဝန်ထမ်းများကို တွေ့ဆုံ၍ ဖြူးဘူတာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်ပေးရန်နှင့် ဝန်ထမ်းများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကိုလိုက်နာပြီး တာဝန်များကိုကျေပွန်စွာ ထမ်းဆောင်ကြရေး မှာကြားပြီး စားသောက်ဖွယ်ရာများပေးအပ်သည်။ ထို့နောက်တိုင်းအမှတ် (၆)မှ တာဝန်ရှိသူများကို ရန်ကုန်-မန္တလေး ရထားလမ်းများ ပုံမှန်ပြန်လည် ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ရန် မှာကြားသည်။ ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မော်တော်ယာဉ်များဖြင့် ဆက်လက်ထွက်ခွာရာ တံတားအမှတ် (၂၀၃)သို့ ရောက်ရှိ၍ တံတားကြီး တည်ဆောက်နေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ လုပ်ငန်းလိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင် နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဇမ္ဗူသီရိအထူးကုဆေးရုံကြီး၏ လုပ်ငန်းဆောင်ရွက်မှုများ ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဒေါက်တာမောင်မောင်နိုင်သည် နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့ နံနက်ပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဇမ္ဗူသီရိအထူးကုဆေးရုံကြီးသို့ သွားရောက်စစ်ဆေးခဲ့ရာ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင်ဌေးက ဆေးရုံအစည်းအဝေးခန်းမတွင် ဇမ္ဗူသီရိအထူးကုဆေးရုံ၏ ဖွဲ့စည်းပုံ၊ ဆေးရုံ အဆောက်အအုံဖွဲ့စည်းတည်ဆောက်ပုံ၊ နေပြည်တော်နှင့် နေပြည်တော်အနီးတစ်ဝိုက်ရှိ အများပြည်သူများသို့ သင့်တင့်သောဆေးကုသစရိတ်ကျခံ၍ ခေတ်မီစက်ပစ္စည်းကိရိယာများဖြင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးနိုင်မှုများကို ရှင်းလင်းတင်ပြသည်။



**ဖြည့်ဆည်းဆောင်ရွက်ပေး**

ယင်းနောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြို့တော်ဝန်နှင့်အဖွဲ့သည် ဆေးရုံအတွင်း ပြင်ပလူနာဌာန၊ အထူးကုသဆောင်များ၊ ရောဂါရှာဖွေရေးစက်ကိရိယာဆောင်များ၊ ခွဲစိတ်ဆောင်များနှင့် ဓာတ်ခွဲခန်းများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ရာ အထူးကုဆရာဝန်ကြီးများက ရှင်းလင်းတင်ပြခဲ့ကြပြီး မြို့တော်ဝန်က လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**
**အမိန့်အမှတ် ၂၅/၂၀၂၁**
**၁၃၈၂ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၂ ရက်**
**(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၈ ရက်)**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် ကူးစက်ရောဂါများ ကာကွယ်နှိမ်နင်းရေးဥပဒေ ပုဒ်မ ၂၁ ပုဒ်မခွဲ (ခ)ပါ လုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ ဤအမိန့်ကို ထုတ်ပြန်လိုက်သည်။

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် လတ်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါ (Coronavirus Disease 2019 – COVID–19) ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်လျက်ရှိရာ ရောဂါကူးစက်ပျံ့နှံ့မှုကို ပိုမိုထိရောက်စွာ ထိန်းချုပ်နိုင်ရန် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများအနေဖြင့် မိမိနေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ယင်းသို့ Stay at Home အစီအစဉ်တွင် အကျုံးဝင်ကြောင်း ကြေညာခဲ့သည့် ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် အောက်ပါအခြေအနေများကို တွေ့ရှိရပါသည်–

(က) ၂၀၂၁ ခုနှစ်၊ ဇန်နဝါရီလဆန်းပိုင်းမှစ၍ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာများ တွေ့ရှိမှု သိသိသာသာကျဆင်းလာခြင်း၊

(ခ) ဓာတ်ခွဲအတည်ပြုလူနာများမှလည်း လူတစ်ဦးမှတစ်ဦးသို့ အစုလိုက်ကူးစက်ဖြစ်ပွားမှု မရှိခြင်း၊

(ဂ) Stay at Home အစီအစဉ် ဆောင်ရွက်စဉ်ကာလအတွင်း ကျန်းမာရေးအသိပညာ မြှင့်တင်ခြင်းလုပ်ငန်းများအား သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပြည်သူများက အလေးထားဆောင်ရွက်ခဲ့ခြင်း၊

(ဃ) မြို့နယ်အုပ်ချုပ်ရေးအဖွဲ့များ၊ ကျန်းမာရေးဌာနမှဝန်ထမ်းများ၊ နီးနွယ်သည့်ဌာန၊ အဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပြည်သူလူထုက ရောဂါကာကွယ်၊ ထိန်းချုပ်ရေး လုပ်ငန်းများတွင် တက်တက်ကြွကြွပါဝင်ဆောင်ရွက်ခဲ့ခြင်း။

၃။ ယခုအခါ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် အပိုဒ် (၂) ပါ အချက်များနှင့် ကိုက်ညီကြောင်း တွေ့ရှိရသည့်အပြင် ရောဂါထိန်းချုပ်မှုနှင့်စပ်လျဉ်း၍ တိုးတက်မှုရှိသည်ကို တွေ့ရှိရသဖြင့် ၁–၃–၂၀၂၁ ရက်နေ့၊ ၀၄:၀၀ နာရီအချိန်မှစ၍ ယင်းမြို့နယ်များတွင်နေထိုင်သည့် ပြည်သူများအနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်လိုက်သည်။

**ဒေါက်တာသက်ခိုင်ဝင်း**
**ပြည်ထောင်စုဝန်ကြီး**

# ဖေဖော်ဝါရီ ၂၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ခြောက်ဦး တွေ့ရှိ

## COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း
(၂၈–၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၂၇–၂–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၈–၂–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁,၁၀၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၆) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၉၀,၉၈၉) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၈၉၆) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၄၈၀) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျတပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့်လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်"အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၉၂၀၃၀၈၆ | ၁၉၆၃၂၅၆၄ | ၅၂၄၆၇၇ |
| ၂။ | အိန္ဒိယ | ၁၁၀၉၇၁၃၄ | ၁၀၇၇၅၁၆၉ | ၁၅၇၀၉၂ |
| ၃။ | ဘရာဇီး | ၁၀၅၁၇၂၃၂ | ၉၃၈၆၄၄၀ | ၂၅၄၂၆၃ |
| ၄။ | ရုရှား | ၄၂၄၆၀၇၉ | ၃၈၁၁၇၉၇ | ၈၆၁၂၂ |
| ၅။ | ဗြိတိန် | ၄၁၇၀၅၁၉ | ၂၈၄၆၂၀၈ | ၁၂၂၇၀၅ |
| ၆။ | ပြင်သစ် | ၃၇၃၆၀၁၆ | ၂၅၄၈၆၈ | ၈၆၃၃၂ |
| ၇။ | စပိန် | ၃၁၈၈၅၅၃ | ၂၆၄၇၄၄၆ | ၆၉၁၄၂ |
| ၈။ | အီတလီ | ၂၉၀၇၈၂၅ | ၂၃၉၈၃၅၂ | ၉၇၅၀၇ |
| ၉။ | တူရကီ | ၂၆၉၃၁၆၄ | ၂၅၆၅၇၂၃ | ၂၈၅၀၃ |
| ၁၀။ | ဂျာမနီ | ၂၄၄၄၃၀၃ | ၂၂၄၈၄၀၀ | ၇၀၆၀၈ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်–၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၃၃၄၆၃၄ | ၁၁၄၂၇၀၃ | ၃၆၁၆၆ |
| ၂။ | ဖိလစ်ပိုင် | ၅၇၆၃၅၂ | ၅၃၄၂၇၁ | ၁၂၃၁၈ |
| ၃။ | မလေးရှား | ၃၀၀၇၅၂ | ၂၇၃၄၁၇ | ၁၁၃၀ |
| ၄။ | မြန်မာ | ၁၄၁၈၉၆ | ၁၃၁၄၈၀ | ၃၁၉၉ |
| ၅။ | စင်ကာပူ | ၅၉၉၃၆ | ၅၉၈၁၆ | ၂၉ |
| ၆။ | ထိုင်း | ၂၅၉၅၁ | ၂၅၁၂၈ | ၈၃ |
| ၇။ | ဗီယက်နမ် | ၂၄၄၈ | ၁၈၇၆ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၈၀၅ | ၄၇၇ | ၀ |
| ၉။ | ဘရူနိုင်း | ၁၈၆ | ၁၈၁ | ၃ |
| ၁၀။ | လာအို | ၄၅ | ၄၂ | ၀ |

# ပြည်သူများသို့ ပန်ကြားချက်

၁။ မြန်မာ့စီးပွားရေးဘဏ်သည် နိုင်ငံ့ဝန်ထမ်းလစာများနှင့် အငြိမ်းစားဝန်ထမ်းလစာများအား လစဉ် ထုတ်ပေးမှုကို ဆောင်ရွက်လျက်ရှိပါသည်။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာထုတ်ယူခြင်းကို လစဉ် ရုံးဖွင့်ရက် (၂၁) ရက်နေ့ တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူရန် မလိုအပ်ဘဲ မိမိအဆင်ပြေမည့် အခြားဘဏ်ဖွင့်သည့်ရက်များတွင်လည်း လွယ်ကူအဆင်ပြေစွာ ထုတ်ယူနိုင်ရန် ဆောင်ရွက်ပေးထားပြီး ဖြစ်ပါသည်။

၂။ နိုင်ငံ့ဝန်ထမ်းများ၏ လစာနှင့်စရိတ်များ ထုတ်ယူနိုင်ရန် ဌာနဆိုင်ရာများအနေဖြင့် သတ်မှတ်ထားသည့် နေ့ရက်များအတိုင်း ပုံမှန်လစာထုတ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်ပေးသွားမည်ဖြစ်ပါသည်။

၃။ အငြိမ်းစားဝန်ထမ်းများအနေဖြင့် ပင်စင်လစာငွေများအား လစဉ် (၂၁) ရက် တစ်ရက်တည်းတွင်သာ စုပြုံထုတ်ယူခြင်းအစား လစဉ် (၂၁) ရက်နောက်ပိုင်း ဘဏ်ဖွင့်သည့်ရက်များတွင် ထုတ်ယူခြင်း၊ Mobile Money စနစ် အသုံးပြု၍ နီးစပ်ရာ Mobile Agent များတွင် ထုတ်ယူခြင်းတို့ကို အဆင်ပြေစွာ ထုတ်ယူနိုင်ပါကြောင်း အသိပေးပန်ကြားအပ်ပါသည်။

**မြန်မာ့စီးပွားရေးဘဏ်**

# လူမှာအရေးအကြီးဆုံးအရာ

ဇော်လေး

၁။

လူမှာအရေးအကြီးဆုံးအရာက ဘာလဲ။

လူတွေက ဟိုအရာဒီအရာအမျိုးမျိုးအဖုံဖုံ ကိုယ်ထင်ရာမြင်ရာ ပြောဆိုနေတတ်ကြပေမယ့် တကယ့် အဖြေမှန်ကရှိပြီးသား။ ဒါကိုလျစ်လျူရှုထားရင် မှားဖို့သာရှိပေမယ်။

အငြင်းပွားစရာမရှိ၊ တိတိကျကျ ဂဃနဏ ပြည့်ပြည့်ဝဝ ဖော်ထုတ်နိုင်ခဲ့ပြီးသား ဖြစ်ပါတယ်။ အချိန်ကာလအားဖြင့် လွန်ခဲ့တဲ့နှစ်ပေါင်းနှစ်ထောင့်ငါးရာကျော်အတိတ်မှာ မှတ်သားစရာကောင်းတဲ့ ပုဂ္ဂိုလ်နှစ်ဦးရဲ့ အမေးအဖြေ ဒီစကားတွေဟာ ထင်ရှားပါတယ်။ စိတ်ဝင်စားဖွယ် ကောင်းပါတယ်။

ဆရာအောင်သင်းလည်း ရေးဖူးတယ်။

ဆရာနန္ဒာသိန်းဇံလည်း ရေးဖူးတယ်။

ဆရာမောင်စိန်ဝင်း စာပေဟောပြောပွဲတစ်ပွဲမှာ ဟောပြောတာကိုလည်းကြားနာရဖူးပါတယ်။

ဆရာတော်သံဃာတော်တွေလည်း ကောက်နုတ်ကိုးကား ဟောကြားတော်မူလေ့ရှိပါတယ်။ သို့ပေမယ့် မကြားဖူးတဲ့ လူတွေများနေတယ်။ ဒါကိုဖတ်ဖူးသူကြားဖူးသူတွေရှိပေမယ့်လည်း မသိနားမလည်သူတွေက ဆူဆူညံညံ အော်ဟစ်ပြောဆိုခက်ထန်နေတာကို အတိုက်အခံမငြင်းဆန်လိုတဲ့အတွက် ငြိမ်သက်တိတ်ဆိတ်နေကြတာ ဖြစ်ကောင်းဖြစ်ပေလိမ့်မယ်။ ဒီဃနိကာယ်၊ သီလက္ခန္ဓဝဂ်မှ သောဏဒဏ္ဍသုတ်ဟာ အခြေခံအရင်းခံဖြစ်ပါလိမ့်မယ်။ သိမှတ်ပြီးသား ပုဂ္ဂိုလ်တွေကတော့ နှစ်ထပ်ကြည့်တော့မှတ်မိတာပေါ့နော်။

၂။

“လက်တစ်ဖက်ကို လက်တစ်ဖက်ဖြင့် ဆေးကြောရသကဲ့သို့၊ ခြေတစ်ဖက်ကို ခြေတစ်ဖက်ဖြင့် ဆေးကြောရသကဲ့သို့၊ ထို့အတူ သီလကို ပညာဖြင့် ဆေးကြောရာ၏၊ ပညာကို သီလဖြင့် ဆေးကြောရာ၏၊ သီလရှိသူ၌ ပညာရှိ၏။ ပညာရှိသူ၌လည်း သီလရှိ၏။”

ဂေါတမဗုဒ္ဓမြတ်စွာဘုရား
(သောဏဒဏ္ဍသုတ်၊ ဒီဃနိကာယ်မှ)

အချိန်ကား မဂဓတိုင်းပြည့်ရှင်ဘုရင်ဗိမ္ဗိသာရမင်း စိုးစံချိန်ဖြစ်ပါတယ်။ မဂဓတိုင်းအတွင်းမှာ စမ္ပာဆိုတဲ့မြို့ တစ်မြို့ရှိတယ်။ ဗိမ္ဗိသာရဘုရင်က စမ္ပာမြို့ကို လူအများကချစ်ခင်ကြည်ညိုလေးစားခံရတဲ့ သောဏဒဏ္ဍအမည်ရတဲ့ ပုဂ္ဂိုလ်ကို မြို့စားအဖြစ် ခန့်အပ်တာဝန်ပေးထားခဲ့တယ်။ ရာသီဥတုသာသာယာယာရှိတဲ့နေ့တစ်နေ့။ နေ့ခင်းနေလယ်အချိန်မှာ စမ္ပာမြို့စားသောဏဒဏ္ဍ နေ့လယ်စာစားအပြီး သူနားနေလျောင်းစက်ရာပြာသာဒ်အမြင့်ထက်မှ လမ်းပေါ်မှာ လူအများသစ်လွင်သန့်ပြန့်တဲ့ အဝတ်အစားကိုဝတ်ဆင်ပြီး အစုလိုက်အအုပ်လိုက် ဂဂ္ဂရာရေကန်ဆီသို့သွားနေကြတာ သူတွေ့မြင်ရတယ်။ စမ္ပာမြို့စား သောဏဒဏ္ဍက အမတ်တစ်ယောက်ကိုမေးကြည့်တဲ့အခါ စမ္ပာမြို့သူမြို့သားတွေဟာ ဂဂ္ဂရာရေကန်အနီးရောက်ရှိနေတဲ့ ဂေါတမဗုဒ္ဓ သီတင်းသုံးရာသို့ သွားနေကြတာဖြစ်ကြောင်း သိရတယ်။

ဂေါတမဗုဒ္ဓဟာ အင်္ဂတိုင်းအတွင်း ခရီးလှည့်လည်ရာမှ နောက်ပါရဟန်းများစွာနဲ့ ယနေ့စမ္ပာမြို့သို့ရောက်ရှိနေလို့ ကျော်ကြားထင်ရှားသူဖြစ်တဲ့အတွက် မြို့သူမြို့သားတွေတွေ့မြင်ချင်လို့သွားနေကြတာကိုး။

မြို့စားက မြို့သူမြို့သားတွေနဲ့အတူ သူလည်း ဂေါတမဗုဒ္ဓထံသွားမယ်လို့လည်း ပြောလိုက်ရော ဒီသတင်းဟာ တောမီးပမာလျင်မြန်စွာ တစ်မြို့လုံးပျံ့သွားပြီးအခြားမြို့များမှ စမ္ပာမြို့ကိုရောက်နေကြတဲ့ ပုဏ္ဏားဧည့်သည် ငါးရာလောက်ဟာ လာပြီးတားကြတယ်။

ဗြဟ္မဏပုဏ္ဏားတို့က တစ်ယောက်ပြီးတစ်ယောက် အကျိုးအကြောင်းပြောပြပြီး တားမြစ်ကြတယ်။ အတောမသတ်ဖြစ်နေပါရော။

ဘာပဲပြောပြောစမ္ပာမြို့စား သောဏဒဏ္ဍကတော့ “သမဏဗြဟ္မဏအချို့ ငါတို့မြို့ကိုရောက်လာရင် သူတို့ဟာငါတို့ဧည့်သည်။ ငါတို့က အိမ်ရှင်။ ဧည့်ဝတ်အရ အလေးအမြတ်ပြုရမှာ အကျွန်ုပ်ရဲ့တာဝန်ပေပဲ” လို့ ဖြေကြားပြီး တားတာကိုလက်မခံဘူး။

“တားလို့မရရင် ကျွန်ုပ်တို့လည်းလိုက်ကြမယ်ကွာ” ဆိုပြီး ဧည့်သည်ဗြဟ္မဏပုဏ္ဏား ငါးရာကျော်လည်း စမ္ပာမြို့စားနဲ့အတူ ဘုရားကိုဖူးမြော်ဖို့ လိုက်ပါလာကြတယ်။ သူတို့အားလုံးက ဗုဒ္ဓဘာသာဝင်တွေမဟုတ်ကြပါ။ ဂဂ္ဂရာရေကန်အနီးမှာ ခေတ္တယာယီ သီတင်းသုံးနေတဲ့ မြတ်စွာဘုရားကို သွားရောက်တွေ့ဆုံ မိတ်ဆက်၊ နှုတ်ဆက်ကြတယ်။ ယခင်က မတွေ့မမြင်ဖူးကြဘူး။ တစ်ဦးအကြောင်း တစ်ဦး သတင်းသာကြားရဖူးတာ။ အမည်နဲ့လူကို အခုမှတွေ့ကြပေတာကိုး။

နှုတ်ဆက်စကားတွေပြောဆိုပြီး ပရိသတ်တို့ ဆိတ်ငြိမ်သွားတဲ့အခါ စမ္ပာမြို့စား သောဏဒဏ္ဍဟာ ဂေါတမဗုဒ္ဓက ဘာတွေမေးမှာလဲ။ ဘာတွေမေးရင် ငါဘယ်လိုဖြေရပါ့မလဲအတွေးနဲ့ ဂနာမငြိမ်ဖြစ်နေမိပါတယ်။ စိတ်လှုပ်ရှားတဲ့မျက်နှာ။

မြတ်စွာဘုရားက တည်ငြိမ်ချိုအေးတဲ့အသံနဲ့ မြို့စားကြီးသောဏဒဏ္ဍကို မေးပါတယ်။

“မြို့စားကြီးသောဏဒဏ္ဍ ဘယ်လိုဂုဏ်အင်္ဂါတို့နဲ့ ပြည့်စုံသူကိုမှ သူမြတ် (ဗြဟ္မဏ) လို့ခေါ်ပါသလဲ”

အမေးစကားကိုကြားရတဲ့အခါ ကြိုတင်ပြီး သူစိတ်ပူပန်လာတာတွေ ပျောက်သွားကာ ကျေနပ်ရွှင်လန်းသွားတယ်။ ဒီမေးခွန်းက လွယ်လွယ်လေးပဲ။ သူကောင်းကောင်းဖြေနိုင်တယ်။ သူသိတယ်။

“အရှင်ဂေါတမ၊ ငါးပါးသော ဂုဏ်အင်္ဂါတို့နဲ့ ညီညွတ်ပြည့်စုံသူကို ဗြဟ္မဏရယ်လို့ခေါ်ဝေါ်ပါတယ်”

“ဘယ်လိုဂုဏ်အင်္ဂါငါးပါးလဲ”

“အရှင်ဂေါတမ။ ဒါတွေပါပဲ-

၁။ မျိုးရိုးသန့်စင်သူ ဖြစ်ရမယ်။

၂။ဝေဒကျမ်းတို့ကိုတတ်မြောက်ရပါမယ်။

၃။ရုပ်အဆင်းလှပတင့်တယ်ရမယ်။

၄။သီလမြဲသူဖြစ်ရမယ်။

၅။အသိဉာဏ်ပညာရှိရပါမယ်။”

ပရိသတ်များစွာဟာ အားရဝမ်းသာတဲ့အသံနဲ့ ထောက်ခံသဘောကျကြောင်း တီးတိုးတီးတိုးပြောဆိုကာ သဘောကျနေကြတယ်။ အသံတွေထွက်လာတယ်။

“မြို့စားကြီးသောဏဒဏ္ဍ... တကယ်လို့ အသင်ပြောပြတဲ့ ဂုဏ်အင်္ဂါ ငါးပါးအနက်က ပထမဂုဏ်အင်္ဂါမပါဘဲ ကျန်တဲ့ဂုဏ်အင်္ဂါလေးပါးနဲ့သာ ပြည့်စုံတယ်လို့ဆိုပါစို့။ သို့ဖြစ်လျှင်ကော...ဗြဟ္မဏလို့ ခေါ်နိုင်ပါသလား”

“အရှင်ဂေါတမ.... ခေါ်နိုင်ပါတယ်။ မျိုးရိုးမသန့်သော်လည်း ကျန်တဲ့ ဂုဏ်အင်္ဂါလေးပါး ပြည့်စုံပါကရပါတယ်”

“ဒုတိယ ဂုဏ်အင်္ဂါ မပါရင်ကော...။”

“အရှင်ဂေါတမ.... ဝေဒကျမ်းတွေမတတ်ပါသော်လည်း ကျန်တဲ့ဂုဏ်အင်္ဂါသုံးပါး ပြည့်စုံရင်ရပါတယ်”

“အကယ်၍တတိယဂုဏ်အင်္ဂါမပါရင်ကော”

“အရှင်ဂေါတမ...အဆင်းမလှလည်းရပါတယ်”

ဒီအခါ အနီးရှိပုဏ္ဏားတို့က ထပြီးကန့်ကွက်စကားဆိုကြပါလေရော။ အမျိုးမျိုးအပြစ်တင်တာပေါ့။

“မြို့စားကြီးသောဏဒဏ္ဍ။ ဒီလိုမဖြေသင့်ဘူးလေ။ သင်ကမျိုးရိုးကိုလည်းပစ်ပယ်။ ဝေဒကျမ်းတွေလည်းပစ်ပယ်။ ရုပ်အဆင်းလည်းပစ်ပယ်။ အသင်ဟာရဟန်းဂေါတမရဲ့ နောက်လိုက်ဖြစ်သွားပြီ” စသဖြင့်ကဲ့ရဲ့ကြပါလေရော။

ဒီအခါမှာ ဗုဒ္ဓကကြားဝင်ပြီး-

“ပုဏ္ဏားတို့ မြို့စားကြီးသောဏဒဏ္ဍကို သင်တို့အပြစ်မတင်ကြပါနဲ့။ မြို့စားကြီးမတတ်ကျွမ်းတာကို သင်တို့တတ်ကျွမ်းတယ်ထင်ရင် သင်တို့ငါနဲ့စကားဆိုကြပါ။ ဒီလိုမဟုတ်ဘဲ မြို့စားကြီးသောဏဒဏ္ဍကိုပဲ တတ်ကျွမ်းတယ်ထင်ရင်လည်း သူ့ကိုသာ ငါနဲ့စကားဆက်ပြီးဆိုပါရစေ...” ပုဏ္ဏားအုပ်စု ငြိမ်သက်သွားတယ်။

ဒီအခါ မြို့စားကြီးသောဏဒဏ္ဍက ဂေါတမအားလှမ်း၍ “အရှင်ဂေါတမ၊ နေတော်မူပါ။ ဗြဟ္မဏတို့ကို ကျွန်ုပ်ပင် အကြောင်း ယုတ္တိနဲ့တကွ ပြောပြပါမယ်” တောင်းပန်ပြီး ဗြဟ္မဏတို့ဘက်ကိုလှည့်ကာ “အချင်းဗြဟ္မဏတို့ ငါ့ကိုဒီလိုမစွပ်စွဲပါနဲ့။ ငါပြောခဲ့သမျှသည် သင်တို့စွပ်စွဲသလိုမဟုတ်ပါ။ သင်တို့ ငါ့တူ အင်္ဂကကိုကြည့်ပါ။ (ပရိသတ်ရဲ့ရှေ့ကျကျ နေရာမှာရှိတဲ့ ဥပမိရုပ်တင့်တယ်တဲ့ လုလင်တစ်ဦးကို ညွှန်ပြရင်း)။ သူဟာ မျိုးရိုးသန့်စင်တယ်။ ဝေဒကျမ်းတွေလည်းတတ်တယ်။ အဆင်းလှပခြင်းလည်း ပြည့်စုံတယ်။ ဒါပေမယ့် အင်္ဂကအနေနဲ့တကယ်လို့များသူတစ်ပါးသားမယားကိုလည်း မတော်မတရားပြစ်မှားမယ်။ သူတစ်ပါးကို သတ်မယ်။ သူတစ်ပါးမပေးတာကိုလည်းခိုးမယ်။ မဟုတ်မမှန်တဲ့ စကားကိုလည်း လိမ်ညာပြောဆိုတယ်။ အရက်သေစာလည်း သောက်စားမယ်ဆိုရင် ဘယ့်နှယ်ဖြစ်မလဲ။ သင်တို့ စဉ်းစားကြည့်ပါ။

အကျင့်သီလမကောင်းရင် မျိုးရိုး၊ အဆင်း၊ ဝေဒကျမ်းတတ်ခြင်းတွေဟာ အချည်းနှီး၊ အလကားပဲ မဟုတ်လား”

ဗြဟ္မဏတို့ငြိမ်သက်သွားတယ်။

တုတ်တုတ်မျှ မလှုပ်ကြတော့ဘူး။

သူက ဆက်ပြောတယ်-

**“အချင်းတို့၊ စင်စစ်အားဖြင့်ကောင်းမြတ်တဲ့ သီလရှိခြင်း၊ ထက်မြက်တဲ့ဉာဏ်ပညာရှိခြင်းဆိုတဲ့ ဂုဏ်အင်္ဂါနှစ်ပါးသည်သာ လူမှာအရေးအကြီးဆုံးဖြစ်ပါတယ်”**

စမ္ပာမြို့စားကြီး သောဏဒဏ္ဍရဲ့ စကားကို ပြန်လှန်ချေပမယ့်သူ တစ်ယောက်မျှမရှိဘဲ တိတ်ဆိတ်ငြိမ်သက်သွားပါတယ်။

မြတ်စွာဘုရားက မိန့်ကြားတော်မူပါတယ်။

“မြို့စားကြီးသောဏဒဏ္ဍ သင့်စကားမှန်ပါတယ်။ သီလကိုလည်း ပညာနဲ့ဆေးကြောရတယ်။ အမြော်အမြင်အဆင်ခြင်နဲ့ ထိုးထွင်းသိမြင်တဲ့ ပညာရှိမှ အကျင့်သီလမှန်လည်းရှိနိုင်တယ်။ အကျင့်သီလကောင်း၊ အကျင့်သီလမှန်မှလည်း၊ ရှိမှလည်း အသိပညာရှိသူ ဖြစ်နိုင်ပါတယ်။ အကျင့်သီလနဲ့ပညာကို လောကမှာအမြတ်ဆုံးလို့ ဆိုသင့်ပါတယ်”

စမ္ပာမြို့စားကြီး သောဏဒဏ္ဍက မေးလျှောက်တဲ့အတွက် မြတ်စွာဘုရားက အကျင့်သီလကောင်းမွန်ခြင်းရဲ့ သီလဂုဏ်၊ သီလသိက္ခာအရေးကြီးပုံ၊ ပညာပြည့်စုံခြင်းရဲ့ ပညာဂုဏ်၊ ပညာသိက္ခာအရေးကြီးပုံတို့ကို အကျယ်ဟောကြားတော်မူခဲ့ပါတယ်။ ဒီတရားဟာလေးနက်ပါတယ်။

လိမ်ညာလှည့်ဖြား မတရားတဲ့နည်းနဲ့ မတရားမသမာအနိုင်ရရင် ပြီးရောမလုပ်ပါနဲ့။ မှားယွင်းတဲ့နည်းလမ်း၊ ကိုယ်ကျင့်တရားပျက်ပြားတဲ့ ခိုးဝှက်မှုမျိုးနဲ့ အောင်ပွဲမခံချင်ပါနဲ့။ (အကဲခတ်ရိပ်မိနေလို့ စေတနာနဲ့အကြိမ်ကြိမ်) ကြိုတင်သတိပေးဟန့်တားခဲ့ကြပေမယ့် အာဏာလောဘဇောမွှန်နေတဲ့ ခေါင်းဆောင်တစ်စုဟာ အကျင့် “သီလပျက်ပြားတာလေးက ဘာမှအရေးမကြီးပါဘူး” လူမသိဘူးလို့ ယူဆထင်မှတ်ခဲ့လေတော့ အပျက်အပျက်နဲ့နှာခေါင်းသွေးထွက်ခဲ့ရတော့တာပေါ့။ မကောင်းမှုပြုသူ၏ ဆိတ်ကွယ်ရာ အရပ်မည်သည်မရှိ။ လူမှာအရေးအကြီးဆုံးအရာနှစ်ခုရှိပါတယ်။

ဒီနှစ်ခု ချွတ်ယွင်းချို့တဲ့နေတဲ့ လူတစ်စုရဲ့ လုပ်ပုံကြောင့် ပျားရည်တစ်စက်တိုင်းပြည်ပျက်မယ် ပုံပြင်ထဲက ကိန်းရောက်လုလု ဖြစ်နေရတာ အမြင်မှန်အတိုင်း အမှန်မြင်ပါစေ။ ကယ်တင်ဆယ်ယူနိုင်ကြပါစေ။

ဘယ်သူတရားပျက်ပျက် ကိုယ်မပျက်ပါစေနဲ့။ ကိုယ်ကျင့်နဲ့ပညာကို ဘဝတစ်သက်တာ တန်ဖိုးထားနိုင်ကြပါစေ။

**သင် ရပ်တည်ချက် မှန်ပါစေ။**

**ကောင်းမြတ်တဲ့သီလရှိကြပါ။**

**ထက်မြက်တဲ့ဉာဏ်ပညာရှိကြပါ။**

**လိမ်ညာလှည့်ဖြား မတရားတဲ့နည်းနဲ့ မတရားမသမာအနိုင်ရရင်ပြီးရော မလုပ်ပါနဲ့။ မှားယွင်းတဲ့နည်းလမ်း၊ ကိုယ်ကျင့်တရားပျက်ပြားတဲ့ ခိုးဝှက်မှုမျိုးနဲ့ အောင်ပွဲမခံချင်ပါနဲ့။ (အကဲခတ်ရိပ်မိနေလို့ စေတနာနဲ့အကြိမ်ကြိမ်) ကြိုတင်သတိပေးဟန့်တားခဲ့ကြပေမယ့် အာဏာလောဘဇောမွှန်နေတဲ့ ခေါင်းဆောင်တစ်စုဟာ အကျင့်“သီလပျက်ပြားတာလေးက ဘာမှအရေးမကြီးပါဘူး”လူမသိဘူးလို့ ယူဆထင်မှတ်ခဲ့လေတော့ အပျက်အပျက်နဲ့ နှာခေါင်းသွေးထွက်ခဲ့ရတော့တာပေါ့။ မကောင်းမှုပြုသူ၏ ဆိတ်ကွယ်ရာအရပ် မည်သည်မရှိ။ လူမှာအရေးအကြီးဆုံးအရာ နှစ်ခုရှိပါတယ်။**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ နိုင်ငံရေး
(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး
(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး
(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး “မူ” ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ စီးပွားရေး
(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ လူမှုရေး
(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

## ကျန်းမာရေးဝန်ထမ်းများအတွက် အသိပေးပန်ကြားချက်

၁။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနသည် COVID-19 ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများနှင့် ပြည်သူလူထုအတွက် ကာကွယ်ဆေးထိုးနှံရေး ဆက်လက်ဆောင်ရွက်နေသည့် အချိန်ဖြစ်ခြင်းကြောင့်လည်းကောင်း၊ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် လိုအပ်နေသော ပြည်သူလူထုအား အချိန်နှင့်တစ်ပြေးညီ ကျန်းမာရေးစောင့်ရှောက်မှုပေးအပ်နိုင်ရန်အတွက်လည်းကောင်း၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနအသီးသီးမှ ဝန်ထမ်းများအနေဖြင့် လူနာများ၏အကျိုးကို ရှေ့ရှု၍ မိမိတို့လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ထမ်းဆောင်ကြပါရန် (၈-၂-၂၀၂၁)ရက်နေ့မှစ၍ ယနေ့အထိတိုက်တွန်းနှိုးဆော်ပန်ကြားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ကျန်းမာရေးဝန်ထမ်းများအနေဖြင့် မိမိတို့တာဝန်ကျရာ ဆေးရုံ၊ တက္ကသိုလ်/ သင်တန်းကျောင်းများနှင့် ရုံး/ဌာနများသို့ ပြန်လည်ဝင်ရောက်တာဝန်ထမ်းဆောင်ရန် အခက်အခဲရှိပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များနှင့် Email လိပ်စာများသို့ ဆက်သွယ်ဆောင်ရွက်သွားကြပါရန် အသိပေးပန်ကြားအပ်ပါသည် -

| | | |
|---|---|---|
| တယ်လီဖုန်းနံပါတ် | - | ၀၆၇-၃၄၁၁၅၀၈/ ၀၆၇-၃၄၁၁၅၀၉/ ၀၆၇-၃၄၁၁၁၄၄<br>၀၉-၈၈၂၅၅၇၉၉၁/ ၀၉-၈၈၂၅၅၇၉၉၂/ ၀၉-၈၈၂၅၅၇၉၉၃ |
| Email | - | office@e-mohs.gov.mm |

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၂၈)ရက်

## သထုံခရိုင်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**သထုံ ဖေဖော်ဝါရီ ၂၈**

နယ်စပ်ရေးရာဝန်ကြီးဌာနသည် မွန်ပြည်နယ် သထုံခရိုင် သထုံ၊ ကျိုက်ထိုနှင့် ဘီးလင်းမြို့နယ်များရှိ ကျေးရွာများ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရေးနှင့် လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေရေးတို့အတွက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အတွင်း နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သော ကျောက်ခင်းလမ်းလေးမိုင်၊ ကတ္တရာလမ်းတစ်မိုင်၊ ကွန်ကရစ်လမ်းတစ်မိုင်၊ ပေ ၂၀ အာရ်စီတံတားတစ်စင်း၊ Box Culvert လေးစင်း၊ ကွန်ကရစ်ရေပြွန်နှစ်စင်း၊ လမ်းပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းနှစ်ခု၊ မြေထိန်းနံရံနှစ်ခုတို့ကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ် ၉၃၀ ဒသမ ၄၅၇ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိရာ လုပ်ငန်းအားလုံး၏ ၆၀ ရာခိုင်နှုန်းကျော် ပြီးစီးနေပြီဖြစ်ကြောင်း မွန်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။ ငွေကြယ်



## ပြည်သူ့ချစ်ပန်း လျှောက်သောလမ်း

○ ပြည်သူ့အကျိုး၊ အစဉ်သယ်ပိုးလို့
မြတ်နိုးခုံမင်၊ ဂုဏ်ယူချင်သည်
ငါလျှင်ဝန်ထမ်း ပြည်ချစ်ပန်း။

○ ဝန်ထမ်းမို့ပင်၊ နေ့စဉ်မပျက်
ရုံးသို့တက်ကာ၊ သွက်လက်တာဝန်
ကျေပွန်ထမ်းဆောင်၊ ဤလူ့ဘောင်တွက်
ပေးဆက်လုပ်အား၊ မြတ်စိတ်ထားနဲ့
သိတရားမပြတ်၊ ရပ်တည်ခဲ့။

○ ဝန်ထမ်းတွေပင်၊ လုပ်ငန်းခွင်တွင်း
ပေးဆပ်ခြင်းဟာ၊ ထမင်းတစ်နပ်
ဟင်းတစ်ဖတ်တွက်၊ ဘယ့်တွက်မလုပ်
တို့ကြိုးကုတ်ကြ၊ ဟုတ်စွမှန်စွာ
မြတ်သစ္စာနဲ့၊ ပြည်ရွာအကျိုး
သယ်ပိုးတဲ့စိတ်၊ ယိုဖိတ်ကာလေ
စေလိုရာစေ၊ တို့တစ်တွေ။

○ ငါတို့ဝန်ထမ်း၊ ရည်မှန်းဆန္ဒ
မွန်မြတ်လှဘိ၊ တတ်သိပညာ
ကျွမ်းကျင်ရာနှင့်၊ တာဝန်သိစွာ
ညီညာရဲရင့်၊ ပွဲလယ်တင့်ကာ
တို့ပြည်ရွာကို၊ စည်သာဖွံ့ဖြိုး
ဂုဏ်ရည်တိုးအောင်၊ ကျိုးဆောင်မည်။

○ တို့လုပ်သားထု၊ စွမ်းအားစုနှင့်
နှုတ်မှုလက်မှု၊ အတတ်စုတွေ
ပေးဆပ်နေစွမ်း၊ ပြည်ရွာဝှမ်းတွင်
မြင်မြင်သမျှ၊ ကိုယ့်ဖကိုယ့်မိ
ကိုယ်၏ဆွေသား၊ တန်ဖိုးထားကာ၊
လုပ်အားပေးဆပ်၊ ဖြောင့်မတ်သည်။

○ ဪ..
ပြည်သူကမွေး၊ ပြည်သူ့သွေးသား
ပြည်သူ့အားမို့၊ ပြည်သူများအတွက်
အလုပ်ခွင်ထက်ဝယ်၊ အပြုံးကြွယ်လျက်
ဘယ်သူဖျက်ဖျက်၊ မပျက်သယ်ပိုး
မြတ်နိုးခုံမင်၊ ဂုဏ်ယူချင်သည်
ငါသည်ဝန်ထမ်း ပြည်ချစ်ပန်း။
ခံယူချက်နဲ့ ရှေ့ဆက်လှမ်း ။ ။

ကျော်စွာမိုးနိုင်

# CDM မှာ ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ပထမဆုံးလူမှု စီးပွားဘဝအခက်အခဲတွေကို ကြုံတွေ့ရတာက အခြေခံပြည်သူလူထုပါပဲ။ ဒါကြောင့် ပြည်သူလူထုရဲ့ ဘဝများစွာအတွက် CDM လှုပ်ရှားမှုကို ဆက်လက်မဆောင်ရွက်စေချင်တော့ဘူး။

**နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးမင်းမောင်(အမည်လွှဲ)**

**တွေ့ဆုံ/ဆက်သွယ်မေးမြန်း ကိုမေတ္တာ(နေပြည်တော်)**

**ယခုတစ်လော Civil Disobedience Movement (CDM) လှုပ်ရှားမှုဆောင်ရွက်ခြင်းကြောင့် ပြည်သူလူထုအတွင်း ထိခိုက်ဆုံးရှုံးနစ်နာမှုများရှိလာသည်ကို မြင်တွေ့ကြားသိနေရသည်။ CDM လှုပ်ရှားမှုနှင့်ပတ်သက်၍ CDM တွင် ပါဝင်ခြင်းနှင့် မပါဝင်ခြင်းဟူ၍ သဘောထားဆန္ဒကွဲလွဲသူများလည်း များစွာရှိနေပါသည်။ ထိုအခြေနေများနှင့်စပ်လျဉ်းပြီး CDM တွင် ပါဝင်ခြင်းမရှိသည့် ဝန်ထမ်းအချို့နှင့် ပြည်သူအချို့ကို တွေ့ဆုံ၊ ဆက်သွယ်မေးမြန်းဖြစ်ခဲ့သည်များကို ဖော်ပြလိုက်ပါသည်။**

“CDM မှာ ပါဝင်မယ်ဆိုရင် ပြတ်ပြတ်သားသား အလုပ်ကနေနုတ်ထွက်လိုက်ပါ။ CDM မှာ မပါဝင်ဘူးဆိုရင်လည်း ပြတ်ပြတ်သားသားပဲပေါ့။ အခုဟာက CDM မှာလည်း ပါဝင်ချင်တယ်၊ အလုပ်ကိုလည်း ခွင့်အဖြစ်သတ်မှတ်စေချင်တယ်။ ဒါ ဘယ်လိုသဘောလဲ။ နိုင်ငံရေးလူလည်ကျတာလား။ ဟိုလိုလို ဒီလိုလို ဆိုတဲ့သဘောလား။ ဒီလိုတော့ မလုပ်စေချင်ပါဘူး။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူလူထု နစ်နာတယ်။ လူမှုဘဝမှာ အဓိကအခန်းကဏ္ဍက ပါဝင်နေတဲ့ ပညာရေး၊ ကျန်းမာရေးနဲ့ စီးပွားရေးကဏ္ဍတွေမှာ ပြည်သူလူထုအတွက် နစ်နာနိုင်တယ်။ ဒါကြောင့် CDM ပါဝင်ကြတဲ့သူတွေအနေနဲ့ နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးစီးပွားဖြစ်ထွန်းရေးကို ပထမဦးစားပေး စဉ်းစားဆောင်ရွက်ကြစေချင်ပါတယ်”ဟု စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးအဆင့်ရှိသူ ဦးတူးမောင်(အမည်လွှဲ)က ဆိုသည်။

“အစိုးရတစ်ရပ်ရဲ့ ယန္တရားလည်ပတ်ဖို့ရာ နိုင်ငံ့ဝန်ထမ်းတွေ လိုအပ်တာအမှန်ပါပဲ။ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ ဒီယန္တရား ဘာကြောင့်၊ ဘာအတွက် လည်ပတ်ဖို့ လိုအပ်တာလဲဆိုတာ သေသေချာချာ စဉ်းစားချင့်ချိန်ဖို့ လိုအပ်ပါတယ်။ အမှန်တကယ်တော့ အစိုးရဌာန၊ အစိုးရယန္တရား လည်ပတ်တယ်၊ နိုင်ငံ့ဝန်ထမ်းတွေက အဲဒီယန္တရားမှာ ပါဝင်ထမ်းဆောင်ကြတယ်ဆိုတာ စေ့စေ့စပ်စပ်တွေးကြည့်လိုက်ရင် ပြည်သူ့ဆန္ဒတွေကို တရားဥပဒေနဲ့အညီ ဝန်ဆောင်မှုပေးဖို့၊ ဖြည့်ဆည်းပေးဖို့ဆိုတာ မှတ်ယူထားရပါမယ်။

“CDM ပါဝင်နေလို့ ပြည်သူအတွက် ဝန်ဆောင်မှုတွေမပေးနိုင်တော့ဘူးဆိုရင် ပြည်သူတွေ ဘာအလုပ်အကိုင်ပဲလုပ်လုပ် အဆင်ပြေနိုင်ပါဦးမလား။ အလားတူပါပဲ။ အဲဒီ အလုပ်အကိုင်တွေ၊ လုပ်ငန်းတွေကို မှီခိုနေရတဲ့ ပြည်သူတွေရဲ့ လူမှုစီးပွားဘဝတွေ အဆင်ပြေချောမွေ့နိုင်ပါဦးမလား။ CDM မှာ ပါဝင်သည်ဖြစ်စေ၊ မပါဝင်သည်ဖြစ်စေ ပထမဆုံးလူမှုစီးပွားဘဝအခက်အခဲတွေကို ကြုံတွေ့ရတာက အခြေခံပြည်သူလူထုပါပဲ။ ဒါကြောင့် ပြည်သူလူထုရဲ့ ဘဝများစွာအတွက် CDM လှုပ်ရှားမှုကို ဆက်လက်မဆောင်ရွက်စေချင်တော့ဘူး။”ဟု CDM တွင် ပါဝင်ခြင်းမရှိသည့် နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးမင်းမောင်(အမည်လွှဲ)က ၎င်း၏အမြင်ကို ရှင်းပြသည်။

လက်ရှိမြေပြင်အခြေအနေတွင် ကျန်းမာရေးဝန်ထမ်းများကို သွေးထိုးလှုံ့ဆော်စည်းရုံးခြင်း၊ ခြိမ်းခြောက်ခြင်းများကြောင့် အချို့ဆေးရုံများတွင် လတ်တလော ကျန်းမာရေးစောင့်ရှောက်မှုစနစ် ပျက်ယွင်းလျက်ရှိသည်။ ကျန်းမာရေးစောင့်ရှောက်မှုကို အမှန်တကယ် ခံယူရန်လိုအပ်နေသည့် အခြေခံပြည်သူများ အခက်အခဲကြုံတွေ့နေရသဖြင့် တပ်မတော် ဆေးတပ်ဖွဲ့က ပါဝင်ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

“ကျွန်မကတော့ နိုင်ငံရေးဆိုတာကို နားမလည်ပါဘူး။ ကျွန်မကို CDM မှာ မပါဝင်ရကောင်းလားဆိုပြီး CDM မှာပါဝင်နေတဲ့ ဆေးဝန်ထမ်းတစ်ဦးက တယ်လီဖုန်းနဲ့ အသက်အန္တရာယ်ကို ခြိမ်းခြောက်တာကို ခံခဲ့ရတယ်။ ဘယ်လိုပဲ ခြိမ်းခြောက်ပါစေ၊ ကျွန်မဟာ နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်တယ်ဆိုတဲ့ခံယူချက်နဲ့ ဆေးရုံကိုလူနာတွေရောက်လာရင် ပေးအပ်ထားတဲ့ တာဝန်ဝတ္တရားတွေအတိုင်း ဆက်လက်ဆောင်ရွက်ပေးနေပါတယ်။ အချို့ဆေးရုံတွေမှာကျန်းမာရေးဝန်ထမ်းတွေ နည်းပါးလို့ ဆေးကုသမှု ဆောင်ရွက်ပေးနိုင်ခြင်းမရှိဘဲ ပြန်သွားရတာကိုမြင်ရတဲ့အခါ စိတ်မကောင်းဖြစ်မိတယ်။ ဝမ်းနည်းမိတယ်။ CDM လှုပ်ရှားမှုအစောပိုင်းလောက်က ကျွန်မတို့ဆေးရုံမှာလည်း ဆေးဝန်ထမ်းမလုံလောက်လို့ တပ်မတော်ဆေးရုံတွေကို သွားရောက်ကုသမှုခံယူရတယ်လို့ သိရပါတယ်။

“အခု ကျွန်မတို့ဆေးရုံက ပြည်သူလူထုအတွက် အမြဲတမ်း တံခါးဖွင့်ထားပါတယ်။ နေ့လယ်ပိုင်းက ကိုယ်ဝန်သည်တစ်ဦးရောက်လာလို့ CDM မှာ မပါဝင်တဲ့ ကျန်းမာရေးဝန်ထမ်းတွေ ညီညီညွတ်ညွတ် ဆောင်ရွက်ပေးခဲ့ပါတယ်။ နိုင်ငံ့ဝန်ထမ်းဆိုတာ ပြည်သူ့အတွက်ပဲ ဖြစ်ရမယ်။ ကျန်းမာရေးကဏ္ဍနဲ့ပတ်သက်လို့ အရောင်တွေ မပါစေချင်ပါဘူး။ တကယ်လို့ ဒီလိုကာလမျိုးမှာ ကိုယ့်ရဲ့မိသားစုဝင်ထဲက တစ်ဦးဦး ကျန်းမာရေးအခက်အခဲကြုံတွေ့ရရင် ဘယ်ကိုဘယ်လိုလုပ်ရမလဲဆိုတဲ့ ကိုယ်ချင်းစာတဲ့အတွေးမျိုး ရှိစေချင်ပါတယ်။ တတ်နိုင်တဲ့သူတွေက အပြင်ဆေးခန်းတွေမှာ ကုသမှုခံယူနိုင်ပေမယ့် အခြေခံပြည်သူလူထုအတွက် ထည့်သွင်းစဉ်းစားစေချင်ပါတယ်။ CDM မှာ ပါဝင်နေကြတဲ့ ကျွန်မရဲ့ သူငယ်ချင်းတွေ ဆေးရုံကိုအမြန်ဆုံး ပြန်လာပြီးအရင်လိုပဲ ပြည်သူ့အကျိုးအတွက် နိုင်ငံ့တာဝန်တွေကို ပျော်ပျော်ရွှင်ရွှင် ရင်းရင်းနှီးနှီး ပြန်လည်တာဝန်ထမ်းဆောင်သွားကြရအောင်လို့ ပြောချင်ပါတယ်” ဟု မုံရွာမြို့ အိန္ဒိယ - မြန်မာ ချစ်ကြည်ရေး ဆေးရုံကြီး မိခင်နှင့် ကလေးဆေးရုံ(ခုတင် - ၂၀၀) တွင် တာဝန်ထမ်းဆောင်နေသည့် သားဖွားဆရာမတစ်ဦးက ဆိုသည်။

“ကျွန်မသားလေးက ငယ်ငယ်ရွယ်ရွယ်နဲ့ ကင်ဆာရောဂါခံစားနေရသူဖြစ်ပါတယ်။ သားလေး ကင်ဆာဆေးသွင်းချိန်ရောက်လို့ ဆေးရုံကြီးကိုသွားတဲ့အခါ သူနာပြုဆရာမတွေက အပူချိန်တိုင်းတာ၊ သွေးဖိအားတိုင်းတာတွေ၊ စမ်းသပ်တာတွေ လုပ်ပေးကြပေမယ့် သက်ဆိုင်တဲ့ဆရာဝန်မရှိလို့ အပြင်ဆေးခန်းမှာပဲ ဆေးကုသမှုခံယူနေရတယ်။ ဆရာမတွေရဲ့ စေတနာမေတ္တာကိုရခဲ့ပေမယ့် ကျွန်မတို့ဝင်ငွေနဲ့ အပြင်ဆေးခန်းမှာ ဆေးကုသဖို့ဆိုတာ တော်တော်လေး ကြိုးပမ်းအားထုတ်ရတယ်။ ဆေးရုံကြီးမှာဆိုရင် ဆေးကုသဖို့စရိတ်က ကျွန်မတို့အတွက် များစွာအထောက်အကူဖြစ်စေပါတယ်။ ကျွန်မ CDM လှုပ်ရှားမှုတွေကို မဆောင်ရွက်စေချင်တော့ဘူး။ ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အရင်လိုပဲ ဆေးရုံကြီးမှာ ဆေးကုသမှုခံယူချင်တယ်”ဟု နေပြည်တော် ရွှေကြာပင်ရပ်ကွက်နေ မဖြူဖြူသန်းက သူ့ခံစားချက်ကို ရင်ဖွင့်သည်။

အလားတူ ပညာရေးသည် နိုင်ငံတစ်နိုင်ငံ၏ အခြေခံအကျဆုံးသော အခန်းကဏ္ဍ ဖြစ်သကဲ့သို့ အနာဂတ်ပန်းကလေးများ၏ မျှော်လင့်ခြင်းအလင်းရောင်လည်းဖြစ်သည်။ ကျောင်းသား ကျောင်းသူများစွာ၏ စိတ်ဆန္ဒများတွင် ငြိမ်းချမ်းစွာဆက်လက်ပညာသင်ကြားနိုင်ရေးအတွက် လိုလားတောင့်တမှုများစွာ ဖြစ်ပေါ်လျက်ရှိနေကြသည်ကိုလည်း ကြားသိနိုင်မည် ဖြစ်သည်။

**ကျောင်းဆရာ ဆရာမတွေဟာ နိုင်ငံ့ဝန်ထမ်းတွေဖြစ်ကြသလို နိုင်ငံ့အနာဂတ်မှာ နိုင်ငံကိုဦးဆောင်မယ့် နိုင်ငံ့သားကောင်းတွေကို မွေးထုတ်ပေးကြရမယ့်သူတွေ ဖြစ်ကြပါတယ်။ ဆရာဆိုတာ စေတနာ၊ ဝါသနာ၊ အနစ်နာဆိုတဲ့ နာသုံးနာကို လက်ကိုင်ထားပြီး စာသင်ကျောင်းတွေမှာရှိတဲ့ ကလေးငယ်တွေရဲ့ဘဝတွေ တိုးတက်မြင့်မားအောင် အမြဲသင်ကြားပို့ချပေးကြရမှာဖြစ်။**

“နိုင်ငံရေးသမားအချို့ရဲ့ စည်းရုံးမှုတွေကြောင့် CDM လှုပ်ရှားမှုတွေမှာ ကျောင်းဆရာ၊ ဆရာမအချို့ ပါဝင်နေကြတာကို မြင်တွေ့ရပါတယ်။ ကျောင်းဆရာ၊ ဆရာမတွေဟာ နိုင်ငံ့ဝန်ထမ်းတွေဖြစ်ကြသလို နိုင်ငံ့အနာဂတ်မှာ နိုင်ငံကိုဦးဆောင်မယ့် နိုင်ငံ့သားကောင်းတွေကို မွေးထုတ်ပေးကြရမယ့်သူတွေ ဖြစ်ကြပါတယ်။ ဆရာဆိုတာစေတနာ၊ ဝါသနာ၊ အနစ်နာဆိုတဲ့ နာသုံးနာကိုလက်ကိုင်ထားပြီး စာသင်ကျောင်းတွေမှာရှိတဲ့ ကလေးငယ်တွေရဲ့ဘဝတွေ တိုးတက်မြင့်မားအောင် အမြဲသင်ကြားပို့ချပေးကြရမှာ ဖြစ်ပါတယ်။ ကိုဗစ် - ၁၉ ကပ်ရောဂါကလည်း ဖြစ်ပွားနေတယ်။CDM လှုပ်ရှားမှုတွေလည်းရှိနေတယ်။ ဒီလိုကာလတွေမှာ အနန္တဂိုဏ်းဝင် ဆရာ ဆရာမတစ်ဦးအနေနဲ့ ကျောင်းသား ကျောင်းသူတွေ၊ တပည့်သားသမီးတွေကို CDM လှုပ်ရှားမှုတွေမှာ ပါဝင်လှုပ်ရှားစေချင်သလားလို့ မေးချင်တယ်။ အသိဉာဏ်ပညာမကြွယ်ဝသေးတဲ့ တပည့်သားသမီးတွေကို စိတ်ဆန္ဒတစ်ခုအတွက် လမ်းလွဲမရောက်စေချင်ပါဘူး။ တပည့်တိုင်းကို ကိုယ့်ရင်ကဖြစ်တဲ့ သားသမီးတွေလိုပဲ သဘောထားစေချင်ပါတယ်”ဟု နေပြည်တော် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်းတွင် တာဝန်ထမ်းဆောင်နေသည့် အထက်တန်းပြဆရာမတစ်ဦးက ဆိုသည်။

“ကျွန်တော်က စက်မှုလက်မှုသိပ္ပံကျောင်း (နေပြည်တော်)မှာ အီလက်ထရွန်နစ် ဆက်သွယ်ရေးနည်းပညာ (ပထမနှစ် ) ပညာသင်ကြားနေတဲ့ ကျောင်းသားတစ်ဦးပါ။ ကိုဗစ် - ၁၉ ဖြစ်ပွားတော့ မြန်မာစာပဲဖြေဆိုပြီးတဲ့နေ့မှာပဲ ကျောင်းပိတ်လိုက်ပါတယ်။ ကျွန်တော်တို့ စာမေးပွဲဆက်လက်ဖြေဆိုချင်ပါတယ်။ ကျောင်းဆက်တက်ချင်ပါတယ်။

“အခု CDM လှုပ်ရှားမှုဆိုတာ ထပ်ပေါ်လာပြန်တော့ ရည်မှန်းထားတဲ့ အရည်အချင်းပြည့်ဝတဲ့ အင်ဂျင်နီယာတစ်ဦးဖြစ်ရေး ရည်မှန်းချက်ကတော့ ဝေးနေသေးတယ်လို့ ထင်ပါတယ်။ အင်ဂျင်နီယာဖြစ်ရင် ပညာတတ်တစ်ဦးဘဝနဲ့ မိဘကို လုပ်ကျွေးမယ်ဆိုတဲ့ မျှော်လင့်ချက်၊ မျှော်မှန်းချက်တွေကို ဝေဝါးစေတယ်လို့ ထင်ပါတယ်။ အသက်က တစ်နှစ်ထပ်ပြီး ကြီးသွားပြန်ပြီပေါ့။ ဒါကြောင့် CDM လှုပ်ရှားမှုတွေအပါအဝင် တိုင်းပြည်မငြိမ်မသက်ဖြစ်စေမယ့် ပြုမှုပြောဆို လုပ်ကိုင်ဆောင်ရွက်မှုမှန်သမျှကို ဆန့်ကျင်တယ်။ ငြိမ်းငြိမ်းချမ်းချမ်း ပညာဆက်လက် သင်ကြားချင်ပါတယ်”ဟု ကျောင်းသား မောင်ကျော်ကျော်က သူ့ရည်မှန်းချက်၊ ခံယူချက်ကို ပြောပြသည်။

“ကျောင်းတွေကလည်းပိတ်၊ ကိုဗစ် - ၁၉ ရောဂါကလည်းဖြစ်၊ အခု CDM လှုပ်ရှားမှု ဆိုတာတွေကလည်း ပေါ်ပေါက်နေတော့ ကလေးတွေရဲ့ ဘဝရှေ့ရေး ဘယ်လိုစီမံဆောင်ရွက်ပေးရမလဲဆိုတာ စဉ်းစားရခက်နေတယ်။ စားဝတ်နေရေးအတွက် စီးပွားရှာဖွေရတာက တစ်ဖက်၊ ကလေးတွေရှေ့ရေးကတစ်ဖက်နဲ့ ဘဝလမ်းခရီးဘယ်လိုလျှောက်လှမ်းရမလဲ မသိတော့ပါဘူး။ တိုင်းပြည်ငြိမ်းချမ်းမှ၊ ဆူပူမှုတွေ အေးငြိမ်းသွားမှ စားဝတ်နေရေးနဲ့ ကလေးတွေ ဘဝရှေ့ရေး အဆင်ပြေချောမွေ့မှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် အကြမ်းဖက်တဲ့ လှုပ်ရှားမှုမှန်သမျှကို ကျွန်မဆန့်ကျင်တယ်။ CDM လှုပ်ရှားမှုတွေမှာ ပါဝင်လာအောင် ခြိမ်းခြောက်သူတွေကို ထိထိရောက်ရောက် အရေးယူပေးစေချင်ပါတယ်”ဟု ကျောင်းသား မိဘတစ်ဦးဖြစ်သည့် မငြိမ်းခင်(အမည်လွှဲ)က ဆိုသည်။

ထို့အတူ CDM လှုပ်ရှားမှုတွင်ပါဝင်ခြင်းမရှိဘဲ ဘဝရပ်တည်မှုမှန်ကန်စွာ ရှန်းကန်လှုပ်ရှားနေကြရသည့် အခြေခံပြည်သူဘဝများစွာမှ ထွက်ပေါ်လာသည့် အသံများကိုလည်း ထည့်သွင်းစဉ်းစားကြစေလိုသည်။

စာမျက်နှာ ၉ သို့ ■

■ **စာမျက်နှာ ၈ မှ**

"ကျွန်မတို့ သပြေကုန်းဈေးဆိုတာ နိုင်ငံ့ဝန်ထမ်းအများစု လာရောက်ဝယ်ယူနေကြတဲ့ ဈေးတစ်ဈေးဖြစ်ပါတယ်။ ကိုဗစ်-၁၉ ကပ်ရောဂါကူးစက်မှာကြောက်လို့ ဈေးဝယ်သူတွေ နည်းပါးနေတဲ့အပြင် CDMလှုပ်ရှားမှုအစပိုင်းတွေမှာ ဈေးရောင်းနှုန်း သိသိသာသာကျဆင်းသွားတယ်။ အခုတော့ အရင်လိုပဲ ဈေးရောင်းဈေးဝယ် ပုံမှန်ပြန်ဖြစ်နေပါပြီ။ ဈေးရောင်းလို့ရတဲ့ အမြတ်အစွန်းလေးတွေနဲ့ မိသားစုဘဝကို ရပ်တည်နေရတာမို့ နိုင်ငံရေးအခြေအနေတည်ငြိမ်အေးချမ်းစေချင်တယ်။ နိုင်ငံတည်ငြိမ်အေးချမ်းမှသာ ကျွန်မတို့ဈေးရောင်းသူတွေအတွက် လူမှုစီးပွားဘဝတွေကို ဖူလုံစေမှာ ဖြစ်တယ်။ ကိုဗစ်-၁၉ ကပ်ရောဂါနဲ့ CDM လှုပ်ရှားမှုတွေကြောင့် ရောင်းမယ့်ကုန်ပစ္စည်းတွေကို ပိုပြီးမတင်ရဲဘူး။ ချင့်ချိန်ပြီး ဝယ်ရောင်းလုပ်နေရပါတယ်"ဟု နေပြည်တော် သဲကောကြီးကျေးရွာနေ ဈေးသည်တစ်ဦးက ပြောသည်။

ထို့ပြင် စီးပွားရေးလုပ်ငန်းရှင်များ၏ လုပ်ငန်းလည်ပတ်မှုမြန်ဆန်မှသာ လုပ်ငန်းအပေါ် မှီခိုအားထားနေကြရသည့် အခြေခံအလုပ်သမားများ၏ ဘဝများစွာ ရေရှည်ရပ်တည်နိုင်မည်ဖြစ်သည်။ လုပ်ငန်းရှင်များနှင့် ပတ်သက်ဆက်စပ်လုပ်ကိုင်နေကြရသည့် ဘဝများကိုလည်း စာနာနားလည်ကြရမည်ဖြစ်သည်။

"ကျွန်တော်တို့လုပ်ငန်းက ရောင်းသူများများရှိမှ စိတ်ကြိုက်ရွေးပြီး ဝယ်ယူရတဲ့လုပ်ငန်း ဖြစ်တယ်။ အခုတော့ ကျောက်မျက်ရောင်းသူတွေ မရှိသလောက်ဖြစ်နေတယ်။ ကျွန်တော်တို့က မြတ်မယ်ထင်တဲ့ ကျောက်တွေကိုကုန်ချောအဖြစ် ပြန်လည်ထုတ်လုပ်ပြီး ပြည်တွင်းပြည်ပကို တရားဝင်နည်းလမ်းနဲ့ ရောင်းချတာဖြစ်တယ်။ ကျောက်မျက်လုပ်ငန်းကို မှီခိုအားထားနေကြရတဲ့ မိသားစုတွေကိုလည်း ကိုယ်ချင်းစာတယ်။ ပြောချင်တာက CDM လှုပ်ရှားမှုတွေကြောင့် ဘဏ်အချို့ ပြန်လည်ဖွင့်လှစ်နိုင်ခြင်း မရှိသေးတဲ့အတွက် လုပ်ငန်းနဲ့ပတ်သက်တဲ့ ငွေကြေးစီးဆင်းမှုတွေ ရပ်တန့်နေတယ်။ ဒါကြောင့် လုပ်ငန်းကိုမှီခိုအားထားနေတဲ့ မိသားစုတွေ ဝင်ငွေပုံမှန်မရနိုင်ကြတဲ့အတွက်ရော လုပ်ငန်းရှင်တစ်ယောက်အနေနဲ့ လုပ်သားတွေကို အရင်လိုများများမထောက်ပံ့နိုင်တော့ဘဲ အထိုက်အလျောက်ပဲ ထောက်ပံ့ပေးနိုင်တော့တာကို စိတ်မကောင်းဖြစ်မိတယ်။ ဒါကြောင့် တိုင်းပြည်မငြိမ်မသက်ဖြစ်စေမယ့်အကြောင်းအရာတွေနဲ့ ဆောင်ရွက်မှုတွေကို လုံးဝဆန့်ကျင်တယ်။ မထောက်ခံဘူး။ အားမပေးဘူး။ နိုင်ငံတည်ငြိမ်အေးချမ်းမှ လူမှုစီးပွားဘဝတွေ ဖွံ့ဖြိုးတိုးတက်မှာဖြစ်တယ်။ ဒါမှသာ လုပ်ငန်းရှင်တွေနဲ့ လုပ်သားဝန်ထမ်းမိသားစုတွေရဲ့ လူမှုစီးပွားဘဝတွေ အဆင်ပြေချောမွေ့စေမှာ ဖြစ်ပါတယ်" ဟု မန္တလေးမြို့ ၄၁ လမ်း ကျောက်ဝိုင်းမှ ကျောက်မျက်လုပ်ငန်းရှင် ကိုမောင်တူး(အမည်လွှဲ) က ပြောပြသည်။

"ကျွန်တော်တို့မိသားစုက ကျောက်မျက်ရတနာအချောထည်ထုတ်လုပ်ရေးလုပ်ငန်းမှာ လုပ်ကိုင်ရင်းဘဝကို ရပ်တည်နေကြရတာဖြစ်ပါတယ်။ ကိုဗစ် – ၁၉ ဖြစ်လို့ လုပ်ငန်းတွေ နှေးကွေးနေတဲ့အတွက် ပုံမှန်ဝင်ငွေရဖို့ဆိုတာ ခက်ခဲပါတယ်။ ပိုဆိုးတာက အခု CDM လှုပ်ရှားမှုဆိုတာ ပေါ်ပေါက်လာလို့ လုပ်ငန်းပုံမှန်လည်ပတ်နိုင်ဖို့ဆိုတာ ခန့်မှန်းရခက်သွားတယ်။ ကြိုးကြားကြိုးကြားပဲလုပ်ကိုင်ရတော့တယ်။ အလုပ်ပုံမှန်မရှိသေးတော့ ရပ်ကွက်ထဲဈေးလှည့်ရောင်းရင်း မိသားစုဘဝကို ဖြေရှင်းရတယ်။ ဘာပဲဖြစ်ဖြစ် ကိုဗစ် – ၁၉ ကပ်ရောဂါရော CDM လှုပ်ရှားမှုဆိုတာကိုပါ မြန်မြန်ငြိမ်းအေးစေချင်တယ်။ လုပ်ငန်းပုံမှန်အတိုင်း လည်ပတ်စေချင်တယ်"ဟု မန္တလေးမြို့မှ ကျောက်မျက်အချောထည်လုပ်သား ဦးကျော်လတ်(အမည်လွှဲ) က ရှင်းပြသည်။

မသမာသူအချို့၏ စည်းရုံးသွေးထိုးလှုံ့ဆော်မှုများကြောင့် CDM တွင် ပါဝင်လှုပ်ရှားနေကြသူများအနေဖြင့် အများစုသော အခြေခံပြည်သူလူထု၏ ဘဝများစွာအတွက် ကိုယ်ချင်းစာတရားထားရှိစေလိုသည်။ ပြည်သူလူထု၏ဆန္ဒများကို ထင်ဟပ်သိမြင်ကြစေလိုသည်။ CDM လှုပ်ရှားမှုတွင် ပါဝင်ခြင်းဖြင့် ပြည်သူလူထု၏ အကျိုးစီးပွားဖြစ်ထွန်းမှုနှင့် အခြေခံဘဝများစွာကို အမှန်တကယ် ကိုယ်စားပြုပါသလော။ ပြည်သူလူထုကို မိသားစုဝင်အရင်းပမာ စာနာနားလည်ကြစေလိုပါကြောင်း ...။ ။




# ၂၀၂၁ ခုနှစ်အတွက် အာဆီယံဆု (ASEAN Prize 2021) လျှောက်ထားနိုင်ကြောင်းကြေညာ

၁။ အာဆီယံအသိုက်အဝန်းတည်ဆောက်မှု ပိုမိုအားကောင်းစေရေး၊ ဒေသတွင်းပေါင်းစည်းမှု မြှင့်တင်ရေး၊ အားလုံးပါဝင်မှုနှင့် ပြည်သူလူထုအကြား အာဆီယံနှင့်ပတ်သက်သည့် အသိအမြင်ဗဟုသုတ မြှင့်တင်ရေးတွင် စံနမူနာအဖြစ် စွမ်းစွမ်းတမံဆောင်ရွက်ပေးကြသော လူပုဂ္ဂိုလ်/အဖွဲ့အစည်းများ၏ အောင်မြင်မှုများကို အသိအမှတ်ပြုသည့်အနေဖြင့် ဂုဏ်သိက္ခာကြီးမားသည့် ဒေသဆိုင်ရာဆုတစ်ခု ဖြစ်သော ၂၀၂၁ ခုနှစ် အာဆီယံဆုကို ပေးအပ်ချီးမြှင့်ရန်အတွက် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ အဆိုပြုလွှာများ ခေါ်ယူလျက်ရှိပါသည်။

၂။ အဆိုပြုလျှောက်ထားသူများအနေဖြင့် သက်ဆိုင်ရာအာဆီယံဥက္ကဋ္ဌမှ သတ်မှတ်ထားသည့် ဆောင်ပုဒ်နှင့်အညီ အောက်ဖော်ပြပါနယ်ပယ်များတွင် တစ်ဖက်တစ်လမ်းမှ အားဖြည့်ဆောင်ရွက်နေသူများဖြစ်ရပါမည် –

- (က) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ
- (ခ) အာဆီယံနှင့် ကမ္ဘာတစ်ဝန်းအကြား စွမ်းစွမ်းတမံပူးပေါင်းဆောင်ရွက်မှုများ
- (ဂ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား ပြည်သူအချင်းချင်း ထိတွေ့ဆက်ဆံမှုများ
- (ဃ) အာဆီယံအဖွဲ့ဝင်နိုင်ငံများအကြား စံနှုန်းများမြှင့်တင်ရေးနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ
- (င) အာဆီယံအသိုက်အဝန်း တည်ဆောက်ရေးအတွက် အထောက်အကူဖြစ်စေသည့် အခြားစွမ်းစွမ်းတမံ ဆောင်ရွက်ချက်များ

၃။ လက်ရှိ အာဆီယံအတွင်းရေးမှူးချုပ်နှင့် အာဆီယံအတွင်းရေးမှူးချုပ်ဟောင်းများ အပါအဝင် ထင်ရှားသည့် အဆင့်မြင့်ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားသည့် အကဲဖြတ်ဒိုင်အဖွဲ့က ဆုရရှိသူကိုရွေးချယ်၍ အာဆီယံဆုဖလားနှင့် အမေရိကန်ဒေါ်လာ ၂၀,၀၀၀ ကို ဘရူနိုင်းဒါရူဆလမ်နိုင်ငံ၊ ဘန်ဒါဆရီဘီဂါဝန်မြို့၌ ကျင်းပမည့် (၃၄) ကြိမ်မြောက် အာဆီယံနိုင်ငံခြားရေးဝန်ကြီးများအစည်းအဝေးတွင် ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ပါသည်။

၄။ အဆိုပါဆုအားလျှောက်ထားသူများသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ နိုင်ငံသား (သို့မဟုတ်) အာဆီယံအခြေစိုက်အဖွဲ့အစည်း ဖြစ်ရမည်ဖြစ်ပြီး ပြည်သူဗဟိုပြုအာဆီယံအသိုက်အဝန်း တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသူဖြစ်ကြောင်း အထောက်အထားတင်ပြနိုင်သူဖြစ်ရပါမည်။

၅။ ၂၀၂၁ ခုနှစ် အာဆီယံဆုအတွက် အဆိုပြုလျှောက်လွှာများကို ယခုကြေညာသည့်အချိန်မှစ၍ ဧပြီလ ၂၃ ရက်နေ့အထိ လက်ခံသွားမည်ဖြစ်ပြီး ပြည့်စုံစွာဖြည့်စွက်ထားသည့် လျှောက်လွှာများကို အာဆီယံရေးရာဦးစီးဌာန၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၉)၊ နေပြည်တော် (သို့မဟုတ်) dgasean@gmail.com သို့ သတ်မှတ်ရက်ထက်နောက်မကျစေဘဲ ပေးပို့လျှောက်ထားနိုင်ပါသည်။

၆။ လျှောက်ထားမည့် လူပုဂ္ဂိုလ်အဖွဲ့အစည်းများသည် အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးနှင့် အာဆီယံဒေသတွင်းပူးပေါင်းဆောင်ရွက်မှုများတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် ဆောင်ရွက်ချက်များ၊ အောင်မြင်မှုများနှင့် အာဆီယံနှင့်ပတ်သက်၍ ရှေ့ဆက်ဆောင်ရွက်မည့်အစီအစဉ်များကို စာမျက်နှာ (၃) မျက်နှာမှ (၅)မျက်နှာအကြား အင်္ဂလိပ်ဘာသာဖြင့် လျှောက်လွှာတွင် အကျဉ်းချုပ်ရေးသားဖော်ပြရမည်ဖြစ်ပါသည်။ လျှောက်လွှာပုံစံကို အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာ https://asean.org/asean-prize-/ တွင် ရယူနိုင်ပါသည်။

၇။ ၂၀၁၈ ခုနှစ်တွင် အာဆီယံဆုစတင်ချီးမြှင့်ခဲ့သည့်အချိန်မှစ၍ ဖိလစ်ပိုင်၊ မလေးရှားနှင့် စင်ကာပူနိုင်ငံတို့မှ ဆုများကိုအသီးသီးဆွတ်ခူးရရှိခဲ့ပါသည်။ မြန်မာနိုင်ငံသားများ (သို့မဟုတ်) မြန်မာနိုင်ငံအခြေစိုက်အဖွဲ့အစည်းများအနေဖြင့်လည်း အာဆီယံအသိုက်အဝန်းတည်ဆောက်ရေးလုပ်ငန်းများတွင် မိမိတို့၏ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ချက်များကို ဖော်ထုတ်ပြသနိုင်ရန်အတွက် အခွင့်အရေးကို အမိအရယူကြဖို့ တိုက်တွန်းအပ်ပါကြောင်းနှင့် အသေးစိတ်ကို ဖော်ပြပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံး၏ အင်တာနက်စာမျက်နှာတွင် လေ့လာနိုင်ပါကြောင်း အသိပေးအပ်ပါသည်။ **နိုင်ငံခြားရေးဝန်ကြီးဌာန**






မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသမီးတစ်ဦး




မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ မရီရီလွင်



မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ ကိုစောထွန်းလှိုင်

**❖ ကျောဖုံးမှ**

အမြန်ဆုံး ပြန်ခေါ်စေချင်ပါတယ်။ အရင်တုန်းက သူများနိုင်ငံကို အလုပ်သွားလုပ်တာ နောင်တမရပါဘူး။ ပိုက်ဆံရှာချင်တဲ့စိတ်နဲ့ ငါတို့တစ်နေ့ ကိုယ့်နိုင်ငံကို ပြန်ရမယ်ဆိုတဲ့ စိတ်ရှိပါတယ်။ ငါတို့ မိသားစုနဲ့ ပြန်နေရမယ်။ မိသားစုကို ထောက်ပံ့လာနိုင်မယ်ပေ့ါ။ အဲဒီလိုပဲ တွေးပြီးတော့ဖြေတယ်။ အခုတော့ အိမ်ကိုပဲပြန်ချင်တယ်။ မထင်မှတ်တဲ့ အချိန်မှာ သင်္ဘောကြီးနဲ့ လာခေါ်မယ်ဆိုတော့မယုံဘူး။ ကျွန်မတို့ တစ်ခါမှလည်း မကြုံဖူးပါဘူး။ ဇဝေဇဝါဖြစ်နေတဲ့ အချိန် ကျွန်မတို့ကို ဒီလိုလာခေါ်တော့ ဝမ်းသာပါတယ်။ ပျော်ပါတယ်။ ကိုယ့်နိုင်ငံသားတွေကို ဘာပဲဖြစ်ဖြစ် ကိုယ့်နိုင်ငံမှာပဲ လုပ်ကိုင်စားစေချင်ပါတယ်။

**မရီရီလွင်**

ကျွန်မနာမည်က ရီရီလွင် ဖြစ်ပါတယ်။ အသက်က ၂၅ နှစ်ရှိပါပြီ။ ရခိုင်ပြည်နယ် မင်းပြားမြို့နယ် မင်းလုံးကျေးရွာမှာနေပါတယ်။ ဆင်းဆင်းရဲရဲခံရတာတော့ အများကြီးပါပဲ။ ကလေးအမေတွေ တအားခံရတယ်။ ကလေးအမေတွေက ကလေးအတွင်းခံတွေ တောင်းတယ်။ ဒါပေမယ့် သူတို့ကမပေးဘူး။ ဆဲတယ်၊ နှိပ်စက်တယ်။ မြန်မာတွေကို နှိပ်စက်တယ်။ စိတ်ဆင်းရဲမှုဆိုရင် ကိုယ့်ကိုယ်ကိုယ် သတ်သေချင်စိတ်ဖြစ်မိတယ်။ တကယ်ပြောတာ။ အမေအဖေတွေနဲ့ အဆက်အသွယ်မရဘူး။ အခုချိန်ထိလည်း အဆက်အသွယ်မရသေးဘူး။ ရန်ကုန်ရောက်ရင်တော့ အဆက်အသွယ်ရမယ်တဲ့။ ကိုယ်ပြန်လာရတာ ပျော်ပေမယ့် ကျန်ခဲ့တဲ့လူတွေအတွက် စိတ်မကောင်း ဖြစ်မိတယ်။ သူတို့ကိုလည်း ပြန်ခေါ်စေချင်တယ်။ သူတို့ဆိုရင် ငိုနေကြတယ်။ သူတို့ စာတွေကိုရေးပြီး ထည့်ပေးလိုက်ကြတယ်။ အကူအညီတောင်းကြတယ်။ တခြားနိုင်ငံ ကမ္ဘောဒီယားနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ၊ အင်ဒိုနီးရှားနိုင်ငံတို့က လူတွေစာတွေရေးပြီးတော့ ထည့်ပေးလိုက်တာ စာအိတ်တစ်အိတ်ကြီးရှိတယ်။ ကျွန်မ ရန်ကုန်ရောက်ရင် သူတို့တောင်းတဲ့ အကူအညီကို လုပ်ပေးပါမယ်ရှင့်။ တပ်မတော်က ကျွန်မတို့ကို ကြိုဆိုတာ နွေးထွေးမှုရှိပါတယ်။ ကျွန်မအဖေလောက်ရှိတဲ့ ဦးလေးက သမီးအပေါ်တက်ရင် ဖြည်းဖြည်းတက်နော်ဆိုပြီး သူတို့ပြောတဲ့ စကားသံကြားရတော့ ကျွန်မက မြန်မာစကားသံမကြားရတာကြာတော့ ကိုယ့်ရင်ထဲမှာ တအားလည်း ခံစားရတယ်။ ဝမ်းလည်းနည်းတယ်။

ဟိုတစ်နေ့ကဆိုရင် မုန့်ဟင်းခါး ကျွေးတာ တော်တော်ကောင်းတယ်။ မစားရတာကြာတော့ အရသာရှိပြီး ကောင်းတယ်။ အခုလိုကျွေးတဲ့အတွက် ကျေးဇူးလည်းအထူးတင်ပါတယ်။ အဖေ အမေနားမှာပဲ ဘယ်မှမသွားတော့ဘဲ အိမ်မှာပဲ မိဘနဲ့အတူ မိဘတွေလုပ်တဲ့ အလုပ်ကို လုပ်တော့မယ်လို့ ဆုံးဖြတ်ချက်ချထားတယ်။ ဘယ်မှလည်း မသွားတော့ပါဘူး။ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကိုလည်း အထူးကျေးဇူးတင်ပါတယ်။

**ကိုစောထွန်းလှိုင်**

ကျွန်တော့် အသက်ကတော့ ၃၁ နှစ်ရှိပါပြီ။ တွေ့ကြုံခဲ့ရတဲ့ အတွေ့အကြုံတွေထဲမှာ ဝမ်းနည်းစရာတွေရှိပါတယ်။ မြန်မာနိုင်ငံက လူငယ်တွေကို တခြားနိုင်ငံကြီးသားတွေက အနိုင်ကျင့်တယ်။ ပြောရမယ်ဆိုရင် နိုင်ငံကြီးသားတွေက မြန်မာတွေကို တွေ့တာနဲ့ အလုပ်ခိုင်းတယ်။ သူတို့စားဖို့ ပန်းကန်ဆေးပေးရတယ်။ စောင်တွေခြုံပေးရတယ်။ အဝတ်အစားတွေ လျှော်ပေးရတယ်။ ကြမ်းတွေတိုက်ပေးရတယ်။ သူတို့ခိုင်းတာမလုပ်ဘူးဆိုရင် ရိုက်တယ်။ ကျွန်တော်တို့ထက်အရင်ရောက်သွားတဲ့သူတွေဆိုရင် ဝေဒနာတွေနဲ့ ကြည့်မကောင်းအောင် ခံစားရတယ်။ သူငယ်ချင်းတွေဆိုရင် ရေတောင်ချိုးလို့မရဘူး။ အစာစားလို့ မရဘူး။ လမ်းလျှောက်လို့မရဘူး။ ရဲတွေဆီက ဆေးတောင်းရင်လဲ တောင်းလို့မရဘူး။ ဘယ်အနာပဲဖြစ်ဖြစ်၊ ဘယ်ရောဂါပဲဖြစ်ဖြစ် Panodol ကလွဲလို့ မပေးဘူး။ အခု မြန်မာ့တပ်မတော်က လာခေါ်တယ်။ သူငယ်ချင်းတွေကျန်ခဲ့တယ်။ လာခေါ်တဲ့သင်္ဘောကြီး တကယ့်တကယ်ရောက်လာပါလားဆိုပြီး စိတ်ထဲမှာ လှိုက်လှိုက်လှဲလှဲ ဝမ်းသာမိတယ်။ သင်္ဘောကြီးပေါ်ရောက်ပြီး နေထိုင်ရေးကအစ၊ စားသောက်ရေးအဆုံး ပျော်ရွှင်မှုတွေ အများကြီးရခဲ့တယ်။ ခြိမ်းခြောက်မှုတွေမရှိဘူး။ ဆက်ဆံရတာကအစ ရဲမေတွေ၊ ဗိုလ်ကြီးတွေက လှိုက်လှိုက်လှဲလှဲ ကြိုဆို ဆက်ဆံကြတယ်။ ထူးခြားလိုက်တာပါလားဆိုပြီး ကျွန်တော်ထင်မိတယ်။ စားသောက်ရေး ကိစ္စတွေမှာလည်း လူအများကြီးကို အခုလို ကျွေးလိမ့်မယ်လို့ မထင်ထားမိဘူး။ ကျွေးမွေးတာတွေက တကယ့်ကို ပြည့်စုံပါတယ်။ ဝမ်းလည်း ဝမ်းသာတယ်။ မြန်မာနိုင်ငံရောက်ရင် အဖေနဲ့အမေဆီပြန်မယ်။ အလုပ်တစ်ခုခု လုပ်မယ်လို့ စဉ်းစားထားပါတယ်။ ကျန်ခဲ့တဲ့ မြန်မာနိုင်ငံသူ နိုင်ငံသားတွေကို ပြန်ခေါ်စေချင်ပါတယ်။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဆောင်ရွက်ပေးလို့ ကျွန်တော်တို့ အခုလို ပြန်ရောက်လာခဲ့ရတာပါ။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သက်တော်ရာကျော် ရှည်ပါစေလို့ ဆုတောင်းပေးပါတယ်။



**ပြန်လည်ဆုံတွေ့ခွင့်ရ သားအမိနှစ်ဦး**

**သား။** ။ အတိုင်းအဆမသိ အလွန်ဝမ်းသာပါတယ်ခင်ဗျာ။ မြန်မာနိုင်ငံကို အခုလို ခြေချခွင့်ရတဲ့အတွက်ကြောင့် ဝမ်းသာပါတယ်ခင်ဗျာ။

**မိခင်။** ။ ကျွန်မသားလေးကို သေပြီလို့ အောက်မေ့ထားတာပါ။ ကိုဗစ်အတွင်းမှာ ရှစ်လ အဖမ်းခံထားရတယ်။ ကျွန်မမှာ စိတ်တွေမအေးရဘူး။ ညတွေဆို အိပ်လို့လည်းမပျော်ဘူး။ အဲဒါနဲ့ စစ်သင်္ဘောကြီးနဲ့ခေါ်မယ်ဆိုတာ ကျွန်မ Line ပေါ်မှာတွေ့တော့ အကုန် save ပြီးတော့ အကုန်ဖတ်ကြည့်တယ်။ အဲဒါတောင်မယုံသေးဘူး။ မလေးမှာရှိတဲ့ တူမတွေကို လှမ်းမေးတယ်။ သူတို့ကို ပိုက်ဆံမပေးလို့ ငါ့သားလေးမလွတ်တာလားပေ့ါ။ တူမတွေကပြောတယ် မဟုတ်ပါဘူး။ သူတို့လည်းပေးပါတယ်။ ဒါပေမယ့်လည်း မရဘူးပေ့ါ။ အဲဒါနဲ့ စစ်သင်္ဘောကြီးနဲ့ပါလာပြီဆိုပြီး Line ပေါ်ကနေလှမ်းပြောတယ်။ အဲဒါနဲ့ သတင်းမှာလည်းတွေ့တယ်။ ကြည့်တော့တွေ့တယ်။ ထမင်းစားနေတာ တွေ့တယ်။ ၂၅ ရက်နေ့က တွေ့လိုက်တာလေ။ ရင်ထဲမှာဘယ်လိုဖြစ်သွားမှန်း မသိဘူး။ တော်တော်လည်း ဝမ်းသာပါတယ်။ တပ်မတော်ကိုလည်း ကျေးဇူးအထူးတင်ပါတယ်။

**သား။** ။ ကျွန်တော်လည်း အတိုင်းအဆမရှိ ဝမ်းသာပါတယ်။ ကျွန်တော်တို့ ကျန်ခဲ့တဲ့လူတွေအတွက်ကိုလည်း ပြန်ခေါ်နိုင်ပါစေလို့ ဆုတောင်းနေမိပါတယ်။ တပ်မတော်ကြီးကို အထူးကျေးဇူးတင်မိပါတယ်။




**ပြန်လည်ဆုံတွေ့ခွင့်ရ သားအမိနှစ်ဦး**

**မိခင်။** ။ လှိုက်လှိုက်လှဲလှဲလည်း ကျေးဇူးတင်ပါတယ်။ ကျွန်မလည်း လှိုက်လှိုက်လှဲလှဲနဲ့ ဝမ်းသာပါတယ်။ ဘယ်လိုပြောရမှန်းကို မသိဘူး။ အတိုင်းထက်ကိုလွန်ပြီး ဘယ်လိုပြောရမှန်း မသိအောင် ဝမ်းသာပါတယ်။ ကျွန်မတို့ မိသားစု မတွေ့ရတော့ဘူးလို့ ထင်ထားတာ။ ကျွန်မတို့မှာ မိသားစုလေး သုံးယောက်ပဲရှိတာမှ သားအမိလေး နှစ်ယောက်ပဲကျန်ခဲ့တာ။

**သား။** ။ ပြန်ရမယ်လို့မမျှော်လင့်ထားဘူး။ မမျှော်လင့်ထားဘဲနဲ့ ပြန်ရတဲ့အတွက် တော်တော်ဝမ်းသာပါတယ်။ ဂုဏ်ယူမိပါတယ်။ အားလုံးလည်း အဆင်ပြေပါတယ်။ အားလုံး ချောချောမွေ့မွေ့နဲ့ ဘာအခက်အခဲမှမရှိဘဲ လှိုက်လှိုက်လှဲလှဲနဲ့ အားလုံးကလည်း ကြိုဆိုတယ်။ အစားအသောက် အနေအထိုင် အသွားအလာကအစ အားလုံးအဆင်ပြေပါတယ်။ ကျန်းမာရေးကအစ အားလုံးအဆင်ပြေပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျ။

**သတင်းစဉ်**

# ကျိုက်မရောမြို့၌ ပန်းဂေါ်ဖီစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်း၍ မိသားစုဝင်ငွေတိုး

**ကျိုက်မရော ဖေဖော်ဝါရီ ၂၈**

ကျိုက်မရောမြို့နယ် နတ်စမ်းကျေးရွာ၌ ဆောင်းသီးနှံတစ်မျိုးဖြစ်သည့် ပန်းဂေါ်ဖီခေါ်(ပန်းမုန်လာ)များကို မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးကြရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိပြီး ယခုလို ကိုဗစ်-၁၉ ရောဂါကာလအတွင်း မိသားစုများဝင်ငွေတိုးလျက်ရှိကြောင်း ပန်းဂေါ်ဖီစိုက်ပျိုးရောင်းချသူ ဒေါ်လှုကြမ်းထံမှ သိရသည်။

အဆိုပါ ပန်းဂေါ်ဖီပင်များကို ဆောင်းရာသီအဝင် နိုဝင်ဘာလဆန်းမှ စတင်စိုက်ပျိုးခဲ့ကြောင်း၊ ဇန်နဝါရီလဆန်းပိုင်းတွင် ပန်းပွင့်များ လှိုင်လှိုင်ထွက်ရှိပြီး ဈေးဦးတွင် ပန်းဂေါ်ဖီ အပွင့်ကြီးတစ်ပွင့်လျှင် ငွေကျပ် ၈၀၀၊ ၁၀၀၀ အထိရရှိသဖြင့် မိသားစုစားဝတ်နေရေး အဆင်ပြေလျက်ရှိသည်။ ယခုကာလတွင် ပန်းပွင့်ဈေးများ ကျဆင်းလာကာ ပန်းပွင့်ကြီးတစ်ပွင့်ကို ငွေကျပ် ၃၀၀ ထိ ဈေးနှုန်းကျဆင်းသွားခဲ့ကြောင်း၊ ပန်းပွင့်များ ဈေးနှုန်းကျဆင်းသွားသော်လည်း အထွက်ကောင်းပြီး စားသုံးသူဦးရေများသဖြင့် ဈေးမကောင်းသော်လည်း မိသားစုအိမ်စရိတ် အဆင်ပြေလျက်ရှိကြောင်း ပန်းမုန်လာ စိုက်ပျိုးရောင်းချသူ ခြံရှင်များထံမှ သိရသည်။

ကျိုက်မရောမြို့နယ် နတ်စမ်းကျေးရွာ ထန်းပင်တန်းများအနီး ဆောင်းသီးနှံများဖြစ်သည့် ပဲတီစိမ်း၊ မတ်ပဲ၊ ပိန်းဥ၊ ပြောင်းဖူး၊ ရုံးပတီသီး စသည့် ရာသီစာသီးနှံစိုက်ပျိုးသူအများစုမှာ သီးနှံများ အောင်မြင်ဖြစ်ထွန်းကာ မိသားစု အပိုဝင်ငွေရရှိကြသဖြင့် နှစ်စဉ်စိုက်ပျိုးရောင်းချလေ့ရှိကြောင်း သိရသည်။

**ချိုချို(ပြန်/ဆက်)**



## ကမ္ဘာ့အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့

# ကိုဗစ်–၁၉ ရောဂါ သက်သာချောင်ချိရေးရန်ပုံငွေဆိုင်ရာ ဥပဒေကြမ်းကို အမြန်ဆုံးအတည်ပြုပေးရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင် တိုက်တွန်း

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

ကိုဗစ်–၁၉ ရောဂါ သက်သာချောင်ချိရေး ရန်ပုံငွေဆိုင်ရာ ဥပဒေကြမ်းကို အမြန်ဆုံး အတည်ပြုပေးရန် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က အမေရိကန် ဥပဒေပြု အထက်လွှတ်တော်အား ယမန်နေ့တွင် တိုက်တွန်းပြောကြားခဲ့သည်။

အဆိုပါဥပဒေကြမ်းကို အောက်လွှတ်တော်က အတည်ပြုခဲ့ပြီးနောက် သမ္မတ ဂျိုးဘိုင်ဒင်က ဥပဒေပြုအထက်လွှတ်တော်အား အထက်ပါအတိုင်း တိုက်တွန်းပြောကြားခဲ့ခြင်းဖြစ်သည်။

ဥပဒေကြမ်းကို အတည်ပြုပေးခဲ့သည့်အတွက် အောက်လွှတ်တော်အမတ်များအား ကျေးဇူးအထူးတင်ရှိကြောင်းနှင့် လက်ရှိအချိန်သည် ကိုဗစ်–၁၉ ရောဂါ သက်သာချောင်ချိရေးလုပ်ငန်းစဉ်များကို စတင်ဆောင်ရွက်ရန် အချိန်ခါအသင့်ဆုံးပင် ဖြစ်ပါကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားခဲ့သည်။

အဆိုပါရန်ပုံငွေအစီအစဉ်အရ ပြည်သူတစ်ဦးလျှင် အမေရိကန်ဒေါ်လာ ၁၄၀၀ ရရှိမည်ဖြစ်ပြီး အလုပ်လက်မဲ့များအတွက် အကျိုးခံစားခွင့်ကို တိုးမြှင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

အမေရိကန်ပြည်သူများသည် ကိုဗစ်–၁၉ ရောဂါ ကူးစက်မှုဒဏ်ကို ဆိုးရွားစွာ ခံစားနေရကြောင်းနှင့် ယခုအချိန်သည် ပြန်လည် ကုစားပေးရမည့်အချိန် ဖြစ်ကြောင်း သမ္မတ ဂျိုးဘိုင်ဒင်က ဆိုသည်။

ထို့ပြင် အဆိုပါဥပဒေကြမ်းကို မတ် ၁၄ ရက် မတိုင်မီ ဥပဒေအဖြစ် ပြောင်းလဲအတည်ပြုပေးရန် မျှော်လင့်လျက်ရှိသည်။ မတ် ၁၄ ရက်တွင် လက်ရှိခွင့်ပြုထားသည့် အလုပ်လက်မဲ့အကျိုးခံစားခွင့် သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်း သိရသည်။

သို့သော် ဥပဒေကြမ်းအား ဥပဒေပြု အထက်လွှတ်တော်တွင် အတည်ပြုရန် မဲခွဲဆုံးဖြတ်ရာ၌ ရီပတ်ပလစ်ကန်အမတ်များ၏ ထောက်ခံမှုရရှိနိုင်ဖွယ်မရှိသည့်အတွက် သမ္မတ ဂျိုးဘိုင်ဒင်နှင့် ဒီမိုကရက်တစ်အမတ်များက ၎င်းတို့ကိုယ်တိုင် 



နည်းလမ်းရှာကြရမည်ဖြစ်ကြောင်း နိုင်ငံရေး စောင့်ကြည့်လေ့လာသူများက ခန့်မှန်းပြောကြားခဲ့သည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# Johnson & Johnson ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အမေရိကန်နိုင်ငံအတွင်း သုံးစွဲရန် အတည်ပြု

**ဝါရှင်တန် ဖေဖော်ဝါရီ ၂၈**

အမေရိကန် စားနပ်ရိက္ခာနှင့် ဆေးဝါးအာဏာပိုင်အဖွဲ့က နိုင်ငံအတွင်း သုံးစွဲရန် တတိယမြောက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအဖြစ် Johnson & Johnson ကာကွယ်ဆေးကို ယမန်နေ့က အတည်ပြုခဲ့ကြောင်း သိရသည်။




Johnson & Johnson ကာကွယ်ဆေးသည် အခြား ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများကဲ့သို့ နှစ်ကြိမ်ထိုးနှံစရာမလိုဘဲ တစ်ကြိမ်တည်းသာ ထိုးနှံရမည်ဖြစ်သည်။

အဆိုပါ ကာကွယ်ဆေးအပေါ် လက်တွေ့စမ်းသပ်မှုရလဒ်များအရ ကိုဗစ်–၁၉ ရောဂါကို ခုခံကာကွယ်နိုင်စွမ်း ပိုမိုရှိကြောင်း တွေ့ရှိရသည်။

ကမ္ဘာတစ်ဝန်းရှိ ပြည်သူ ၄၀၀၀၀ အား လက်တွေ့စမ်းသပ်မှုပြုရာတွင် အဆိုပါကာကွယ်ဆေး ထိုးနှံမှုခံယူပြီးနောက် ၂၈ ရက်အကြာတွင် ရောဂါဖြစ်ပွားမှုကို ၆၆ ဒသမ ၁ ရာခိုင်နှုန်းခန့် ကာကွယ်ပေးနိုင်ကြောင်း သိရသည်။

ထို့ပြင် ရောဂါခံစားရမှုအခြေအနေ ပြင်းထန်သူများတွင် အဆိုပါကာကွယ်ဆေး၏ ထိရောက်မှုနှုန်းသည် ၈၅ ဒသမ ၄ ရာခိုင်နှုန်းရှိသည်။

ဗီဇပြောင်း ဗိုင်းရပ်စ်စတင်ကူးစက်ပျံ့နှံ့လျက်ရှိသည့် တောင်အာဖရိကနှင့် ဘရာဇီးနိုင်ငံတို့တွင်လည်း အဆိုပါကာကွယ်ဆေး၏ ထိရောက်မှုနှုန်းသည် ၈၅ ဒသမ ၄ ရာခိုင်နှုန်းရှိကြောင်း ကနဦးလက်တွေ့စမ်းသပ်မှုရလဒ်များအရ သိရသည်။

အမေရိကန်ဆေးဝါးကုမ္ပဏီ Pfizer နှင့် ဂျာမနီဆေးဝါးကုမ္ပဏီ BioNTech တို့ ပူးပေါင်းထုတ်လုပ်သည့် Pfizer ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးနှင့် Moderna ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးတို့ကို နိုင်ငံအတွင်း သုံးစွဲလျက်ရှိသည်။ အဆိုပါ ကာကွယ်ဆေးနှစ်မျိုးသည် နှစ်ကြိမ်ထိုးနှံမှုခံယူရသည့် ကာကွယ်ဆေးများဖြစ်သည်။ ယခု တတိယမြောက် အတည်ပြုသည့် Johnson & Johnson ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးသည် တစ်ကြိမ်သာ ထိုးနှံရန် လိုအပ်ကြောင်း သိရသည်။

ထို့ပြင် Johnson & Johnson ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို အပူချိန် ၂ ဒီဂရီ စင်တီဂရိတ်မှ ၈ ဒီဂရီ စင်တီဂရိတ်အတွင်း အနည်းဆုံး သုံးလတိုင်တိုင် သိမ်းဆည်းထားရှိရန်လိုအပ်သည်။

Johnson & Johnson ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို သုံးစွဲခွင့်ပြုခဲ့သည့်အတွက် နိုင်ငံအတွင်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ပိုမိုအရှိန်မြှင့်တင်နိုင်မည်ဖြစ်ကြောင်း သိရသည်။

**ကိုးကား– အင်န်အိတ်ချ်ကေ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၅၄၂၂၁ ဦးရှိလာ

**ရီယိုဒီဂျနေးရိုး ဖေဖော်ဝါရီ ၂၈**

ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့် တစ်ရက်တာကာလအတွင်း ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ ၁၃၈၆ ဦးရှိခဲ့သဖြင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၅၄၂၂၁ ဦးအထိရှိလာခဲ့ကြောင်း ဘရာဇီးနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်ခဲ့သည်။

ထို့ပြင် ဘရာဇီးနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်တာ ကာလအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူ ၆၁၆၀၂ ဦးရှိခဲ့ခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၁၀၅၁၇၂၃၂ ဦးအထိရှိလာခဲ့ကြောင်း အဆိုပါကျန်းမာရေးဝန်ကြီးဌာန၏ အချက်အလက်များအရ သိရသည်။

ဘရာဇီးနိုင်ငံသည် ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးမှုအများဆုံးနိုင်ငံများစာရင်းတွင် အမေရိကန်နိုင်ငံပြီးနောက် ဒုတိယအများဆုံးနေရာတွင် ရပ်တည်လျက်ရှိပြီး ကိုဗစ်–၁၉ ရောဂါကူးစက်မှုတွင်မူ အမေရိကန်နိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့နောက်တွင် တတိယအများဆုံးနိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံ၏ လူဦးရေအထူထပ်ဆုံးပြည်နယ်ဖြစ်သည့် ဆော်ပေါ်လိုပြည်နယ်သည် နိုင်ငံအတွင်း ကိုဗစ်–၁၉ ရောဂါ ကူးစက်သေဆုံးမှု အများဆုံးပြည်နယ်ဖြစ်ပြီး ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၀၃၇၂၆၇ ဦးရှိခဲ့ကာ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၅၉၄၂၈ ဦးရှိခဲ့ကြောင်း သိရသည်။ ဆော်ပေါ်လိုပြည်နယ်၏နောက်တွင် ရီယိုဒီဂျနေးရိုးသည် ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၈၂၁၆၄ ဦး၊ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၃၀၃၅ ဦးဖြင့် ဘရာဇီးနိုင်ငံ၏ ကိုဗစ်–၁၉ ရောဂါ ကူးစက်သေဆုံးမှု ပြည်နယ်များအနက် ဒုတိယ အများဆုံးပြည်နယ်အဖြစ် ရပ်တည်လျက်ရှိကြောင်း သိရသည်။

ဘရာဇီးနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီလ တတိယပတ်တွင် စတင်ခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ပြည်သူ ၆ ဒသမ ၄ သန်းကျော်မှာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးပထမအကြိမ်ထိုးနှံမှုခံယူထားပြီဖြစ်ကာ ပြည်သူ ၁ ဒသမ ၈ သန်းမှာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်စလုံး ထိုးနှံမှုခံယူထားပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်–အလင်းသစ်**

# အီရတ်နိုင်ငံ၌ ကားဗုံးတစ်လုံးပေါက်ကွဲ၊ လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦး သေဆုံး

**ဘဂ္ဂဒက် ဖေဖော်ဝါရီ ၂၈**

အီရတ်နိုင်ငံ အနောက်ပိုင်းရှိ အန်ဘာခရိုင်တွင် ကားဗုံးတစ်လုံး ယနေ့ပေါက်ကွဲခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင် ငါးဦးသေဆုံးခဲ့ပြီး လေးဦး ထိခိုက်ဒဏ်ရာများရရှိခဲ့ကြောင်း ယနေ့သတင်းများအရ သိရသည်။

ဘဂ္ဂဒက်မြို့တော်၏ အနောက်မြောက်ဘက် ကီလိုမီတာ ၂၀၀ ခန့်ရှိ အန်ဘာခရိုင် ဟာဒီသာမြို့၌ အဆိုပါကားဗုံးပေါက်ကွဲခဲ့ခြင်း ဖြစ်သည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များက သံသယဖြစ်ဖွယ် မော်တော်ယာဉ်တစ်စီးအား သွားရောက်စစ်ဆေးမှုပြုလုပ်စဉ် အဆိုပါ မော်တော်ယာဉ် ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ဟာဒီသာမြို့တော်ဝန် မာဘရော့ခ်ဟာမိဒ်က ဆိုသည်။

လွန်ခဲ့သော လအနည်းငယ်အတွင်း အစ္စလာမ္မစ် စစ်သွေးကြွအဖွဲ့ (အိုင်အက်စ်) သည် ဆွန်နီခရိုင်အတွင်း လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်တိုက်ခိုက်မှုများ မကြာခဏ လုပ်ဆောင်ခဲ့သည်။ အဆိုပါ အပြန်အလှန်တိုက်ခိုက်မှုများတွင် တပ်ဖွဲ့ဝင်များနှင့် စစ်သွေးကြွအဖွဲ့ဝင်အများအပြား သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာများရရှိခဲ့သည်။ ဆွန်နီခရိုင်သည် အိုင်အက်စ်စစ်သွေးကြွအဖွဲ့၏ ယခင်သိမ်းပိုက်ခြင်းခံထားရသည့် ခရိုင်တစ်ခုဖြစ်သည်။

၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက အိုင်အက်စ်စစ်သွေးကြွအဖွဲ့အား အပြင်းအထန်တိုက်ခိုက်ချေမှုန်းပြီးချိန်မှစပြီး နိုင်ငံအဝန်း၌ လုံခြုံရေးအခြေအနေ တိုးတက်ကောင်းမွန်မှုရှိလာခဲ့သည်။

သို့သော် အိုင်အက်စ်စစ်သွေးကြွအဖွဲ့ဝင်အချို့သည် ကျေးလက်ဒေသများနှင့်သဲကန္တာရဒေသများတွင် ပုန်းအောင်းနေထိုင်လျက်ရှိပြီး မကြာခဏဆိုသလို ပြည်သူများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ပစ်မှတ်ထားကာ အကြမ်းဖက်လုပ်ရပ်များ ကျူးလွန်လျက်ရှိကြောင်း သိရသည်။

**ကိုးကား– ဆင်ဟွာ**
**ဘာသာပြန်– အောင်ကျော်ကျော်**

# အီရန်နိုင်ငံ၌ သူနာပြု ၆၂၀၀၀ ကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီး ၁၀၀ ခန့် သေဆုံး

**တီဟီရန် ဖေဖော်ဝါရီ ၂၈**

အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ စတင်ဖြစ်ပွားခဲ့ချိန်မှစ၍ လက်ရှိအချိန်အထိ သူနာပြု ၆၂၀၀၀ ကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံခဲ့ရပြီး ၎င်းတို့အနက် ၁၀၀ ခန့်သည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း အီရန်တာဝန်ရှိသူတစ်ဦးက ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြောကြားသည်။

"ပြီးခဲ့တဲ့နှစ်က အီရန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့နေစဉ် သူနာပြုတွေရဲ့ ပေးဆပ်အနစ်နာခံမှုတွေကြောင့် ပြည်သူတွေရဲ့ ပြဿနာတချို့ကို ပြေပျောက်စေခဲ့ပြီး သူတို့ရဲ့ ကြိုးပမ်းလုပ်ဆောင်မှုတွေအပေါ် ကျေးဇူးတင်မိပါတယ်"ဟု အီရန်ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မာရီယံဟာဇရာတီက မြို့တော်တီဟီရန်တွင် ပြုလုပ်သော ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသွားသည့် သူနာပြုများအတွက် ဂုဏ်ပြုပွဲအခမ်းအနားတစ်ရပ်တွင် ထည့်သွင်းပြောကြားခဲ့သည်။

အီရန်နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသွားသည့်သူနာပြု ၁၀၀ ခန့်နှင့် ပတ်သက်သည့် သတင်းများကို ကျန်းမာရေးဝန်ကြီးဌာနနှင့် အာဇာနည်ဖောင်ဒေးရှင်းတို့၏ ကြီးကြပ်မှုဖြင့် ဆန်းစစ်လေ့လာလျက်ရှိပြီး ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသွားသည့် သူနာပြုများအနက် တချို့ကို မိမိတာဝန်အား အသက်နှင့်ရင်းပြီး ထမ်းဆောင်သော အာဇာနည်များအဖြစ် အသိအမှတ်ပြုရန် အတည်ပြုထားပြီးဖြစ်ကြောင်း သိရသည်။

အီရန်နိုင်ငံတွင် ဖေဖော်ဝါရီ ၂၆ ရက်နှင့် ၂၇ ရက်အကြား ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၇၉၇၅ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် လက်ရှိအချိန်အထိ အဆိုပါရောဂါကူးစက်ခံရသူပေါင်း ၁၆၂၃၁၅၉ ဦးရှိလာခဲ့သည်။ ထို့အတူ အီရန်၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါဖြင့် ၈၁ ဦး ထပ်မံသေဆုံးခဲ့ပြီးနောက် ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၅၉၉၈၀ ရှိလာကြောင်း အီရန်ကျန်းမာရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူအမျိုးသမီး ဆီမာ ဆာဒတ်လာရီက ပြောကြားသည်။



အီရန်၌ အသစ်တွေ့ရှိခဲ့သည့် အဆိုပါ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ၇၉၇၅ ဦးအနက် ၄၁၈ ဦးသာ ဆေးရုံတင်ခြင်းခံရကြောင်း သိရသည်။ ထို့အပြင် အီရန်၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် လူနာ ၁၃၈၆၅၃၄ ဦးတို့သည် ရောဂါ ကင်းစင်သွားပြီး လတ်တလောအချိန်တွင် လူနာ ၃၇၂၉ ဦးသာ နိုင်ငံတစ်ဝန်းရှိ အထူးကြပ်မတ်ကုဌာနများတွင် ဆေးဝါးကုသမှုခံယူလျက်ရှိကြောင်း ဆာဒတ်လာရီက ထပ်မံပြောကြားသည်။

အီရန်အာဏာပိုင်များသည် နိုင်ငံ၏ အနောက်တောင်ဘက် အီရတ်နယ်စပ် ခူဇက်စ်တန်ပြည်နယ်ရှိ ခရိုင်ပေါင်း ၁၁ ခုတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုဆိုင်ရာ အဆင့်မြင့်ဆုံး သတိပေးချက်ဖြစ်သည့် အနီရောင်အဆင့်ကို ထုတ်ပြန်ကြေညာထားပြီး ဒေသခံပြည်သူများအား နေအိမ်များတွင်သာ အတတ်နိုင်ဆုံးနေထိုင်ကြရန် တိုက်တွန်းထားကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# တရုတ်နိုင်ငံ၏ Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအသုတ် မက္ကဆီကိုနိုင်ငံသို့ ရောက်ရှိ

**မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၂၈**

တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဒုတိယအသုတ် မက္ကဆီကိုနိုင်ငံသို့ ယမန်နေ့တွင် ရောက်ရှိလာခဲ့ကြောင်း မက္ကဆီကို ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားခဲ့သည်။

**အထောက်အကူဖြစ်စေခဲ့**

အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ ထောက်ပံ့ပေးသည့်အတွက် တရုတ်နိုင်ငံအား ကျေးဇူးတင်ရှိပါကြောင်းနှင့် ယင်းကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ရောက်ရှိလာခြင်းသည် မက္ကဆီကိုနိုင်ငံအစိုးရ၏ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် အထောက်အကူဖြစ်စေခဲ့ပါကြောင်း မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီး မာဆယ်လိုအက်ဘ်ရာ့ဒ်က ပြောကြားခဲ့သည်။



တရုတ်နိုင်ငံသည် မက္ကဆီကိုနိုင်ငံအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြည့်အဝ အထောက်အပံ့ပေးရန် ကတိပြုထားပါကြောင်း မက္ကဆီကို နိုင်ငံခြားရေးဝန်ကြီးက ပြောကြားခဲ့သည်။ အပြန်အလှန် အထောက်အပံ့ပေးမှုနှင့် စည်းလုံးညီညွတ်မှုစိတ်ဓာတ်ဖြင့် မက္ကဆီကိုနိုင်ငံနှင့်အတူ အတူတကွပူးပေါင်းဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ရာတွင် ပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ရန် တရုတ်နိုင်ငံက ဆန္ဒရှိပါကြောင်း မက္ကဆီကိုနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ဆူကင်းကွမ်က ပြောကြားခဲ့သည်။

တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးပထမအသုတ်သည် မက္ကဆီကိုနိုင်ငံသို့ ဖေဖော်ဝါရီ ၂၀ ရက်တွင် ရောက်ရှိခဲ့ခြင်းဖြစ်ပြီး အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို မက္ကဆီကို ကျန်းမာရေးတာဝန်ရှိသူများက ယခုသီတင်းပတ်အတွင်း နိုင်ငံတစ်ဝန်းသို့ ဖြန့်ချိခဲ့ကြောင်း သိရသည်။

**ထိုးနှံပေးခဲ့**

မက္ကဆီကိုနိုင်ငံသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဒီဇင်ဘာလအတွင်းက စတင်ခဲ့ခြင်းဖြစ်ပြီး AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို စတင်အသုံးပြုခဲ့ခြင်းဖြစ်သည်။ နိုင်ငံတစ်ဝန်း ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အရ ပထမဦးစားပေးအုပ်စုအဖြစ် ကျန်းမာရေးဝန်ထမ်းများကို ထိုးနှံပေးခဲ့ခြင်းဖြစ်ကာ ယခုလလယ်ပိုင်းတွင် ဆင်းရဲနွမ်းပါးသည့်ဒေသများရှိ အသက်အရွယ်ကြီးရင့်သူများကို ထိုးနှံပေးခဲ့ကြောင်း သိရသည်။

လက်ရှိတွင် မက္ကဆီကိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ နှစ်သန်းကျော်နှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၁၈၄၀၀၀ ကျော်ရှိခဲ့ကြောင်း သိရသည်။ ထို့ကြောင့် မက္ကဆီကိုနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှုတွင် အမေရိကန်နိုင်ငံနှင့် ဘရာဇီးနိုင်ငံပြီးပါက သေဆုံးမှုတတိယအများဆုံး နိုင်ငံအဖြစ် ရပ်တည်လျက်ရှိကြောင်း အမေရိကန်နိုင်ငံ အခြေစိုက်ဂျွန်ဟော့ပ်ကင်းစ်၏ အချက်အလက်များအရ သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း သုံးသိန်းကျော်ရှိလာ



**ကွာလာလမ်ပူ ဖေဖော်ဝါရီ ၂၈**

မလေးရှားနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၄၃၇ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၀၀၇၅၂ ဦး ရှိလာကြောင်း မလေးရှားကျန်းမာရေးဝန်ကြီးဌာနက ယနေ့တွင် ပြောကြားသည်။

တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများအနက် နှစ်ဦးသည် ပြည်ပမှလာသူများဖြစ်ပြီး ကျန် ၂၄၃၅ ဦးသည် ပြည်တွင်း၌ ရောဂါကူးစက်ခံခဲ့ရခြင်းဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် နူးရ်ဟီရှမ်အဗ္ဗူလာက သတင်းစာရှင်းလင်းပွဲတစ်ရပ်တွင် ပြောကြားသည်။

ထို့အပြင် မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် တစ်ရက်အတွင်း လူနာကိုးဦး ထပ်မံသေဆုံးခဲ့ပြီးနောက် လက်ရှိအချိန်အထိ ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၁၁၃၀ ရှိလာခဲ့သည်။

သို့သော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသော လူနာ ၃၂၅၁ ဦးသည် တစ်ရက်တာအတွင်း ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့သဖြင့် မလေးရှား၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၂၇၃၄၁၇ ဦး ရှိလာကာ ရာခိုင်နှုန်းအားဖြင့် ရောဂါကူးစက်ခံရသူအားလုံး၏ ၉၀ ဒသမ ၉ ရာခိုင်နှုန်းခန့်ရှိသည်။

လက်ရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသောလူနာ ၂၆၂၀၅ ဦးအနက် ၂၀၂ ဦးသည် နိုင်ငံတစ်ဝန်းရှိ အထူးကြပ်မတ်ကုဌာနများတွင် ဆေးဝါးကုသမှုခံယူလျက်ရှိပြီး၎င်းတို့အနက် ၉၃ ဦးသည် အသက်ရှူအထောက်အကူပြုကိရိယာ တပ်ဆင်ရန်လိုအပ်ကြောင်း သိရသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ် စတင်

**ဗန်ကောက် ဖေဖော်ဝါရီ ၂၈**

ထိုင်းနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုအစီအစဉ်ကို ယနေ့တွင် စတင်ခဲ့ပြီး တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု အစီအစဉ်အရ ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီး အနူတင်ချန်ဗီရာကူလ်သည် ဗန်ကောက်မြို့အနီးရှိ ဆေးရုံတစ်ခု၌ တရုတ်နိုင်ငံ Sinovac Biotech ဆေးဝါးကုမ္ပဏီမှ ထုတ်လုပ်သည့် Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ပထမအကြိမ် စတင်ထိုးနှံခဲ့မှုခံယူခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီး အနူတင်ချန်ဗီရာကူလ်က အဆိုပါကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမှာ ဘေးကင်းလုံခြုံမှုရှိကြောင်း အလေးထားပြောကြားခဲ့ပြီး ယင်းကာကွယ်ဆေးသည် ထိုင်းနိုင်ငံပြည်သူများအား ကိုဗစ်-၁၉ ရောဂါအန္တရာယ်မှ အကာအကွယ်ပေးနိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ထိုင်းနိုင်ငံသည် တရုတ်နိုင်ငံထုတ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို အသုံးပြုခဲ့သည့်အပြင် ဗြိတိန်ဆေးဝါးကုမ္ပဏီ AstraZeneca နှင့် အောက်စ်ဖို့ဒ်တက္ကသိုလ်တို့ ပူးပေါင်းထုတ်လုပ်သည့် AstraZeneca ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကိုလည်း အရေးပေါ်အသုံးပြုရန် အတည်ပြုခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ထို့ကြောင့် ထိုင်းနိုင်ငံအစိုးရသည် ယခုနှစ်ကုန်မတိုင်မီကာလအတွင်း အဆိုပါကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်မျိုးပေါင်း အလုံးရေ ၆၃ သန်းအထိ ဝယ်ယူရန် စီစဉ်လျက်ရှိကြောင်း သိရသည်။ ထိုင်းနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကို ထိန်းချုပ်ရာတွင် အောင်မြင်မှုရရှိခဲ့သည့် အရှေ့တောင်အာရှနိုင်ငံများအနက် တစ်နိုင်ငံဖြစ်သော်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုတွင် အင်ဒိုနီးရှားနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့၏နောက်မှသာ ဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် ပြည်သူတချို့၏ ဝေဖန်မှုများလည်း ခံခဲ့ရသည်။

ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အရေးပေါ်အခြေအနေကို ပြီးခဲ့သည့်နှစ်မတ်လကတည်းက စတင်ခဲ့ခြင်းဖြစ်ပြီး အဆိုပါအရေးပေါ်အခြေအနေကို မတ်လကုန်အထိ သက်တမ်းတိုးမြှင့်ရန် ထိုင်းနိုင်ငံအစိုးရက စီစဉ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား-အင်န်အိတ်ချ်ကေ**
**ဘာသာပြန်-အလင်းသစ်**



# တရုတ်နိုင်ငံက လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ် ဖိလစ်ပိုင်နိုင်ငံသို့ ရောက်ရှိ

**မနီလာ ဖေဖော်ဝါရီ ၂၈**

တရုတ်နိုင်ငံက လှူဒါန်းသော Sinovac ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးသည် ဖိလစ်ပိုင်နိုင်ငံသို့ ယနေ့ရောက်ရှိလာခဲ့ရာ ဖိလစ်ပိုင်နိုင်ငံသို့ ပထမဆုံးရောက်ရှိလာသည့်ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြစ်လာကြောင်း သိရသည်။

ထို့နောက် မြို့တော်မနီလာရှိ လေတပ်အခြေစိုက်စခန်းတစ်ခုတွင် ကာကွယ်ဆေးလွှဲပြောင်းပေးအပ်ပွဲကျင်းပရာ ဖိလစ်ပိုင်သမ္မတ ဒူတာတေး တက်ရောက်ခဲ့သည်။ ကိုဗစ်-၁၉ ရောဂါ ရောက်ရှိလာခြင်းနှင့်အတူ ဖိလစ်ပိုင်အစိုးရသည် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အစုလိုက်အပြုံလိုက် ထိုးနှံမှုအစီအစဉ်ကို မကြာမီစတင်နိုင်တော့မည်ဖြစ်ပြီး ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးအတွက် ဖိလစ်ပိုင်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှု ခြေလှမ်းသစ်တစ်ခုအဖြစ် ထင်ရှားလာမည်ဖြစ်သည်။

ဖိလစ်ပိုင်အစိုးရသည် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို တရုတ်နိုင်ငံမှ လှူဒါန်းသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဖြင့် လာမည့်သီတင်းပတ်မှ စတင်ဆောင်ရွက်ရန် စီစဉ်ထားသည်။ ကာကွယ်ဆေးထိုးနှံမှု စတင်ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ သက်ကြီးရွယ်အိုများနှင့် ဝင်ငွေနည်းပါးသော ပြည်သူများစသည်ဖြင့် ဦးစားပေးအလိုက် အဆင့်ဆင့် ထိုးနှံပေးသွားမည်ဖြစ်သည်။

လက်ရှိအချိန်တွင် ဖိလစ်ပိုင်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၅၇၆၃၅၂ ဦးရှိပြီး ၎င်းတို့အနက် ၁၂၃၁၈ ဦးသည် ထိုရောဂါဖြင့် သေဆုံးခဲ့ကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဌာနမှ ထုတ်ပြန်သည့်နောက်ဆုံးအချက်အလက်များအရ သိရသည်။ သို့သော် ဖိလစ်ပိုင်နိုင်ငံတစ်ဝန်းတွင် တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ လူနာ ၉၄၁၈ ဦး ရောဂါ ကင်းစင်ခဲ့ပြီးနောက် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၅၃၄၂၇၁ ဦးရှိလာကြောင်း ကျန်းမာရေးဌာနမှ ထုတ်ပြန်သည့်အချက်အလက်များအရ သိရသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - ဂျေတီ**



# ဟန်ဂေရီသမ္မတ ဂျနိုစ်အာဒါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှု ခံယူ

**ဘူဒါပက်စ် ဖေဖော်ဝါရီ ၂၈**

ဟန်ဂေရီသမ္မတ ဂျနိုစ်အာဒါက ယမန်နေ့တွင် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူခဲ့ကြောင်း သိရသည်။

သမ္မတ အာဒါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းကို ရုပ်သံလိုင်းမှတစ်ဆင့် တိုက်ရိုက်ထုတ်လွှင့်ခဲ့သည်။ ပြည်သူများအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုခံယူကြရန် သမ္မတ အာဒါက တိုက်တွန်းပြောကြားခဲ့သည်။

ဟန်ဂေရီအာဏာပိုင်များက သုံးစွဲခွင့်အတည်ပြုသည့် မည်သည့်ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးမဆို ထိုးနှံမှုခံယူရန် သမ္မတ အာဒါက ပြည်သူများအား တိုက်တွန်းပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ပျံ့နှံ့မှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် ဆရာဝန်များနှင့် နိုင်ငံ၏ ကျန်းမာရေးစနစ်အပေါ် ယုံကြည်မှုရှိရန် လိုအပ်ကြောင်း သမ္မတ အာဒါက ဆိုသည်။

ဟန်ဂေရီနိုင်ငံတွင် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပါအဝင် နောက်ထပ်ကာကွယ်ဆေး လေးမျိုးကို ဝယ်ယူရန် စာချုပ်ချုပ်ဆိုထားကြောင်း သိရသည်။

တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအသုတ်ကို ဖေဖော်ဝါရီ ၁၆ ရက်တွင် ဟန်ဂေရီနိုင်ငံက လက်ခံရရှိခဲ့သည်။ နိုင်ငံအဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဖေဖော်ဝါရီ ၂၄ ရက်က စတင်ခဲ့သည်။

လက်ရှိအချိန်အထိ နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးသူ ၅၂၁၂၈၃ ဦးရှိပြီး ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူ ၂၄၀၆၂၂ ဦးရှိကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အောင်ကျော်ကျော်**

| | | | |
|---|---|---|---|
| ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၁၄၄၆၄၀၉၄ | ဦး |
| | သေဆုံးသူ | ၂၅၃၉၀၆၃ | ဦး |
| | ပြန်လည်ကျန်းမာလာသူ | ၉၀၀၀၇၉၉၅ | ဦး |



# ထားဝယ်မြို့လယ်ရှိ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးရှေ့၌ လူစုလူဝေးဖြင့် မင်းမဲ့စရိုက်ဆန်စွာ ဆူပူအုံကြွသူများအား ဥပဒေနှင့်အညီ ထိန်းသိမ်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်ကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြေညာပြီး နောက်ပိုင်း ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြည်သူများသို့ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အား ချိုးဖောက်သူများနှင့် CDM ပြုလုပ်ရန် နည်းအမျိုးမျိုးဖြင့် လှုံ့ဆော်၊ ဖိအားပေးသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေး ကြေညာထားရှိပြီးဖြစ်သည်။

ထိုသို့ အသိပေးကြေညာထားရှိပြီး တနင်္သာရီ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရုံးရှေ့သို့ ယနေ့နံနက် ၁၀ နာရီခန့်မှစတင်၍ လူအင်အား ၁၀၀၀ ခန့် စုဝေးရောက်ရှိလာပြီး ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်း၊ ရန်းရင်းဆန်ခတ်ပြုမူခြင်းတို့ကို ဆောင်ရွက်လာခဲ့သည်။

ယင်းသို့ လှုံ့ဆော်ဆူပူအုံကြွသူများကို အုပ်ချုပ်မှုဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲရန် လက်ကိုင်အသံချဲ့စက်များဖြင့် အကြိမ်ကြိမ် သတိပေး မေတ္တာရပ်ခံခဲ့သော်လည်း လူစုခွဲခြင်းမရှိသည့်အပြင် လုံခြုံရေးအရ ကန့်သတ်ထားသော အတားအဆီးများကို ဖျက်ဆီးရန် ဆောင်ရွက်လာခဲ့သဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်မှုဖြိုခွဲရေးလုပ်ငန်းစဉ် အဆင့်ဆင့်အတိုင်း ဥပဒေနှင့်အညီ အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် ဆန္ဒပြလူအုပ်ကြီးအား လူစုခွဲဆောင်ရွက်ခဲ့ရာ ခေတ္တလူစုကွဲခဲ့သည်။ ထို့နောက် ဆန္ဒပြသူများအနက် အင်အား ၁၀၀ ခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များအား ခဲများဖြင့် အနီးကပ်ပစ်ပေါက်ပြီး မင်းမဲ့စရိုက်ဆန်ဆန် အကြမ်းဖက်လာခဲ့မှုကြောင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက မလွဲသာမရှောင်သာ ဒသမ ၁၂ ဗို့ ရော်ဘာကျည်ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရသည်။

ထိုသို့ လူစုခွဲခြင်းဆောင်ရွက်စဉ် ဆန္ဒပြသူများအနက် ရှေ့ဆုံးမှဦးဆောင်ပစ်ခတ်သူလေးဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးရုံသို့ပို့ဆောင်စဉ် သေဆုံးခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာရဲစခန်း၌ သေမှုသေခင်းဖွင့်လှစ်၍ စုံစမ်းလျက်ရှိကြောင်း သိရသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တည်ဆဲဥပဒေများဖြင့် အပြစ်မဲ့ပြည်သူများအပေါ် အရေးယူလိုခြင်းမရှိသော်လည်း ပြစ်မှုဆိုင်ရာဥပဒေများကို အများပြည်သူများသိရှိစေပြီး ဆူပူအုံကြွ၍ တည်ငြိမ်မှုကို ပျက်ပြားစေမည့်အကြံဖြင့် သွေးထိုးမြှောက်ပင့် စည်းရုံးမခံရစေရေးတို့အတွက် အသိပေး ကြေညာချက်များ ထုတ်ပြန်သတိပေးထားပြီးဖြစ်၍ အများပြည်သူများအနေဖြင့် သွေးဆောင်စည်းရုံးသူ NLD နိုင်ငံရေးသမားများ၏ စည်းရုံးမှုအကြံဆိုးများကို လက်သင့်မခံဘဲ မိမိတို့၏အသက်မွေးဝမ်းကျောင်းဆိုင်ရာကိစ္စရပ်များကိုသာ အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်ဆောင်ရွက်ကြရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






# ၂၀၂၀ ပြည့်နှစ် တစ်နိုင်ငံလုံး၌ မီးလောင်မှု ၂၁၃၉ ကြိမ်ဖြစ်ပွား

**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

မြန်မာတစ်နိုင်ငံလုံးတွင် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလအထိ မီးလောင်မှု ၂၁၃၉ ကြိမ်ဖြစ်ပွားခဲ့ပြီး ဆုံးရှုံးမှုတန်ဖိုးမှာ ငွေကျပ်သန်းပေါင်း ၆၆၄၀ ဒသမ ၀၇ ခန့် ဆုံးရှုံးခဲ့ကြောင်း မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနမှ သိရသည်။

မီးလောင်မှု ၂၁၃၉ ကြိမ်ဖြစ်ပွားရာတွင် မီးဖိုမီးပေါ့ဆမီးကြောင့် ၁၀၈၄ ကြိမ်၊ အလိုအလျောက်မီးကြောင့် ၄၉ ကြိမ်၊ လျှပ်စစ်မီးကြောင့် ၅၃၉ ကြိမ်၊ မသမာသူရှို့မီးကြောင့်၂၈၉ ကြိမ်၊ တောမီးကြောင့် ၁၆၃ ကြိမ်၊ သောင်းကျန်းသူရှို့မီးကြောင့် သုံးကြိမ်၊ မိုးကြိုးပစ်ခတ်မှုကြောင့်ကိုးကြိမ်၊ စုံစမ်းဆဲ သုံးကြိမ် ရှိသည်။ မီးလောင်မှုကြောင့် စက်ရုံအလုပ်ရုံ အပါအဝင် အဆောက်အအုံပေါင်း ၃၂၄၆ လုံး မီးလောင်ခံရပြီး လူ ၇၅ ဦး၊ တိရစ္ဆာန် ၁၆၀၀၉ ကောင် သေဆုံးခဲ့ပြီး ထိခိုက်ဒဏ်ရာရရှိသူ ၂၀၂၀ ရှိသည်။

မီးလောင်မှုအကြိမ် အများဆုံးဖြစ်ပွားသည့်ဒေသမှာ မန္တလေးတိုင်းဒေသကြီး၊ ဒုတိယအများဆုံးမှာ ရန်ကုန်တိုင်းဒေသကြီးနှင့် တတိယအများဆုံးဖြစ်ပွားသည့်ဒေသမှာ စစ်ကိုင်းတိုင်းဒေသကြီးဖြစ်သည်။

၂၀၁၉ ခုနှစ်တွင် မီးလောင်မှု ၂၁၅၅ ကြိမ် ဖြစ်ပွားခဲ့ပြီး ၂၀၂၀ ပြည့်နှစ်တွင် မီးလောင်မှု ၂၁၃၉ ကြိမ် ဖြစ်ပွားခဲ့သည်။ ၂၀၂၀ ပြည့်နှစ်တွင် မီးလောင်မှု အကြိမ်အရေအတွက် လျော့နည်းခဲ့သော်လည်း ဆုံးရှုံးမှုတွင် ၂၀၁၉ ခုနှစ်ထက် ငွေကျပ်သန်းပေါင်း ၃၅၆၀ ဒသမ ၆၂ ခန့် ပိုမိုခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမီးသတ်ဦးစီးဌာနသည် မီးလောင်မှု လျော့နည်းကျဆင်းစေရေးအတွက် မီးသတိပြုနိုးဆော်အသိပညာပေးရေး၊ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်တားဆီးရေး၊ မီးငြိမ်းသတ်ရေး ကဏ္ဍတို့ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# သီပေါမြို့နယ်၌ စိတ်ကြွရူးသွပ်ဆေးပြား ၇၀၀၀၀၀ သိမ်းဆည်းရမိ

**သီပေါ ဖေဖော်ဝါရီ ၂၈**

ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းက သီပေါမြို့နယ် ပန်းစောက်မိန်းကျေးရွာအနီး သီပေါ-လားရှိုးသွား ပြည်ထောင်စုကားလမ်းမကြီး မိုင်တိုင်အမှတ် ၁၃၁/၀ အနီး မသင်္ကာဖွယ်အထုပ်သုံးထုပ် တွေ့ရှိ၍ သီပေါမြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ရာ အဖြူရောင်ဆာလာအိတ်နှစ်အိတ်၊ အဝါရောင်ဆာလာအိတ်တစ်အိတ်တို့အား တွေ့ရှိသဖြင့် စနစ်တကျ မိုင်းရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ပြီး ၎င်းဆာလာအိတ်သုံးအိတ်အား သက်သေများရှေ့ ဖွင့်ဖောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ အဖြူရောင်ဆာလာအိတ်နှစ်အိတ်အတွင်းမှ WY စာတန်းပါ လိမ္မော်ရောင်ဆေးပြား စုစုပေါင်း ၆၀၀၀၀၀၊ အဝါရောင်ဆာလာအိတ်အတွင်းမှ R တံဆိပ်ပါ ပန်းရောင်ဆေးပြား စုစုပေါင်း ဆေးပြား ၁၀၀၀၀၀ ရှာဖွေတွေ့ရှိ သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

**ကိုလတ်**





# ကေသမုတ္တိမှ ကာလာမလူမျိုးတို့၏ မေးခွန်းပုစ္ဆာ

ညိုချော

ကေသမုတ္တိကို ရွာကြီးတစ်ရွာ ဒါမှမဟုတ် မြို့ပြနိုင်ငံငယ်လို့ ဖွင့်ဆိုကြပါတယ်။ ဗုဒ္ဓမြတ်စွာပွင့်တော်မူတဲ့အချိန်တုန်းက ထိုဒေသဟာ အလွန်ကို သာယာဝပြောပြီး အယူဝါဒအမျိုးမျိုးကိုလည်း ကိုးကွယ်ယူဆကြတာရှိပါတယ်။ မြတ်ဗုဒ္ဓက ကေသမုတ္တိကို ကြွရောက်လာတဲ့အခါ ဒေသခံကာလာမလူမျိုးတွေဟာ ဘုရားရှင်ကို မေးခွန်းတွေ မေးမြန်းလျှောက်ထားပါတယ်။ မြတ်စွာဘုရားက လူ့လောကသဘာဝ အခြေအနေအရလည်း အမှန်ဆုံး၊ သံသရာကောင်းကျိုးအတွက်လည်း အမှန်ဆုံးဖြစ်တော်မူတဲ့၊ Universal Truth လည်းဖြစ်တဲ့ ကာလာမသုတ္တန်ကို ဟောကြားခဲ့ဖူးပါတယ်။

လောကမှာ အယူဝါဒမတူညီတဲ့အတွက် ငြင်းကြ၊ ခုံကြရတာဟာ ဘုရားရှင်လက်ထက်ကတည်းက ရှိခဲ့တာပါ။ တစ်အုပ်စုနဲ့တစ်အုပ်စု အမြင်မတူ၊ အသွင်ကွဲပြားတာကို မိမိကိုယ်ပိုင်ဉာဏ်နဲ့ ဝေဖန်ပိုင်းခြားကျင့်သုံးကြည့်ပြီးမှသာ လက်ခံသင့်တဲ့အကြောင်းနဲ့ ယင်းအတွက် စစ်ထုတ်ရမယ့်အချက်တွေကို ညွှန်ကြားပြသပေးခဲ့ခြင်း ဖြစ်ပါတယ်။ မြတ်ဗုဒ္ဓရဲ့တရားတော်တွေဟာ လက်ရှိကာလအထိ အသုံးဝင်ဆဲ၊ ကျင့်သုံးရန် သစ်လွင်နေဆဲ အယူအဆ ဒဿနတရားတော်တွေ ဖြစ်ပါတယ်။

### ဆရာတော်ကြီးများက ဟောကြားခဲ့

“ဝါဒအယူမှားတဲ့သူက အဆူဆူဗုဒ္ဓ ကယ်မရသည် လေးဝပယ်ဘုံဘေးတွေ့ကြုံသည် စိတ်ကိုဉာဏ်ဖြင့် မျှော်ထောက်ချင့်က တစ်ဆင့်ကြားသိ မိရိုးဖလာကောလာဟလ ကျမ်းစာမျှနှင့် ကြံဆနည်းမှီဆီလျော်သုံးသပ် လူချင်းထပ်၍ ယုံအပ်သည်ပဲ ဆရာစွဲဖြင့် လွဲပုံစိတ်ချမယူကြနှင့် ဒိဋ္ဌသိဋ္ဌာန် ကိုယ်ပိုင်ဉာဏ်ဖြင့် မှားမှန်ကောင်းဆိုးသိအောင်ကြိုးဟု မျိုးကာလာမ ဟောညွှန်ပြသည် ဝါဒအယူစစ်တမ်းနည်း” လို့ ဆရာတော်ကြီးများက ဟောကြားခဲ့ကြပါတယ်။

ကာလာမလူမျိုးတို့ကို မြတ်စွာဘုရားက “အို…ကာလာမလူမျိုး၊ အမျိုးကောင်းသားတို့… သင်တို့သည် လက်ခံကျင့်သုံးအပ်သော အမှန်တရားဓမ္မတို့ကို ဤဆယ်ချက်ဖြင့် ဆင်ခြင်စိစစ်၍ ဆုံးဖြတ်အားထုတ်ကြကုန်လော့…” ဆိုပြီး မိန့်တော်မူခဲ့ပါတယ်။

ရှေးစကားဖြစ်ရုံနဲ့လည်း အယူဝါဒတစ်ခုကို လက်မခံပါနှင့်။ ဓလေ့ထုံးစံဖြစ်ရုံနဲ့ အားလုံးကို အမှန်လို့လက်မခံပါနှင့်။ လူအများပြောနေကြရုံ၊ နာမည်ကျော်ကြားရုံနဲ့ မစုံစမ်းမဆင်ခြင်ဘဲ အယူဝါဒကို လက်မခံပါနှင့်။ ရှေးဟောင်းစာပေကျမ်းဂန်တွေမှာ ပါတိုင်းလည်း လက်မခံပါနှင့်။ မိမိဉာဏ်ရှိသမျှ တွေးခေါ် ကြံဆတဲ့အယူဝါဒဆိုတိုင်း မှန်တယ်လို့ လက်မခံပါနှင့်။ အဲဒီအယူဝါဒမှာ ထောက်ပံ့အမှီပြုနိုင်တဲ့ နည်းနာနိဿယတွေရှိတယ်ဆိုပြီး အလွယ်တကူလက်မခံပါနှင့်။ မိမိဘာသာတွေးတောကြံစည်မိတိုင်း ဟုတ်ပြီဆိုပြီး လက်မခံပါနှင့်။ ဒီအယူဝါဒတွေဟာ မိမိတွေးတောတာနဲ့ တူညီတယ်ဆိုပြီးလည်း လက်မခံပါနှင့်။ အများက လေးစားရိုသေအပ်တဲ့ ပုဂ္ဂိုလ်ကြီးတွေစကားမို့ဆိုပြီးလည်း လက်မခံပါနှင့်။ မိမိတို့ ရင်းနှီးကျွမ်းဝင်ချစ်ခင်တဲ့ ဆရာသမားတွေစကားပဲ ဆိုပြီးလည်း အပြီးသတ်လက်ခံယုံကြည်မှုကို မပြုလိုက်ပါနဲ့ဦးလို့ မြတ်စွာဘုရားက ဟောကြားခဲ့ပါတယ်။

**မြတ်စွာဘုရားရှင်က “ကာလာမလူမျိုးတို့…သင်၏ကိုယ်ပိုင်ဉာဏ်ဖြင့် ဦးစွာစဉ်းစားဆင်ခြင်သုံးသပ်ကာ ဤတရားသည် မကောင်းမှုတရားတို့ပေတည်း၊ ဤတရားတို့ကား…အကျိုးမဲ့အပြစ်ကိုသာ ဖြစ်စေသော တရားတို့တည်း။ ဤတရားတို့ကား …ပညာရှိတို့ ကဲ့ရဲ့အပ်သော တရားတို့တည်း။ ဤတရားတို့ကား… ဆင်းရဲဒုက္ခအပေါင်းမှ လွတ်မြောက်ကြောင်းမဟုတ်သော တရားတို့ပေတည်း..ဟု ရှောင်ရှားပယ်စွန့်သင့်သည်တို့ကို စွန့်ပစ်ကာ လက်ငင်းအကျိုးကျေးဇူး အမှန်တကယ်ပြုနိုင်သော တရားတို့ကိုသာ လက်တွေ့ကျင့်သုံးပြီးမှ ယုံကြည်လက်ခံကြပါ”လို့ မိန့်တော်မူခဲ့တာဖြစ်ပါတယ်။**

မြတ်ဗုဒ္ဓ၏ မိန့်ဆိုချက်တွေက နှစ်ပေါင်းများစွာကြာမြင့်ခဲ့ချိန်ယနေ့အထိပင် တန်ဖိုးရှိနေဆဲဖြစ်ပါတယ်။ မိမိတို့ဟာ အယူဝါဒတစ်ခု၊ ယုံကြည်မှုတစ်ခုကို ရွေးချယ်ဆုပ်ကိုင်ဖို့အတွက် အရေးအကြီးဆုံးကတော့ ကိုယ်ပိုင်ဉာဏ်နဲ့ စဉ်းစားဆင်ခြင် သုံးသပ်ပြီးမှသာ အဖြေတစ်ခုကိုချမှတ်ပြီး လက်တွေ့လိုက်နာကျင့်သုံးကြည့်ကြဖို့ လိုအပ်ပါတယ်။

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

မိမိတို့နိုင်ငံကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကနေ ဦးတည်ချက် ၉ ရပ်နဲ့ လုပ်ငန်းစဉ်တွေကို မြန်မြန်ဆန်ဆန် ချမှတ်ဆောင်ရွက်နေပါတယ်။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များအနက် နိုင်ငံရေးဦးတည်ချက်များအဖြစ် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ဖြင့် တည်ဆောက်ရေး၊ ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခတ်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊ လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူကို ဆက်လက်လိုက်နာကျင့်သုံးရေးဆိုပြီး ချမှတ်ထားတာကို မြင်တွေ့ရပါတယ်။

**တရားမျှတမှုရှိရှိနဲ့ ပါတီစုံဒီမိုကရေစီစနစ်တည်ဆောက်ဖို့၊ ငြိမ်းချမ်းဖို့နဲ့ နိုင်ငံများအကြား ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်နိုင်ဖို့ ကြိုးပမ်းနေတယ်လို့ အတိအကျဖော်ထုတ်ထားပြီးဖြစ်တဲ့အတွက် ဒီလိုဦးတည်ချက်တွေ မမှိတ်မသုန်ဆောင်ရွက်နိုင်စေဖို့ပြည်သူအားလုံးက လက်တွဲညီညီနဲ့ ဆောင်ရွက်နေကြရမည့်အချိန်လို့ မှတ်ယူပါတယ်။ ဒီအချိန်မှာ တိုင်းပြည်အတွက် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ကြရမည့်အစား တိုင်းပြည်ထိခိုက်အောင်၊ မငြိမ်သက်အောင်၊ ပြည်သူတွေပင်ပန်းနစ်နာအောင် သွေးထိုးမြှောက်ပင့် ဆောင်ရွက်နေကြသူတွေကို ရှုတ်ချမိပါတယ်။**

ယခုအချိန်မှာ မိမိတို့နိုင်ငံက ပြည်သူတွေဟာ ခေါင်းအေးအေးနဲ့ ဆင်ခြင်သုံးသပ်ပြီး နေထိုင်သွားခြင်းကသာ အကောင်းဆုံးဆောင်ရွက်မှုဖြစ်မှာပါ။ “ဆူပူလျှင် စစ်သက်ပိုရှည်မယ်”ဆိုတဲ့ ဆိုရိုးစကားရှိခဲ့ဖူးပါတယ်။ ယခုအခြေအနေဟာ မလိုလားသူအချို့ ပြောဆိုနေကြတဲ့ Military Coup အာဏာသိမ်းတာ မဟုတ်ဘူးဆိုတာကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ လက်တွေ့ဆောင်ရွက်နေမှု၊ မြန်မြန်ဆန်ဆန် လုပ်ငန်း အကောင်အထည်ဖော်မှုတွေကိုကြည့်ရင် သိရှိနိုင်ပါတယ်။ တစ်နှစ်တာကာလ နိုင်ငံတော်အာဏာကို အရေးပေါ်အခြေအနေ ကြေညာထိန်းထားတာသာဖြစ်ပြီး မကြာခင်မှာ ပြည်သူတွေအတွက် စစ်မှန်ပြည့်ဝတဲ့ ဒီမိုကရေစီတစ်ရပ်ကို ရရှိမယ်လို့ ယုံကြည်ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရဲ့ အုပ်ချုပ်မှုယန္တရား စတင်လည်ပတ်နေခဲ့တာ သီတင်းပတ်သုံးပတ်ကျော်လာခဲ့ပါပြီ။ ဒီလိုအခြေအနေမှာ အနှောင့်အယှက်မျိုးစုံနဲ့ ပြည်သူတွေကို ခြောက်လှန့်၊ မြှောက်ပင့်ပေးတာဟာ အရေးပေါ်ကာလ ပိုမိုတာရှည်နိုင်တာကို သတိပြုသင့်ပါတယ်။ လူမှုနိုင်ငံရေးအခြေအနေကို မှန်မှန်ကန်ကန် သုံးသပ်နိုင်မှသာ တိုင်းပြည်အတွက် အမှန်တကယ်လိုအပ်လျက်ရှိတဲ့ လုပ်ငန်းစဉ်တွေကို အပြည့်အဝအကောင်အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။

### လုပ်ငန်းစဉ်ငါးရပ်

လုပ်ငန်းစဉ်ငါးရပ်ကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ထုတ်ပြန်ကြေညာခဲ့ပြီး လုပ်ငန်းစဉ်တွေကို ချမှတ်ဆောင်ရွက်တဲ့နေရာမှာ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပစ်ပယ်ထားလို့ မရပါဘူး။ နိုင်ငံတော်တည်ငြိမ်အေးချမ်းပြီး တရားဥပဒေစိုးမိုးမှသာ ရှေ့ဆောင်ရွက်ရမယ့်အရာတွေကို ငြိမ်းငြိမ်းချမ်းချမ်းသိမ်သိမ်မွေ့မွေ့ ဆက်လက်ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေနဲ့ တည်ငြိမ်အေးချမ်းမှုကို အဆုံးစွန်သော စိတ်ရှည်မှု (Maximum Reframe) နဲ့ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေတယ်လို့ စာရေးသူကတော့ ယူဆမိပါတယ်။ ဒီလိုအခြေအနေကို ပြည်သူအားလုံးက နားလည်လက်ခံပြီး ပူးပေါင်းပါဝင်ပေးကြဖို့ အထူးလိုအပ်တယ်လို့ ထင်မြင်မိပါတယ်။

ပြည်သူလူထုအများစုရဲ့တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေဖို့ ရည်ရွယ်ချက်ရှိရှိနဲ့ ဥပဒေမဲ့၊ မင်းမဲ့စရိုက်အသွင်ရောက်ရှိစေဖို့ အရှိန်မြှင့်တင်လာခြင်းက နိုင်ငံတော်နဲ့ အများပြည်သူရဲ့ အကျိုးစီးပွားတွေ အားလုံးကို ထိခိုက်ပျက်စီးစေနိုင်ပါတယ်။ ကြာရှည်လာတဲ့ လူထုလှုပ်ရှားမှုတွေဟာ ရေရှည်မှာ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝကို ထိခိုက်လာနိုင်စေတဲ့အပြင် ထိခိုက်ဆုံးရှုံးမှုများ ရှိလာစေနိုင်တဲ့အတွက် ဥပဒေနဲ့အညီ မလွဲမရှောင်သာ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမယ်ဆိုတာကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသိပေးထားပြီးလည်း ဖြစ်ပါတယ်။

“လူတစ်ယောက်ကို အကဲဖြတ်တိုင်းတာချင်ရင် သူ့မှာရှိတဲ့ အာဏာပါဝါကိုသုံးပြီး ဘာလုပ်သလဲဆိုတာကိုကြည့်ပါ”လို့ ပလေတိုက ပြောကြားခဲ့ဖူးပါတယ်။ လက်ရှိမှာ ပြည်သူတွေရဲ့ ဘုံလိုလားတောင့်တမှုဖြစ်တဲ့ လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပပြီး အနိုင်ရတဲ့ပါတီကို ဒီမိုကရေစီစံနှုန်းတွေနဲ့အညီ ရွေးချယ်နိုင်အောင်၊ ကြားကာလမှာ တိုင်းပြည်တည်ငြိမ်အေးချမ်းစေဖို့နဲ့ ဖွံ့ဖြိုးတိုးတက်စေဖို့ အားလုံးပူးပေါင်းခြင်းဖြင့်သာ ပကတိအခြေအနေကို အကောင်းဆုံးအခြေအနေအဖြစ် ပြောင်းလဲမှတ်ယူဆောင်ရွက်ကြပါဟု တိုက်တွန်းလိုက်ပါရစေ။ ။

**ပြည်သူလူထုအများစုရဲ့တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေဖို့ ရည်ရွယ်ချက်ရှိရှိနဲ့ ဥပဒေမဲ့၊ မင်းမဲ့စရိုက်အသွင်ရောက်ရှိစေဖို့ အရှိန်မြှင့်တင်လာခြင်းက နိုင်ငံတော်နဲ့ အများပြည်သူရဲ့ အကျိုးစီးပွားတွေ အားလုံးကို ထိခိုက်ပျက်စီးစေနိုင်ပါတယ်။ ကြာရှည်လာတဲ့ လူထုလှုပ်ရှားမှုတွေဟာ ရေရှည်မှာ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝကို ထိခိုက်လာနိုင်စေတဲ့အပြင် ထိခိုက်ဆုံးရှုံးမှုများ ရှိလာစေနိုင်တဲ့အတွက် ဥပဒေနဲ့အညီ မလွဲမရှောင်သာ ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမယ်ဆိုတာကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက အသိပေးထားပြီးလည်းဖြစ်။**

# ရန်ကုန်တိုင်းဒေသကြီးနှင့် မြို့နယ် YMBA အသင်းများ၏ ဩဝါဒါစရိယ ဆရာတော်များအား ဘွဲ့တံဆိပ်တော်များ ဆက်ကပ်လှူဒါန်း



**ရန်ကုန် ဖေဖော်ဝါရီ ၂၈**

ရန်ကုန်တိုင်းဒေသကြီး ဗုဒ္ဓဘာသာ ကလျာဏယုဝ အသင်းက ကြီးမှူး၍ တိုင်းဒေသကြီးနှင့် မြို့နယ် YMBA အသင်းများ၏ ဩဝါဒါစရိယ ဆရာတော်များအား ဘွဲ့တံဆိပ်တော်များနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်းကို ယနေ့ နံနက် ၉ နာရီက မရမ်းကုန်းမြို့နယ် ကလေးဝတောရကျောင်း သုကုမာရမင်္ဂဒီပနီခန်းမဆောင်၌ ကိုဗစ် - ၁၉ ရောဂါကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ကျင်းပသည်။

**ပရိတ်တရားတော်များ နာယူ**

ရှေးဦးစွာ မော်ကျွန်းဆရာတော် ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသထံမှ တက်ရောက်လာသူများက ငါးပါးသီလနှင့် ဩဝါဒကထာခံယူကြပြီး ဆရာတော်၊ သံဃာတော်များ ရွတ်ဖတ်သရဇ္ဈာယ်သော ပရိတ်တရားတော်များကို နာယူကြသည်။

ထို့နောက် အဂ္ဂမဟာမင်္ဂလဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ပိဋကသုံးပုံ နိကာယ်စာသင်တိုက် ပဓာနနာယက မော်ကျွန်းဆရာတော် ရွှေရတုတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသီလက္ခန္ဓာဘိဝံသအား ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးလှစိုးက လည်းကောင်း၊ မဟာမင်္ဂလဓမ္မ ဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ ရန်ကုန်တိုင်းဒေသကြီး သံဃနာယကအဖွဲ့ဝင် မရမ်းကုန်းမြို့နယ်(၈)ရပ်ကွက် ဖွဲ့စုံကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တ ဓမ္မပီယအား ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွှန့်ဝင်းဆွေက လည်းကောင်း၊ မဟာမင်္ဂလဓမ္မဇောတိကဓဇဘွဲ့တံဆိပ်တော်ရဆရာတော် ခုနစ်ပါးတို့အား တာဝန်ရှိသူများက လည်းကောင်း အသီးသီးဆက်ကပ်ကြသည်။

ဆက်လက်၍ နိုင်ငံတော်အစိုးရက အမိန့်အမှတ် (၁/ ၂၀၂၂)ဖြင့် လူပုဂ္ဂိုလ်များဆိုင်ရာသာသနာပြု သုဓမ္မမဏိဇောတဓရဘွဲ့တံဆိပ်တော် ချီးမြှင့်ခြင်းခံရသော YMBA အသင်း ဘဏ္ဍာရေးမှူးနှင့် အသင်းနာယကတို့အား ထပ်ဆင့်ဂုဏ်ပြုကြသည်။ ဆက်လက်၍ ဆရာတော်၊ သံဃာတော်များအား ကောင်စီဥက္ကဋ္ဌ၊ တိုင်းမှူးနှင့် တက်ရောက်လာသူများက နဝကမ္မနှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းပြီး အခမ်းအနားဖြစ်မြောက်ရေးအတွက် ပါဝင်လှူဒါန်းသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်သည်။

ယင်းနောက် နယ်လှည့်ဓမ္မကထိက ဓမ္မဒူတ ဆရာတော် ဘဒ္ဒန္တပညာဝရထံမှ အနုမောဒနာတရားနာယူ၍ ရေစက်သွန်းချ အမျှပေးဝေပြီး အခမ်းအနားအား ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အောင်မြင်စွာ ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကောလင်းမြို့နယ်၌ ထိုင်ဝမ်ခရမ်းချဉ်သီးများ လှိုင်လှိုင်ထွက်ရှိသော်လည်း ဈေးနှုန်းကျဆင်းနေ၍ စိုက်ပျိုးတောင်သူများ အမြတ်နည်း



**ကောလင်း ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ်၌ ဒေသခံတောင်သူများ မြေအောက်ရေနှင့် ဒေါင်းမြူးချောင်းကို အမှီပြုပြီး စိုက်ပျိုးသည့် ထိုင်ဝမ်ခရမ်းချဉ်သီးများ အောင်မြင်ဖြစ်ထွန်း၍ လှိုင်လှိုင်ထွက်ရှိသော်လည်း လက်ရှိတွင် ဈေးနှုန်းများ ကျဆင်းနေသည့်အတွက် သီးနှံဝင်ငွေ အကျိုးအမြတ်ရရှိမှု နည်းပါးလျက်ရှိကြောင်း သရက်အိုက်ကျေးရွာမှ ခရမ်းချဉ်စိုက်ပျိုးတောင်သူ ဒေါ်အုန်းရီထံမှ သိရသည်။

"ထိုင်ဝမ်ခရမ်းချဉ်သီးဟာ စနစ်တကျ စိုက်ပျိုးလုပ်ကိုင်မယ်ဆိုရင် အပင်ရေတစ်ထောင်ကို ပိဿာချိန် အနည်းဆုံး ၃၀၀၀ ကနေ ၄၀၀၀ အထိ ထွက်ရှိပါတယ်။ ဒီနှစ်မှာလည်း တောင်သူတွေစိုက်ပျိုးတဲ့ ထိုင်ဝမ်ခရမ်းချဉ်သီးတွေဟာ အောင်မြင်ဖြစ်ထွန်းပြီး အသီးတွေလှိုင်လှိုင် ဆွတ်ခူးရောင်းချနေရပြီဖြစ်ပါတယ်။ ဒါပေမယ့်လက်ရှိမှာ ခရမ်းချဉ်သီးဈေးနှုန်းဟာ တစ်ပိဿာကို ငွေကျပ် ၁၅၀၊ ၂၀၀ ဖြင့် ရောင်းချနေရလို့ သီးနှံဝင်ငွေ အကျိုးအမြတ်နည်းပါတယ်။ ဒါကြောင့် တောင်သူတွေက ဈေးကောင်းရရှိဖို့ မျှော်လင့်နေကြပါတယ်" ဟု ကိုမြင့်ထွန်းက ပြောသည်။

ဟင်းသီးဟင်းရွက် သီးနှံများတွင် ထိုင်ဝမ်ခရမ်းချဉ်သီးသည် အထွက်နှုန်းကောင်းမွန်သည့်အတွက် မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများက ထိုင်ဝမ် ခရမ်းချဉ်သီးကို အားထားစိုက်ပျိုးကြကြောင်း သိရသည်။

**မြင့်ထွန်းမင်း(ကောလင်း)**

# လူသားတို့၏ စိတ်အာရုံကို ခံစားမှုရသများစွာ ပေးစွမ်းနိုင်သော ပန်းချီပညာ



ပန်းချီဆိုသည်မှာ မြင်သမျှ၊ တွေ့သမျှ၊ စဉ်းစားတွေးခေါ်ရသမျှကို ဘာမှမရှိသော နံရံပိတ်ကား စက္ကူလွှတ်များပေါ်တွင် ပုံပန်းသဏ္ဍာန် သရုပ်ဖော်ရေးဆွဲဆေးခြယ်ခြင်းကို ပန်းချီဟုခေါ်သည်။ ပန်းချီသည် လူတို့၏ စိတ်အာရုံကို အဆွဲဆောင်နိုင်ဆုံးနှင့် ခံစားမှုရသများစွာ ပေးစွမ်းနိုင်သောကြောင့် သုခုမပညာရပ်၏ ဘုရင်ဟု တင်စားခေါ်ဝေါ်ကြသည်။

**မြေနီမြေဝါမြေဖြူများဖြင့် အရုပ်များဆွဲ**

ပန်းချီအတတ်သည် စာရေးခြင်းအတတ်ထက် ဦးစွာပေါ်ပေါက်ခဲ့သည်။ ရှေးလူတို့သည် စကားလုံး မကြွယ်ဝသေးသဖြင့် မိမိဆိုလိုချက်ကို အရုပ်ရေးပြကြရသည်။ ထို့ကြောင့် ရုပ်ပုံတစ်ပုံသည် စကားလုံးတစ်ထောင်ခန့် တာသွားသည်ဟု တရုတ်စကားပုံ တစ်ခုက ဆိုလေသည်။ ရှေးခေတ်လူတို့က ဂူနံရံများပေါ် အနီးအပါး၌ အလွယ်တကူရရှိနိုင်သော မြေနီ၊ မြေဝါ၊ မြေဖြူ၊ မီးခွက်မှိုင်း၊ မီးသွေးခဲများဖြင့် အရုပ်များ ရေးဆွဲကြသည်။ နောင်အခါ ခဲတံ၊ မင်တံ၊ စုတ်တံများကို အသုံးပြုလာကြသည်၊ ရုပ်ပုံပန်းချီရေးဆွဲရာတွင် ရေဆေးနှင့် ဆီဆေးဟူ၍ နှစ်မျိုးရှိသည်။ ဆီဆေးသည် ရေဆေးထက်ပို၍ အဆွဲရခက်သည်။ သို့သော် ဆီဆေးပန်းချီကားသည် ရေဆေးပန်းချီကားထက် ပို၍အရောင်စိုပြီး အေးမြသော ရာသီဥတုရှိသည့် နိုင်ငံများနှင့် သင့်တော်သည်။ ရေဆေးကို လွယ်ကူပြီး အမြန်ပြီးနိုင်သော ပန်းချီကားများအတွက် အသုံးများလေသည်။

**သိန်းသန်းချီ၍ အဖိုးတန်**

ပန်းချီပညာသည် ခေတ်ပုံပညာမပေါ်မီ ရှေးပဝေသဏီကပင် ပေါ်ပေါက်ခဲ့သော ပညာရပ်ဖြစ်သည်။ လက်ရာကောင်းသော ပန်းချီကားများသည် နှစ်ပရိစ္ဆေဒ ကြာမြင့်သည့်တိုင်အောင် သိန်းသန်းချီ၍ အဖိုးတန်လျက်ရှိသည်။ ခေတ်ပုံရိုက်၍မရသော အရာများကို ပန်းချီကားက ပုံဖော်နိုင်သဖြင့် ပန်းချီကားအတတ်သည် မတိမ်ကောခြင်းဖြစ်သည်။ ပန်းချီကားတစ်ချပ်ကို လေ့လာသုံးသပ်ပြီး နားလည်သဘောပေါက်ပါက စိတ်တည်ငြိမ် ချမ်းမြေ့မှု အရသာကို ခံစားရသော သုခုမ ပညာရပ်တစ်ခုဖြစ်သည်။ သို့သော် ခံစားတတ်ရန်မှာ မလွယ်ကူချေ။

**စာပေကျမ်းဂန်တို့တွင် ဖော်ပြ**

ကမ္ဘာဦး လူတို့၏ ကောက်ကြောင်းပန်းချီသည် သဘာဝကျခြင်း၊ ဟန်ပန်အမူအရာနှင့် ပြည့်စုံခြင်းတို့ကြောင့် ယခုခေတ် ပန်းချီအကျော်အမော်များပင် အံ့ဩချီးကျူးရသည်။ သဘာဝနှင့် ရင်းရင်းနှီးနှီး လေ့လာဆက်ဆံရသော ဂူအောင်း ပန်းချီဆရာများသည် မျက်မြင်ကိုယ်တွေ့ ဗဟုသုတကိုမှီ၍ ဖော်ပြထားခြင်းဖြစ်သည်။ ခေတ်ဦးအခါက ပန်းချီလက်ရာများသည် ကာလစား၍ ကွယ်ပျောက်ကုန်သော်လည်း ရှေးဟောင်း စာပေကျမ်းဂန်တို့တွင် ဖော်ပြချက်များအရ ရာဇဝင်ဒဏ္ဍာရီ၊ ရွှေဘုံနိဒါန်း၊ မင်းခမ်းမင်းနားနှင့် အဆို၊ အက၊ အတီး၊ အမှုတ်စသော အကြောင်းအရာများကို ရေးခြယ်ကြသည်ဟု သိရသည်။

**ထီးသုံးနန်းသုံးပန်းချီများ**

ပုဂံခေတ်တွင် ပန်းချီရေးသော အကြောင်းခြင်းရာများသည် ဗုဒ္ဓဝင်နိပါတ်နှင့် စပ်သည်သာ များသည်။ နှောင်းခေတ်ကာလများတွင် ဗုဒ္ဓဝင်နိပါတ်တို့သာမက မင်းနှင့်စပ်သော အကြောင်းခြင်းရာများလည်း ပါဝင်လာသည်။ အတွင်းတော် အမိန့်နှင့်ဖြစ်စေ၊ လွှတ်တော်အမိန့်နှင့်ဖြစ်စေ ရေးဆွဲခိုင်းသော စီးတော်၊ ဆင်တော်၊ မင်းခမ်းမင်းနား စသော ထီးသုံးနန်းသုံး ပန်းချီများကို ရေးဆွဲလာကြပြီး မြန်မာတို့၏ ဓလေ့သဘာဝပျော်ရွှင်မှုဆိုင်ရာ ပန်းချီကားများကိုလည်း ရေးဆွဲလာကြသည်။ ယခုခေတ် ပန်းချီဆရာများသည် အနောက်တိုင်းမှ မျက်မြင်ရုပ်သွင်ဖြင့် တင်စားရေးဆွဲခြင်းမပြုသော စိတ္တဇပန်းချီကို မြန်မာပရိသတ်က လက်မခံသေးချေ။ သို့သော် စိတ္တဇပန်းချီလမ်းစဉ်သစ်ကို ကြားမြင်နေကြသော လူငယ် ပန်းချီဆရာ တချို့ကမူ လက်တည့် စမ်းလျက်ရှိလေသည်။

**ဇေယျာထက်(မင်းဘူး)**

# ဧရာဝတီတိုင်းဒေသကြီး တောင်သူလယ်သမားနေ့အခမ်းအနား ပြင်ဆင်ထားမှုများနှင့်ပတ်သက်၍ စကားသံများ . . .



ဦးရဲမြင့်



ဦးသန်းဆွေဝင်း



ဦးစိန်မောင်မြင့်



ဦးဝင်းမြင့်



ဦးကြည်စိန်

**ဦးရဲမြင့်**
**ဥက္ကဋ္ဌ**
**တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ**

တောင်သူလယ်သမားနေ့ကို အဓိက ကတော့ တောင်သူတွေ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ဖို့၊ လယ်ယာကဏ္ဍမှာ ဘက်စုံဖွံ့ဖြိုးဖို့၊ နည်းပညာတွေကို တောင်သူတွေရယူရန် ဖြစ်ပါတယ်။ ဒါကြောင့် တောင်သူလယ်သမားနေ့ကို နှစ်စဉ်မပျက် ကျင်းပပေးနေတာ ဖြစ်တယ်။ တောင်သူကဏ္ဍကို ဖွံ့ဖြိုးတိုးတက်အောင် ကျွန်တော်တို့က တောင်သူလယ်သမား တွေကို အသိပညာပေးကဏ္ဍအနေနဲ့ ဖြစ်အောင် ဒီပြပွဲလေးကို လုပ်တာ ဖြစ်တယ်။ တောင်သူလယ်သမားနေ့မှာ ဒီကဏ္ဍလေးကိုသိအောင်လို့ စိုက်ပျိုးရေး နည်းပညာတွေလည်း ဖွံ့ဖြိုးတိုးတက် လာအောင် အခုဆိုရင် လယ်တင် မဟုတ် တော့ဘူး။ ကျွန်တော်တို့ ဧရာဝတီတိုင်း ဒေသကြီးမှာ ထူးထူးခြားခြား ဆီထွက် သီးနှံတို့၊ စက်မှုကုန်ကြမ်းသီးနှံတို့ စိုက်လို့ရပြီဆိုတဲ့အကြောင်း ပြချင်တာပါ။ ဒီမြေတွေမှာ စိုက်ခဲ့ဖူးတဲ့ အစဉ်အလာ မရှိဘူး။ ဒါပေမယ့် ကျွန်တော်တို့ အခုစိုက်ပြတယ်။ စိုက်ပျိုးရေးက စိုက်လို့ရတယ်ဆိုတဲ့အကြောင်းပြတာ၊ ဒီမြေမှာလည်း စိုက်လို့ရပါလားဆိုတာသိအောင်၊ အဲဒါကြောင့် မြေကိုပြုပြင်ပြီး ဘယ်လို စိုက်မလဲ။ စက်မှုကုန်ကြမ်းသီးနှံလည်း စိုက်မယ်၊ ဆီထွက်သီးနှံလည်း စိုက်မယ်၊ စိုက်လို့ရသမျှ အကုန်စိုက်မယ်။

စိတ်ဝင်စားတဲ့သူတွေဆိုရင် စိုက်ပျိုးရေးနဲ့ချိတ်ဆက်ပြီး ဒီနည်းပညာတွေကို ယူလို့ရတယ်။ စိုက်ပျိုးရေးကလည်း ဖြန့်ဝေပေးနေတယ်။ အခုလက်တွေ့မျက်မြင် စိုက်ပြထားတာ၊ ဒီမြေကြီးက စပါးပဲ စိုက်ပျိုးလို့ရတယ်ဆိုတဲ့ လူတွေကို စိုက်ပြပေးထားတာ၊ အဓိကကတော့ နည်းပညာဖြစ်တယ်။

နွေရာသီမှာ မြေကြီးကိုအလကား ပစ်ထားမယ့်အစား ဆီထွက်သီးနှံစိုက်မယ်။ စက်မှုကုန်ကြမ်း သီးနှံစိုက်မယ်ဆိုရင် အဆင်ပြေသွားတာပေ့ါ။ ဧရာဝတီတိုင်းဒေသကြီးက စပါးပဲထွက်တယ်ဖြစ်နေတယ်။ ဒါကြောင့် စပါးပဲမဟုတ်ဘူး၊ စပါးမစိုက်တဲ့အချိန်မှာ ဆီထွက်သီးနှံစိုက်လို့ရတယ်ဆိုတဲ့အကြောင်း၊ ဗဟုသုတ တိုးပွားပြီး လက်တွေ့စိုက်ပျိုးလာစေချင်တဲ့ ဆန္ဒဖြစ်အောင်လို့ တောင်သူလယ်သမားနေ့ အခမ်းအနားပြုလုပ်ပြီး တောင်သူတွေကို မျက်ဝါးထင်ထင် တင်ပြတာပါ။

**ဦးသန်းဆွေဝင်း**
**အတွင်းရေးမှူး၊ တောင်သူလယ်သမားနေ့ ကျင်းပရေးဦးစီးကော်မတီ**
**အတွင်းရေးမှူး၊ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ**

ဧရာဝတီတိုင်းဒေသကြီး အနေနဲ့ တောင်သူလယ်သမားနေ့ နေ့ထူးနေ့မြတ်ကို အနှစ်သာရရှိရှိ တောင်သူအကျိုးပြု ပညာပေးစံပြစိုက်ကွက်တွေ တောင်သူတွေ သိရှိနားလည်ပြီး တိုးချဲ့စိုက်ပျိုးနိုင်ဖို့ ရည်ရွယ်ပြသရခြင်းဖြစ်ပါတယ်။ ဧရာဝတီတိုင်းဒေသကြီးအား မိုးစပါးဧက ၃၇ သိန်းကျော်၊ နွေစပါးဧက ၁၄ သိန်းခန့် စိုက်ပျိုးလျက်ရှိပါတယ်။ တောင်သူလယ်သမားတွေ သားစဉ်မြေးဆက် အဆက်ဆက် ဘဝအာမခံချက်ရရှိရေး အတွက် ဆန်၊ ပဲ၊ နှမ်း၊ ငရုတ်၊ ကြက်သွန် အပါအဝင် စားပင်သီးနှံအမျိုးပေါင်း ၁၀၀ ကျော် အောင်မြင်ဖြစ်ထွန်းနေမှုနဲ့ စိုက်နည်းစနစ်တွေကို လမ်းညွှန်ပြသပေးသွားမှာ ဖြစ်ပါတယ်။ အခုအခါ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်တွေနဲ့အညီ လိုက်နာလျက် တစ်မြို့နယ်လျှင် တောင်သူ ၃၀ ခန့်နဲ့ တောင်သူ ၇၈၀ ကို စရိတ်ငြိမ်းသယ်ပို့ခြင်းနဲ့ အစားအသောက် စီစဉ်ပေးခြင်းကို တိုင်းဒေသကြီးကောင်စီက စီစဉ်ပေးပြီး စိုက်ပျိုးရေးနည်းပညာတွေကို လက်တွေ့ပြသကာ နည်းပညာမျှဝေပေးသွားမှာ ဖြစ်ပါတယ်။ မိမိတို့ရဲ့ အိမ်ခြံပြန်ရောက်တာနဲ့ စားပင်သီးနှံတွေကို စနစ်တကျ အောင်မြင်ဖြစ်ထွန်းအောင် စိုက်ပျိုးဆောင်ရွက်နိုင်မှာဖြစ်ကြောင်း တင်ပြလိုပါတယ်။

**ဦးစိန်မောင်မြင့်**
**တိုင်းဒေသကြီးဦးစီးမှူး**
**တိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာန**

ကျွန်တော်တို့ ဧရာဝတီတိုင်းဒေသကြီးဟာ လယ်ယာကဏ္ဍကို အခြေခံသော တိုင်းဒေသကြီးဖြစ်ပြီး တောင်သူလယ်သမားအများစုနေထိုင်တဲ့ နိုင်ငံတော်ရဲ့ စပါးကျီလည်း ဖြစ်ပါတယ်။ မိုးစပါး၊ နွေစပါးနဲ့ ပဲမျိုးစုံသီးနှံကို အများဆုံးစိုက်ပျိုးထုတ်လုပ်ပြီး ဆီထွက်သီးနှံနဲ့ အစေ့ထုတ်ပြောင်းသီးနှံ အပါအဝင် သီးနှံအမည်စုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိတဲ့ တိုင်းဒေသကြီးလည်း ဖြစ်ပါတယ်။ တောင်သူလယ်သမားတွေရဲ့ လူမှုစီးပွားရေး ဖွံ့ဖြိုးတိုးတက်ဖို့အတွက် လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဟာ အဓိကအခန်းကဏ္ဍမှာ ပါဝင်နေတဲ့အတွက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီရဲ့ လမ်းညွှန်မှုနဲ့ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းတွေက တောင်သူနည်းပညာပေးလုပ်ငန်းတွေကို အားသွန်ခွန်စိုက် ဆောင်ရွက်လျက်ရှိပါတယ်။

ဧရာဝတီတိုင်းဒေသကြီး အနေနဲ့ လိုအပ်လျက်ရှိသော မျိုးသန့်စပါးတွေ ရရှိရေးအတွက် မျိုးစေ့ထုတ်လုပ်ခြင်း လုပ်ငန်းကို အရှိန်အဟုန်မြှင့်ဆောင်ရွက်နေသလို မျိုးစေ့သန့်စင်စက်တွေ၊ မျိုးစေ့အခြောက်လှန်းစက်ကိရိယာတွေ တပ်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။

မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ထုံးထည့်သွင်းခြင်း၊ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းခြင်းတွေကိုလည်း ဆောင်ရွက်နိုင်သလို သစ်စိမ်းမြေဩဇာ(ပိုက်ဆံလျှော်) မျိုးစေ့ထုတ်လုပ်ခြင်းကို အခုနှစ်ဆောင်းရာသီတွင် ၁၅၂၇ ဧကကို စိုက်ပျိုးဆောင်ရွက်ထားရှိပြီး ဖြစ်ပါတယ်။ တောင်သူလယ်သမားနေ့ ပြကွက်အနေနဲ့ ဟင်းသီးဟင်းရွက်မျိုးစုံ တစ်ဧက၊ အစေ့ထုတ်ပြောင်း တစ်ဧက၊ ပဲမျိုးစုံ တစ်ဧက၊ ဆီထွက်သီးနှံ တစ်ဧက၊ ငရုတ်နဲ့ အခြား တစ်ဧက၊ စပါး တစ်ဧကတို့ကို ဆောင်ရွက်ထားရှိပြီး တိုင်းဒေသကြီးတစ်ခုလုံးရဲ့ ကိုယ်စားပြုစိုက်ပျိုးထားတဲ့ စိုက်ခင်းတွေကို တစ်နေရာတည်းမှာ လေ့လာနိုင်ဖို့ ရည်ရွယ်ဆောင်ရွက်ထားပါတယ်။

**ဦးဝင်းမြင့်**
**ညွှန်ကြားရေးမှူး**
**တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန**

ဧရာဝတီတိုင်းဒေသကြီးဟာ မြန်မာနိုင်ငံရဲ့ စပါးကျီကြီးဖြစ်တာနဲ့အညီ ရေတော် မိုးတော်လယ်မြေတွေသာမက စပါးစိုက်ပျိုး၍ရနိုင်တဲ့ သဲဆန်ကုန်းကြောမြေတွေနဲ့ ရေကြီးကွင်း၊ ရေနက်ကွင်း ဒေသတွေကိုပါ ဖော်ထုတ်စိုက်ပျိုးလျက်ရှိပါတယ်။ ၂၀၂၀-၂၀၂၁ စိုက်ပျိုးရာသီမှာ တိုင်းဒေသကြီးအတွင်း မိုးစပါး ၃၇၅၇၅၇၆ ဧက စိုက်ပျိုးနိုင်ခဲ့ပြီး နွေစပါးကိုလည်း ၁၃၆၂၆၄၆ ဧက စိုက်ပျိုးပြီး ဖြစ်ပါတယ်။

တောင်သူလယ်သမားတွေ သားစဉ်မြေးဆက် ဘဝအာမခံချက်ရရှိရေးအတွက် ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်း လုပ်ငန်းတွေကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။ တောင်သူလယ်သမားတွေ ပုံမှန်လုပ်ကိုင်ဆောင်ရွက်လျက်ရှိတဲ့ လယ်ယာမြေဧက ၃၉၉၂၉၀၈ ဧကကို တောင်သူ ၇၁၆၂၃ ဦးသို့လည်းကောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်တွေ၊ တပ်ရင်းတပ်ဖွဲ့တွေ၊ လုပ်ငန်းဌာနတွေမှ အကြောင်းအမျိုးမျိုးကြောင့် သိမ်းဆည်းခဲ့ပြီး ပြန်လည်စွန့်လွှတ်ခဲ့သည့် ၄၉၃၉၂ ဧကကို တောင်သူ ၆၁၈၃ ဦးသို့လည်းကောင်း၊ သစ်တောကြိုးဝိုင်းမြေအဖြစ်မှပယ်ဖျက်ပေးခဲ့တဲ့ သစ်တောပယ်ဖျက်ဧရိယာဧက ၂၂၂၄၀ ကိုတောင်သူ ၁၆၄၆ ဦးသို့လည်းကောင်း၊ စားကျက်မြေအဖြစ်မှ ပယ်ဖျက်ပေးခဲ့တဲ့ ၁၀၃၉ ဧကကို တောင်သူ ၅၇ ဦးသို့လည်းကောင်း လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)တွေထုတ်ပေးခဲ့ပြီးဖြစ်ပါတယ်။

တိုင်းဒေသကြီးအတွင်း ၂၆ မြို့နယ်မှာ စုစုပေါင်း စိုက်ပျိုးဧရိယာ ၄၂၅၅၇၉ ဧကကို တောင်သူ ၇၃၉၀၀၉ ဦးတို့အား လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် (ပုံစံ-၇)တွေ ထုတ်ပေးနိုင်ခဲ့ပြီး ဆက်လက်၍လည်း ၂၀၁၂ ခုနှစ်၊ လယ်ယာမြေဥပဒေနှင့်အညီ လယ်ယာလုပ်ပိုင်ခွင့် မှတ်ပုံတင်ခြင်းလုပ်ငန်းတွေကို အရှိန်အဟုန်နဲ့ ဆက်လက်ဆောင်ရွက်လျက် ရှိပါတယ်။

**ဦးကြည်စိန်**
**တောင်သူ၊ ဝါးဒူးကျေးရွာ**

ဧရာဝတီတိုင်းဒေသကြီး ကန်ကြီးထောင့်မြို့နယ်၌ မတ်လ ၂ ရက်နေ့တွင် ကျရောက်မယ့် တောင်သူလယ်သမားနေ့ကို စိုက်ပျိုးရေးဦးစီးဌာနအနေနဲ့ ပြကွက်တွေ ဆောင်ရွက်လျက်ရှိပါတယ်။ တောင်သူကို အသိပညာပေးလုပ်ငန်းတွေ၊ ဒေသနဲ့ ကိုက်ညီမှုရှိတဲ့ ငရုတ်၊ ဟင်းသီးဟင်းရွက်စိုက်ပျိုးခြင်း၊ ထူးခြားစွာပါဝင်လာတဲ့ ပြောင်းစိုက်ခင်း၊ ပဲမျိုးစုံ စိုက်ခင်း၊ ဆီထွက်သီးနှံ စိုက်ခင်းတွေကို တောင်သူတွေအနေနဲ့ သေချာလေ့လာပါက နည်းပညာအသိတွေ ရရှိလိမ့်မယ်လို့ ထင်ပါတယ်။

ကျွန်တော့်အနေနဲ့ အရင်နှစ်က ကျင်းပခဲ့တဲ့ တောင်သူလယ်သမားနေ့မှာ သီးနှံစုံစိုက်ပျိုးခင်းတွေကို ကောင်းစွာလေ့လာပြီးဖြစ်သည့်အတွက် ကျွန်တော်အတွက် စိုက်ပျိုးရေးမှာ များစွာအကျိုးရှိခဲ့ပါတယ်။ ယင်းအပြင် အခုနှစ် ငရုတ်၊ ပြောင်း၊ ဟင်းသီးဟင်းရွက်၊ ဆီထွက်သီးနှံနဲ့ ပဲမျိုးစုံ စိုက်ပျိုးထုတ်လုပ်နည်းတွေကို လေ့လာအတုယူပြီး နည်းပညာတွေ ရရှိတဲ့အတွက် တောင်သူတွေ အကျိုးရှိသည့် စိုက်နည်းစနစ်တွေကို လေ့လာကြဖို့ ဖိတ်ခေါ်အပ်ပါတယ်။ ရရှိတဲ့အချိန်လေးမှာ တောင်သူတွေ လက်လှမ်းမီသလောက် နည်းပညာတွေကို လေ့လာရယူကြပါလို့ တိုက်တွန်းလိုပါတယ်။

တွေ့ဆုံမေးမြန်းသူနှင့် ဓာတ်ပုံ
ကိုတွတ်၊ မောင်မောင်မြင့်၊
ဇင်နွယ်လှိုင်(ပြန်/ဆက်)

**ကမ္ဘာ့အပူချိန် လျော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# အဖျက်အမှောင့်လုပ်ငန်းများကို မင်းမဲ့စရိုက်ဆန်စွာဖြင့် အရှိန်အဟုန်မြင့် ဆောင်ရွက်လာသဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

အဖျက်အမှောင့်လုပ်ငန်းများကို မင်းမဲ့စရိုက်ဆန်စွာဖြင့် အရှိန်အဟုန်မြင့် ဆောင်ရွက်လာသဖြင့် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တရားဥပဒေ စိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါထုတ်ပြန်ချက်တွင် နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်းတည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးအတွက် အများပြည်သူလူထု၏ လိုလားချက်နှင့်အညီ လိုအပ်သည့် အမိန့်ညွှန်ကြားချက်များအား ထုတ်ပြန်ကြေညာပြီး ပြည်သူလူထုသို့ အသိပေးကြေညာချက် ထုတ်ပြန်ခြင်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း။

ဖေဖော်ဝါရီ ၂၈ ရက်တွင် နိုင်ငံတော်ဆန့်ကျင်ရေးကို ဦးစီးဆောင်ရွက်နေသော အဖွဲ့အစည်းများက Social Media များမှ လှုံ့ဆော်ခြင်း၊ ကွန်ရက်များဖွဲ့စည်း၍ လူငယ်ထုအား သွေးထိုးလှုံ့ဆော်ကာ ရှေ့တန်းတင်လာခြင်း၊ လူငယ်စုအား ခြိမ်းခြောက်အကျပ်ကိုင်ခြင်းဖြင့် အဖျက်အမှောင့်လုပ်ငန်းများကို မင်းမဲ့စရိုက်ဆန်စွာဖြင့် နိုင်ငံတော်အတွင်း နေရာဒေသအချို့တွင် အရှိန်အဟုန်မြင့် ဆောင်ရွက်လာနေသည်ကိုတွေ့ရှိရပြီး အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် လုံခြုံရေး တပ်ဖွဲ့ဝင်များအနေဖြင့်လည်း တရားဥပဒေစိုးမိုးရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ဖေဖော်ဝါရီ ၂၈ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးရုံးရှေ့တွင် လူစုလူဝေးများဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ (ဒသမ ၁၂)ဗို့ပြောင်းချောသေနတ်တို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား ငါးဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း ရှုခင်းသာလမ်း၊ သဃ်န်းကျွန်း ငမိုးရိပ်လမ်း၊ KBZ ဘဏ်ရှေ့၊ လှိုင် အင်းစိန်လမ်းမ၊ စီးပွားရေးဘဏ်ရှေ့၊ ကမာရွတ် လှည်းတန်းဈေးရှေ့၊ လှည်းတန်းမာလာဆောင်ရှေ့၊ ကြည့်မြင်တိုင် တိုင်းပညာရေးမှူးရုံးရှေ့၊ ရန်ကင်း(၁၄) ရပ်ကွက်၊ အောင်ဇေယျလမ်း၊ ကျောက်တံတား တော်ဝင်ခုံးကျော်တံတားတို့တွင် လူစုလူဝေးများဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ (ဒသမ ၁၂) ဗို့ပြောင်းချောသေနတ်၊ မျက်ရည်ယိုဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား ၇၈ဦး၊ အမျိုးသမီး ၂၄၄ ဦး စုစုပေါင်း ၃၂၂ ဦး တို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့တွင် လူစုလူဝေးများဖြစ်ပွားခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရကြောင်း။

အလားတူ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့၊ ပြည်မြို့နှင့် တောင်ငူမြို့တို့တွင် လူစုလူဝေးများ ဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ (ဒသမ ၁၂) ဗို့ ပြောင်းချောသေနတ်၊ မျက်ရည်ယိုဗုံး၊ မီးခိုးဖြူဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား ၁၀ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

ထို့အပြင် စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နှင့် မုံရွာမြို့တို့တွင် လူစုလူဝေးများ ဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ (ဒသမ ၁၂)ဗို့ပြောင်းချောသေနတ်၊ မျက်ရည်ယိုဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား ၂၇ ဦး၊ အမျိုးသမီး ၂၃ ဦး စုစုပေါင်း ၅၀ တို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ မကွေးတိုင်းဒေသကြီး မကွေးမြို့၊ ပခုက္ကူမြို့နှင့် ဂန့်ဂေါမြို့တို့တွင် လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ (ဒသမ ၁၂)ဗို့ ပြောင်းချောသေနတ်၊ မျက်ရည်ယိုဗုံး၊ မီးခိုးဖြူဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူအမျိုးသား ၅၈ ဦး၊ အမျိုးသမီး သုံးဦး၊ စုစုပေါင်း ၆၁ ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။



ပဲခူးမြို့၌ ဆူပူဆန္ဒပြသူများက အကြောင်းမဲ့ လုယက်ဖျက်ဆီးမှုများ၊ မီးရှို့ခြင်းများ လုပ်ဆောင်ခဲ့သည့်နေရာအား မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်နေသည်ကို တွေ့ရစဉ်။



ပခုက္ကူမြို့၌ ဆူပူဆန္ဒပြသူများက လမ်းများ ပိတ်ဆို့ထားမှုကို တွေ့ရစဉ်။

အလားတူ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့၊ မြောင်းမြမြို့၊ မအူပင်မြို့၊ လပွတ္တာမြို့နှင့် အင်္ဂပူမြို့တို့တွင် လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး (ဒသမ ၁၂)ဗို့ ပြောင်းချောသေနတ်၊ မျက်ရည်ယိုဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား ၄၉ ဦး၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၇၈ ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့၊ မြိတ်မြို့၊ ထားဝယ်မြို့နှင့် ပုလောမြို့တို့တွင်လည်း လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ (ဒသမ ၁၂)ဗို့ ပြောင်းချောသေနတ်၊ မျက်ရည်ယိုဗုံး၊ မီးခိုးဖြူဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား လေးဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ငါးဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ ရှမ်းပြည်နယ် တောင်ကြီးမြို့နှင့် လားရှိုးမြို့တို့တွင် လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ (ဒသမ ၁၂)ဗို့ ပြောင်းချောသေနတ်၊ မီးခိုးဖြူဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား ခြောက်ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ခုနစ်ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ ကရင်ပြည်နယ် ဘားအံ၊ ကော့ကရိတ်နှင့် မြဝတီမြို့တို့တွင် လူစုလူဝေးများ ဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက (ဒသမ ၁၂)ဗို့ ပြောင်းချောသေနတ်၊ မီးခိုးဖြူဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား ၁၆ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၂၇ ဦးတို့ကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ မွန်ပြည်နယ် မော်လမြိုင်မြို့၊ သထုံမြို့၊ သံဖြူဇရပ်မြို့နှင့် ရေးမြို့တို့တွင် လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ (ဒသမ ၁၂)ဗို့ ပြောင်းချောသေနတ်၊ မျက်ရည်ယိုဗုံး၊ မီးခိုးဖြူဗုံးတို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ကြောင်း။

အလားတူ ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်တွင် လူစုလူဝေးများဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား သုံးဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

အလားတူ ချင်းပြည်နယ် ဖလမ်းမြို့တွင်လည်း လူစုလူဝေးဖြစ်ပွားခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက အသံမြည်ဗုံး၊ (ဒသမ ၁၂)ဗို့ပြောင်းချောသေနတ်တို့ဖြင့် ပစ်ခတ်လူစုခွဲခဲ့ရပြီး ဆူပူအော်ဟစ်ဆန္ဒပြသူ အမျိုးသား သုံးဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

**စာမျက်နှာ ၁၉ သို့ ❍**



❍ စာမျက်နှာ ၁၈ မှ

နိုင်ငံတော်အား ဆန့်ကျင်သောအဖွဲ့အစည်းများက လူစုလူဝေးအချို့အား စည်းရုံးလှုံ့ဆော်ကာ လုံခြုံရေးတပ်ဖွဲ့ဝင်များကို ရန်သူသဖွယ်သဘောထား၍ ထိခိုက်ဒဏ်ရာရရှိစေခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ဖမ်းဆီး၍ လက်နက်များကို သိမ်းဆည်းခြင်း၊ အများပြည်သူအသုံးပြုသည့် လမ်းကြောင်းများကို အကာအရံအတားအဆီးများအသုံးပြု၍ နည်းမျိုးစုံ ပိတ်ဆို့ကာ လူငယ်များအား ရှေ့တန်းတင်၍ မင်းမဲ့စရိုက်ဆန်စွာပြုလုပ်နေကြသည်ကို တွေ့ရှိရကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် ထိခိုက်ဒဏ်ရာရရှိမှု အနည်းဆုံးဖြစ်အောင် ရည်မှန်းဆောင်ရွက်သော်လည်း အဓိကရုဏ်းဖြစ်စဉ်များအား ဖြေရှင်းကြရာတွင် ထိခိုက်ဒဏ်ရာရရှိမှု ပိုမိုဖြစ်ပွားစေသည့် အကွာအဝေးအတွင်း ဆောင်ရွက်ရမှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဆူပူဆန္ဒပြသူ လူစုလူဝေးအတွင်း ထိခိုက်ဒဏ်ရာရရှိမှုများ ဖြစ်ပွားခဲ့သည်ကိုတွေ့ရှိရကြောင်း။

**ထိခိုက်သေဆုံးမှုဖြစ်ပွား**

ယနေ့ဖြစ်စဉ်များအတွင်း အဓိကရုဏ်းနှိမ်နင်းရေးဆောင်ရွက်ရာတွင် ဆူပူဆန္ဒပြသူ လူစုလူဝေးများအနေဖြင့် နီးကပ်မှုအကွာအဝေးအတွင်းရောက်ရှိနေမှုကြောင့် ထားဝယ်မြို့တွင် အမျိုးသားလေးဦး၊ သဃ်န်းကျွန်းမြို့နယ်တွင် အမျိုးသားတစ်ဦး၊ ပဲခူးမြို့တွင် အမျိုးသားနှစ်ဦး၊ ပခုက္ကူမြို့တွင် အမျိုးသား တစ်ဦးတို့ ထိခိုက်သေဆုံးမှုဖြစ်ပွားကြောင်း သိရှိရပြီး သေဆုံးခဲ့ရမှုများနှင့်ပတ်သက်၍ သက်ဆိုင်ရာရဲစခန်းအသီးသီးတွင် (သေမှုသေခင်း) ရေးဖွင့်ထားကာ လိုအပ်သော စုံစမ်းစစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိကြောင်း ဖော်ပြပါရှိသည်။

**သတင်းစဉ်**



ချမ်းမြသာစည်မြို့နယ် ၆၂ x ၁၀၇ လမ်းထောင့်တွင် ဆူပူဆန္ဒပြသူများ၏ တားဆီးခြင်းခံရသည့် Mark II ယာဉ်ကို တွေ့ရစဉ်။




## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။
(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။
(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။
(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။
(၅) ဓာတ်ငွေ့မီးဖိုဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာ စစ်ဆေးပါ။
(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူ ဆောင်ရွက်ပါ။
(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန် မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုး လဲလှယ်ပါ။
(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။
(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။
(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြုချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။
(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။
(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိထားခြင်းများ မပြုပါနှင့်။
(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင်ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။
(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင်နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။
(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။
(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။
(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့်အဆောက်အအုံ ဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။
(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြုတတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။
(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရှည်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကားသည် အရှည်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူနိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရှည်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိဆောင်ရွက်ရပါမည်။
(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

## မချမ်းဘောမြို့ ကျေးရွာခြောက်ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်သွားမည်

**မချမ်းဘော ဖေဖော်ဝါရီ ၂၈**
ကချင်ပြည်နယ် ပူတာအိုခရိုင် မချမ်းဘောမြို့နယ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ကို ကျေးရွာခြောက်ရွာ၌ အကောင်အထည်ဖော်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း သိရသည်။

### စီမံချက်ရေးဆွဲ

အဆိုပါစီမံကိန်း၏ရည်ရွယ်ချက်များမှာ ကျေးလက်နေပြည်သူများကိုယ်တိုင် ကျေးရွာ၏ပကတိလိုအပ်ချက်များကိုဖော်ထုတ်ပြီး ဦးစားပေးအစီအစဉ်အလိုက် စီမံချက်ရေးဆွဲဖော်ထုတ်နိုင်ရန်၊ ကျေးရွာများ၏ဦးစားပေးစီမံချက်များအပေါ် အခြေခံ၍ နှစ်စဉ်ရန်ပုံငွေများ လျာထားပြီး စီမံချက်လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်စေရန်နှင့် ကျေးရွာမှ ထွက်ပေါ်လာသော စီမံချက်လုပ်ငန်းများအား မြို့နယ်အဆင့်ဦးစီးဌာနအသီးသီး၏ ဖွံ့ဖြိုးရေးအစီအစဉ်များနှင့် ချိတ်ဆက်နိုင်စေရန် ဟူ၍ ဖြစ်သည်။

စီမံကိန်း၏ ရည်ရွယ်ချက်၊ အကောင်အထည်ဖော်သည့်နည်းလမ်းစသည်တို့ကို ရှင်းလင်းစွာ သိရှိနားလည်စေရန်နှင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ရေးဆွဲနိုင်ရန် ရည်ရွယ်၍ မချမ်းဘောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌ ယနေ့ နံနက်ပိုင်းတွင်သင်တန်းဖွင့်လှစ်ပို့ချခဲ့ရာ သင်တန်းသို့ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျေးရွာခြောက်ရွာမှ သင်တန်းသား၊ သင်တန်းသူ ၁၆ ဦး တက်ရောက်ကြကြောင်း သိရသည်။

**မင်းမြင့်မိုရ်**

## သောက်သုံးရေခက်ခဲသည့် ရွာသစ်တောင်ကျေးရွာသို့ သောက်သုံးရေသွားရောက်လှူဒါန်း

**ညောင်ဦး ဖေဖော်ဝါရီ ၂၈**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ရှိ သောက်သုံးရေခက်ခဲလျက်ရှိသည့် ရွာသစ်တောင်ကျေးရွာသို့ ရေဂါလန် ၂၂၀၀ အား ဖေဖော်ဝါရီ ၂၈ ရက် နံနက် ၈ နာရီခွဲက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ညောင်ဦးမြို့နယ်တွင် ယခုနှစ်အတွင်း မိုးရွာသွန်းမှုနည်းပါးခဲ့ရာ မြေသားသောက်ရေ၊ သုံးရေကန်များ ရေဝင်ရောက်မှုနည်းခဲ့ခြင်း၊ ရေဝင်ရောက်မှု မရှိခဲ့ခြင်းများကြောင့် ဆောင်းရာသီအလယ်လောက်မှာပင် မြေသားရေလှောင်ကန်များ ရေခန်းခြောက်ခြင်းများရှိခဲ့ကာ ညောင်ဦးမြို့မှ သောက်သုံးရေလှူဒါန်းရေးပရဟိတအသင်းများက သွားရောက်လှူဒါန်းနေရကြောင်း ဦးဝင်းမင်းထွန်းက ပြောကြားသည်။

ညောင်ဦးမြို့နယ်တွင် နှစ်စဉ်နှစ်တိုင်းသောက်ရေ သုံးရေများအား လှူဒါန်းလျက်ရှိကြရာ ယနေ့တွင်လည်း ရွာသစ်တောင်ကျေးရွာသို့ ရေဂါလန် ၂၂၀၀ဆံ့ ရေကားဖြင့် သွားရောက်လှူဒါန်းခဲ့ကြောင်း၊ ရွာသစ်တောင်ကျေးရွာတွင် အိမ်ခြေ ၁၆၀ ကျော်ရှိပြီး လူဦးရေ ၇၀၀ ကျော် နေထိုင်သည့် ကျေးရွာဖြစ်ကြောင်း သိရသည်။



ညောင်ဦးမြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်းမိုးနည်းရပ်ဝန်းတွင် တည်ရှိသည့် မြို့ဖြစ်ကာ တစ်နှစ်ပတ်လုံးမှ မိုးရေချိန်လက်မ ၂၀ ရွာသွန်းသည်ဆိုသော်လည်း ယခုနှစ်တွင် မိုးရွာသွန်းမှု အလွန်နည်းကာ မိုးရာသီ စိုက်ပျိုးကြသည့် ကောက်ပဲသီးနှံများလည်း မိုးရွာသွန်းမှု အလွန်နည်းခဲ့ခြင်းကြောင့် ပျက်စီးမှုများပြားခဲ့ခြင်းနှင့် မြေသားသောက်သုံးရေကန်များ ရေဝင်ရောက်မှုမရှိခဲ့ခြင်းက လူနှင့်တိရစ္ဆာန်များအတွက် သောက်သုံးရေ ပိုမိုခက်ခဲစေခဲ့ကြောင်း သိရပြီး ညောင်ဦးမြို့နယ်ရှိ ကျေးရွာများ၊ တဲတိုက်များသို့ သောက်သုံးရေ လှူဒါန်းလိုပါက သောက်သုံးရေ လှူဒါန်းရေး ပရဟိတအဖွဲ့မှ ဦးဝင်းမင်းထွန်း ဖုန်း-၀၉-၆၉၆၉၂၆၂၆၃၊ ညောင်ဦးမြို့ ရေလှူဒါန်းရေးဥပဒေမိသားစု ပရဟိတအဖွဲ့ ဦးစန်းဝင်း ခရိုင်ဥပဒေအရာရှိ ဖုန်း-၀၉၇၉၁၁၁၈၂၄၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ကိုထိန်**
**(KPD)**



## ပေါက်တောမြို့နယ် ချောင်းသာကြီးကျေးရွာ၌ ကျေးလက်အိမ်ရာ ၁၀ လုံး တည်ဆောက်နေ

**ပေါက်တော ဖေဖော်ဝါရီ ၂၈**
ရခိုင်ပြည်နယ်ပေါက်တောမြို့နယ်ချောင်းသာကြီးကျေးရွာ၌ကျေးလက်အိမ်ရာ၁၀လုံးတည်ဆောက်ခြင်းလုပ်ငန်းကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပေါက်တောမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရန်ပုံငွေကျပ် ၆၉ ဒသမ ၅၈၂၅ သန်းဖြင့် ဘုန်းတောက်ထွန်းကုမ္ပဏီက တာဝန်ယူဆောက်လုပ်လျက်ရှိကြောင်း သိရသည်။

ကျေးလက်အိမ်ရာတည်ဆောက်နေမှုကို ယမန်နေ့ နံနက် ၁၀ နာရီက မြို့နယ်စီမံရေးဆွဲရေး အကောင်အထည်ဖော်ရေး ကော်မတီဝင်များနှင့် အတူ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးဦးသန်းထွန်းနှင့် ဝန်ထမ်းများက သွားရောက်ကြည့်ရှုစစ်ဆေးကြပြီး လုပ်ငန်းများကို စံချိန်စံညွှန်းများနှင့်အညီ သတ်မှတ်အရည်အသွေးပြည့်မီစွာဖြင့် အချိန်မီပြီးစီးအောင်ဆောင်ရွက်ကြရန်၊ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်နိုင်ရေးအတွက် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ကြရန် ကုမ္ပဏီမှတာဝန်ရှိသူများနှင့် လုပ်သားများအား မှာကြားခဲ့သည်။

အဆိုပါကျေးလက်အိမ်ရာအိမ်ရာ ၁၀ လုံးသည် တစ်အိမ်လျှင် အလျား ၂၄ ပေ၊ အနံ ၁၈ ပေ၊ အမြင့် ၉ ပေ၊ ကျယ်ဝန်းပြီး လက်ရှိအချိန်တွင် လုပ်ငန်း ၅၅ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## တီးတိန်မြို့နယ် ကနေဒီတောင်တွင် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးနယ်မြေ ဆိုင်းဘုတ်စိုက်ထူ

**တီးတိန် ဖေဖော်ဝါရီ ၂၈**
ချင်းပြည်နယ် တီးတိန်မြို့နယ်အတွင်း ကလေး-သိုင်းငင်း- တီးတိန်လမ်းဘေးကနေဒီတောင်တက်လမ်းအနီးတွင် ကနေဒီတောင်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး "ကိုယ့်မြေကို စောင့်ရှောက်ကြပါစို့" စာသားပါ ဆိုင်းဘုတ်ကို စိုက်ထူထားကြောင်း ကနေဒီစိမ်းလန်းစိုပြည်ရေးအဖွဲ့ထံမှ သိရသည်။

"ကနေဒီတောင်ကို ချင်းလို ထွမ်းဝုမ်းမွာလ်လို့ခေါ်တယ်။ တချို့က သီရိဥတ္တမတောင်လို့လည်းခေါ်ကြတယ်။ အများစုကတော့ ကနေဒီတောင်လို့ပဲခေါ်တာများပါတယ်။ တောင်ခြေအနိမ့်ပိုင်းမှာ သမိုင်းဝင်ရှာလ်လုမ်းခံတပ်နဲ့ ခိုင်ကမ်းဆင်စခန်းရှိတော့ ခရီးသွားရာသီမှာ မြေပြန့်ကလာတဲ့ခရီးသည်တွေများတယ်။ တောင်ပေါ်မှာ သစ်ပင်များများစားစားမပေါက်ဘဲ တောင်ဇလပ်နီနဲ့ ထင်းရှူးအပင်တွေပေါက်တယ်။ ကျွန်တော်တို့အဖွဲ့အနေနဲ့လည်း နှစ်စဉ်မိုးတွင်းကာလမှာ တောင်ဇလပ်ပင်အစားထိုးစိုက်ပျိုးမှုတွေ လုပ်ဆောင်ပါတယ်။ မြေတောင်ဖြစ်လို့ သစ်ပင်သစ်တောပြုစုပျိုးထောင်နိုင်ရင် စိမ်းလန်းစိုပြည်လှပမယ့်နေရာဖြစ်ပါတယ်" ဟု ကနေဒီစိမ်းလန်းစိုပြည်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှိုင်အောင်က ပြောကြားသည်။

ကနေဒီတောင်သည် ပင်လယ်ရေမျက်နှာပြင်အမြင့် ၈၈၇၁ ပေ၊ ဧရိယာဧက ၁၁၀၅၀ ရှိသဖြင့် ချင်းပြည်နယ်တွင် ပေ ၁၀၂၀၀ ရှိ ခေါ်နူးစုမ် (နတ်မတောင်)ပြီးပါက ဒုတိယအမြင့်ဆုံးမြေတောင်ဖြစ်ပြီးဆောင်းတွင်းကာလ၌ လေတိုက်နှုန်းမြင့်မားသဖြင့် အအေးလွန်ကဲ၍ မိုးတွင်းကာလတွင် မိုးများသော်လည်း နွေကာလ၌ သစ်ပင်များနည်းပါးသဖြင့် တောင်ခြောက်ကြီးဖြစ်လျက်ရှိသည်။

ကနေဒီတောင်သည် တီးတိန်နှင့်သိုင်းငင်းကျေးရွာအကြား သိုင်းငင်းရွာ အထွက်လမ်း ခုနစ်မိုင် သုံးဖာလုံမှ ၁၅ မိုင်အကြား၌တည်ရှိပြီး ဒုတိယကမ္ဘာစစ်အတွင်းက မဟာမိတ်တပ်ဖွဲ့အမြောက်စခန်းကို ကနေဒီတောင်ထိပ်တွင် တပ်စွဲထားရှိသဖြင့် ကမ္ဘာပေါ်တွင် အမြင့်ဆုံးအမြောက်စခန်းနေရာအဖြစ် ထင်ရှားခဲ့ကြောင်း သိရသည်။




သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန(ချင်းပြည်နယ်)က ပြည်နယ်အတွင်း ပေါက်ရောက်သည့် တောင်ဇလပ်နီ၊ တောင်ဇလပ်ဖြူများအား အမိန့်ကြော်ငြာစာအမှတ်(၁၁၁၆/၂၀၂၀)ဖြင့် နေရာဒေသအလိုက် (ချင်းပြည်နယ်)တွင် ကာကွယ်ထားသည့်အပင်မျိုးစိတ်ဖြစ်ကြောင်း သတ်မှတ်လိုက်သည့်အတွက် ခုတ်ထွင်ပိုင်းဖြတ်သယ်ဆောင်ခြင်းများပြုလုပ်ပါက(၂၁-၅-၂၀၁၈)ခုနှစ်တွင် ပြဋ္ဌာန်းခဲ့သည့် ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများမှ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာဥပဒေပုဒ်မ(၃၉၊ ၄၀၊ ၄၁) ဖြင့် အရေးယူဆောင်ရွက်သွားမည်ဟုသတိပေးတားမြစ်ချက်ထုတ်ပြန်ထားကြောင်း သိရသည်။

**ဇိုဟောဆာ**

❍

# ရေစကြိုထန်းသီးမုန့်

နိုင်ထွန်း (TGI)

ထန်းသီးမုန့်ကို အညာဒေသကသူများက ထသီးမုန့်ဟု ခေါ်ကြလေသည်။ ထန်းသီးအမှည့်၏အနှစ်ကိုထည့်ပြီး ပြုလုပ်၍ ထန်းသီးမုန့်ဟု ခေါ်ဆိုခြင်း ဖြစ်သည်။ ငယ်စဉ်က စားဖူးသည့် ထန်းသီးမုန့်နှင့် ရေစကြိုနယ်ကထန်းသီးမုန့် အရသာချင်းတော့ မတူတာသိရှိပေသည်။ မန္တလေး နေစဉ်က မိတ်ဆွေအစ်ကိုဖြစ်သူ ပခန်းမှပြန်တိုင်း၊ မုံရွာရောက်တော့လည်း ဝန်ထမ်းတစ်ဦးဖြစ်သူတို့ မိသားစု ရေစကြိုမှပြန်တိုင်း လက်ဆောင်ပေးလေ့ ရှိသလို မိမိတို့လမ်းကြုံတိုင်းလည်း ဝယ်ယူစားသုံး ဖြစ်သည့် သရေစာတစ်မျိုး ဖြစ်သည်။

**ထန်းသီးမုန့်လုပ်ပုံအဆင့်ဆင့်**

ဤသို့ဖြင့် ရေစကြိုသို့ ၂၀၁၉ ခုနှစ် ဩဂုတ်လအတွင်း အလည်သွားစဉ် ရေစကြို-ပခန်းကားလမ်းပေါ်ရှိ မြတ်ရတနာထန်းသီးမုန့်ဆိုင်တွင် မုန့်နှင့်သနပ်ခါး၊ နံ့သာဖြူတုံးများ ဝယ်ယူရင်း ထန်းသီးမုန့်လုပ်ပုံအဆင့်ဆင့်ကို မေးမြန်းဖြစ်ခဲ့သည်။ ထန်းသီးမုန့်တစ်ပေါင်းတွင် မုန့် နှစ်ပိသာခွဲမှ သုံးပိသာ ရှိသည်။ ထိုတစ်ပေါင်းအတွက် ဆန်တစ်ပြည်ကို အရည်ပျစ်ပျစ်ရအောင် စက်ဖြင့် ကြိတ်ရသည်။ မုန့်သားကောင်းကောင်းရစေရန် ပေါ်ဆန်းမွေးနှင့် မနောသုခ (သို့မဟုတ်) ရောမင်း ဆတူရောပြီး ကြိတ်ရကြောင်း ပြောပြသည်။ ကြိတ်ထားသောမုန့်နှစ်များကို သန့်ရှင်းသောဇလုံ၊ အိုးအတွင်းသို့ထည့်ပြီး ထန်းလျက် တစ်ပိသာ အရည်ကြိုပြီးသား၊ နို့စိမ်း တစ်ဘူး၊ ကြက်ဥသုံးလုံးနှင့် ထန်းသီးအနှစ်ထည့်ပြီး မွှေပေးရသည်။ နို့စိမ်းနှင့် ကြက်ဥထည့်ခြင်းမှာ အရသာပိုမိုကောင်းမွန်စေရန် အတွက်ဖြစ်သည်။ ထိုသို့ရောစပ်ပြီး မုန့်ပေါက်သည် အထိ မကြာခဏမွှေပေးရသည်။ နာရီဝက်ခန့် မွှေပြီးပါက အမြှုပ်များ ထလာတတ်ပါသည်။ ထိုသို့ ဖြစ်လာပါက မုန့်သားကောင်းရန်အတွက် အုန်းမှုတ်ခွက်များကို မုန့်ရည်အတွင်းနှစ်ထားပေးရသည်။



**မုန့်ပေါင်းသည့်အချိန်**

ထန်းသီးမုန့်ဆိုသော်လည်း ထန်းသီးမှည့်အနှစ်များမှာ သူ့ရာသီနှင့်သူရသဖြင့် ထန်းသီးမှည့် အနှစ်မပါလည်း လုပ်၍ရကြောင်း သိရသည်။ ထန်းသီးမှည့်ရှိ၍ အနှစ်ထည့်များသွားပါက အချဉ်ပေါက်ပြီး ကြာကြာအထားမခံကြောင်း သိရသည်။ ထိုသို့ ရောနယ်ပြီး မုန့်နှစ်များကို မုန့်ပေါင်းသည့်အချိန်အထိ သုံးနာရီ၊ လေးနာရီကြာအောင် နှပ်ထားရသည်။

ထို့နောက် နံနက်ပိုင်း နှစ်နာရီခန့်အချိန်တွင် အုတ်မီးဖိုပေါ်တွင် မီးဖိုပြီး မိုးပြဲဒယ်အိုးတင်ကာ ရေထည့်ရသည်။ ဒယ်အိုးအပေါ်သို့ အသားငြမ်းတင်ပြီး ၎င်းအပေါ်မှ ဝါးငြမ်းထပ်ဆင့်ရသည်။ ဆန်ကောကို တင်ရသည်။ ထို့နောက် ဆန်ကော (သို့မဟုတ်) လင်ဗန်း တင်ရပါသည်။ ထိုဆန်ကော (သို့မဟုတ်) လင်းဗန်းပေါ် ပိတ်စအဖြူတစ်ထည် ခင်းရသည်။ ရေနွေးဆူလာပါက ပိတ်စပေါ်သို့ မုန့်နှစ်များ လောင်းထည့်ရသည်။ ပြီးမှအပေါ်က အုပ်ဆောင်းဖြင့် အုပ်ထားပေးရသည်။ နာရီဝက်၊ တစ်နာရီခန့်ကြာလျှင် အငွေ့တစ်ထောင်းထောင်းဖြင့် အနံ့မွှေးပျံ့သော ထန်းသီးမုန့်ကို ရလေသည်။ ထန်းသီးမုန့်ထဲသို့ အဆာပလာအဖြစ် ဖရုံယို၊ ဒူးရင်းယိုနှင့် အုန်းသီးစိတ်များလည်း ထည့်ကြသည်။ အများအားဖြင့် အုန်းသီးဆီချက်နှင့် အုန်းသီးကြော်တို့ ထည့်သွင်းရောင်းချသည်။ ထန်းသီးမုန့်ဝယ်သူလာပါက ထန်းသီးမုန့်အား ဓားဖြင့်ပါးပါးလှီးပြီး အုန်းကြော်ဖြူးကာ အမြည်း စားခွင့်ပေးသည်။ ဝယ်သူကျေနပ်ပါက ၎က်ပျောဖက် သတင်းစာစက္ကူအတွင်း ထည့်ပြီး အုန်းသီးကြော် ဖရုံယို၊ ဒူးရင်းယို၊ အုန်းနို့စသဖြင့် ထပ်ထည့်ပေးပြီး အိတ် (သို့မဟုတ်) ဘူးဖြင့်ထည့်ပေးသည်။

အရောင်၊ အနံ့၊ အဆာတွေပါသည့် မုန့်က အထားမခံဘဲ အဆာမပါရင်တော့ သုံးလေးရက် အထားခံကြောင်း သိရသည်။ ယခုအခါ ရေစကြိုဒေသထွက် ထန်းသီးမုန့်များကို ရန်ကုန်၊ မန္တလေးရှိ ရွှေ့ပြောင်းမောအချို့တွင် ဝယ်ယူစားသုံးနိုင်ကြောင်းနှင့် အွန်လိုင်းမှ မှာယူပါကလည်း ပို့ပေးကြောင်း သိရသည်။ တချို့နိုင်ငံခြားသွားသူများ လက်ဆောင်အဖြစ် ဝယ်ယူကြကြောင်းလည်း သိရသည်။ ရေစကြိုထန်းသီးမုန့်ကို အများအားဖြင့် ရေစကြို-ပခန်း-ပခုက္ကူကားလမ်းဆုံရှိ ဆိုင်တန်းများတွင် ဝယ်ယူရရှိနိုင်သည်။ ယခုအခါ ထန်းသီးမုန့်အပြင် ရှင်မတောင်သနပ်ခါး၊ နံ့သာဖြူ၊ ဆီးသီးခြောက်၊ ထန်းလျက်၊ မြေပဲဆားလှော်၊ မြေပဲတောင့်လှော်နှင့် ဆန်ဆုပ် အညာဒေသထွက် သရေစာမျိုးစုံပါ ဝယ်ယူနိုင်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

**ယခုအခါ ရေစကြိုဒေသထွက် ထန်းသီးမုန့်များကို ရန်ကုန်၊ မန္တလေးရှိ ရွှေ့ပြောင်းမောအချို့တွင် ဝယ်ယူစားသုံးနိုင်ကြောင်းနှင့် အွန်လိုင်းမှ မှာယူပါကလည်း ပို့ပေးကြောင်း သိရသည်။ တချို့နိုင်ငံခြားသွားသူများ လက်ဆောင်အဖြစ် ဝယ်ယူကြကြောင်းလည်း သိရသည်။ ရေစကြိုထန်းသီးမုန့်ကို အများအားဖြင့် ရေစကြို- ပခန်း- ပခုက္ကူကားလမ်းဆုံရှိ ဆိုင်တန်းများတွင် ဝယ်ယူရရှိနိုင်။**

# ၂၀၂၁ ခုနှစ်၊ မတ်လ လပတ်အတွက် မိုးလေဝသ ခန့်မှန်းချက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

၁။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းနိုင်ပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အနည်းငယ် ဖြစ်ထွန်းနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

၂။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမှုပမာဏ ရေချိန်အောက် လျော့နည်းနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီးတွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

၃။ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ခြောက်ရက်မှ ရှစ်ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရှမ်းပြည်နယ်တို့တွင် သုံးရက်မှ ငါးရက်ခန့်နှင့် နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် တစ်ရက်မှ နှစ်ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**နေ့အပူချိန်**

၄။ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် မတ်လပျမ်းမျှ အပူချိန်၏ ၁ ဒသမ ၅ ဒီဂရီစင်တီဂရိတ်နှင့်အထက်ပိုနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှ အပူချိန်ခန့်သာ ရှိနိုင်သည်။

**မြူအခြေအနေ**

၅။ ရှမ်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၁၂ ရက်မှ ၁၈ ရက်ခန့်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ၅ ရက်မှ ၁၁ ရက်ခန့်နှင့် နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နှစ်ရက်မှ လေးရက်ခန့် နံနက်ပိုင်းတွင်မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

၆။ ၂၀၂၁ ခုနှစ်၊ မတ်လအတွင်း ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့နှင့် သပိတ်ကျင်းမြို့တို့တွင် နှစ်ပေမှ သုံးပေခွဲခန့်နှင့် မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့နှင့် ညောင်ဦးမြို့တို့တွင် ပေဝက်မှ နှစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

၇။ ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

၈။ မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့တွင် ပေဝက်ခန့်နှင့် ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဖားဆောင်းမြို့တွင် ပေဝက်ခန့်နှင့် သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်ပြီး စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် တစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေမှ နှစ်ပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် တစ်ပေခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် နှစ်ပေခန့်၊ ကုလားတန်မြစ်ရေသည် ပလက်ဝမြို့နှင့် ကျောက်တော်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ လေးမြို့ မြစ်ရေသည် မြောက်ဦးမြို့တွင် တစ်ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မိုး/ဇလ

# ကိုဗစ် – ၁၉ ကာကွယ်ဆေးနှင့် ပတ်သက်သော မေးခွန်းနှင့်အဖြေများ

အပိုင်း(၁)

## ၁ COVID-19 ကာကွယ်ဆေးမှာ ဘယ်လိုအချက်တွေနဲ့ ပြည့်စုံဖို့လိုတာပါလဲ

COVID-19 ကာကွယ်ဆေးထိုးသော လူများအနက် အနည်းဆုံး **(၅၀)ရာခိုင်နှုန်း မှ (၇၀)ရာခိုင်နှုန်း** အထိ ကာကွယ်မှုရရှိခြင်း၊ ကာကွယ်ဆေးထိုးပြီးလျှင် ပြင်းထန်သော ဘေးထွက်ဆိုးကျိုး မရှိခြင်းနှင့် အချိန်ကြာမြင့်စွာ ရောဂါခုခံနိုင်စွမ်းအားရရှိခြင်းစသည့် အချက်တို့နှင့် ပြည့်စုံရပါမည်။

## ၂ ကမ္ဘာတစ်ဝန်းတွင် COVID-19 ကာကွယ်ဆေးကို အပြိုင်အဆိုင် ထုတ်လုပ်နေကြရာ ယခုထိုးနှံပေးမည့် ကာကွယ်ဆေးများက ဘေးကင်း စိတ်ချရတဲ့ ကာကွယ်ဆေး ဟုတ်ပါသလား

COVID-19 ကာကွယ်ဆေးသည် ထုတ်လုပ်နိုင်သည်မှာ မကြာသေး၍ ပုံမှန်ကာကွယ်ဆေးထိုးလုပ်ငန်းတွင် အသုံးပြုနေသော ကာကွယ်ဆေးများကဲ့သို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ အရည်အသွေးပြည့်မီကြောင်း အပြည့်အဝထောက်ခံချက် မရရှိသေးပါ။ သို့ရာတွင် ဘေးကင်း၍ အာနိသင်ပြည့်ဝစေရန် ကာကွယ်ဆေး ထုတ်လုပ်ရာတွင် လိုက်နာရမည့် စံချိန်စံနှုန်း သတ်မှတ်ချက်များ အတိုင်း ထုတ်လုပ်ထား၍ ကာကွယ်ဆေး၏ အစွမ်းထက်မှု၊ ဘေးကင်းမှုအပါအဝင် အခြားလိုအပ်သော ဝိသေသများကို ကာကွယ်ဆေးထိန်းချုပ်စိစစ် ခွင့်ပြုသူများမှ စစ်ဆေးပြီး ကမ္ဘာ့ဈေးကွက်တွင်ရောင်းချရန် ခွင့်ပြုချက်ရရှိထား၍ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အရေးပေါ်အသုံးပြုရန် ခွင့်ပြုချက်ရရှိထားသော ကာကွယ်ဆေးများကိုသာ ထိုးနှံပေးနိုင်ရန် ဆောင်ရွက်ပါမည်။

## ၃ COVID-19 ကာကွယ်ဆေးသည် လူတိုင်း မဖြစ်မနေထိုးနှံရမည့် ကာကွယ်ဆေးပါလား

COVID-19 ကာကွယ်ဆေးသည် မိမိသဘောဆန္ဒအလျောက် ထိုးနှံရမည့် ကာကွယ်ဆေး ဖြစ်ပါသည်။ ကာကွယ်ဆေးကို ထိုးနှံမည်ဟု ဆုံးဖြတ်ထားပါက ရောဂါကူးစက်မှုကို ကာကွယ်နိုင်မည့် ကိုယ်ခံအားရရှိရန် သတ်မှတ်အကြိမ်အရေအတွက်ကို ပြည့်အောင် ထိုးနှံရပါမည်။ ထို့အပြင် ပါးစပ်နှင့်နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေ အကွာနေခြင်းတို့ကို မဖြစ်မနေ ဆက်လက် လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၄ COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယ လက္ခဏာခံစားနေရသူများသည် COVID-19 ကာကွယ်ဆေးကို ထိုးနှံရန် လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားနေသူများနှင့် သံသယလက္ခဏာခံစားနေရသူများသည် ရောဂါလက္ခဏာများအားလုံး သက်သာပျောက်ကင်းပြီးနောက် (၁၄)ရက်ကြာမှသာ ကာကွယ်ဆေးကို ထိုးနှံသင့်ပါသည်။

## ၅ COVID-19 ရောဂါ ပျောက်ကင်းပြီးသူများသည် COVID-19 ကာကွယ်ဆေးထိုးရန်လိုအပ်ပါသလား

COVID-19 ရောဂါဖြစ်ပွားဖူးသူများသည်လည်း COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံရန် လိုအပ်ပါသည်။ သို့မှသာ COVID-19 ရောဂါထပ်မံဖြစ်ပွားမှုမှ ကာကွယ်ရန်နှင့် COVID-19 ရောဂါ၏ နောက်ဆက်တွဲ ဆိုးကျိုးများဖြစ်ခြင်းမှ ကာကွယ်ရန် လိုအပ်သောကိုယ်ခံအားကို ရရှိမည်ဖြစ်ပါသည်။

## ၆ COVID-19 ကာကွယ်ဆေးထိုးနှံပြီးပါက COVID-19 ရောဂါကို ချက်ချင်းကာကွယ်နိုင်ပါသလား

ယေဘုယျအားဖြင့် ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ကိုယ်ခန္ဓာမှ ကိုယ်ခံစွမ်းအား စတင်ထွက်ရှိရန် အနည်းဆုံးအချိန် နှစ်ပတ်ခန့် လိုအပ်ပါသည်။ သို့ဖြစ်ပါ၍ COVID-19 ကာကွယ်ဆေး ထိုးပြီးသော်လည်း ရောဂါကူးစက်မှုမှ ကာကွယ်ရန် ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို စက္ကန့်(၂၀) ကြာအောင် စနစ်တကျမကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့်တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို ဆက်လက်လုပ်ဆောင်ရမည်ဖြစ်ပါသည်။

## ၇ COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါက ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ဆေးခြင်းကို ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါသလား

COVID-19 ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံပြီးပါကလည်း COVID-19 ရောဂါကပ်အသွင်ဖြစ်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်ရန် လူတိုင်း(လူတိုင်း)မှ ပါးစပ်နှင့် နှာခေါင်းစည်း (Face mask) တပ်ဆင်ခြင်း၊ လက်ကို မကြာခဏဆေးခြင်းနှင့် လူတစ်ဦးနှင့် တစ်ဦး (၆)ပေအကွာနေခြင်းတို့ကို သေချာစွာဆက်လက် လုပ်ဆောင်ရန် အလွန်အရေးကြီးပါသည်။

Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/facts.html
Ref: https://www.who.int/emergencies/diseases/novel-coronavirus-2019/media-resources/science-in-5/episode-5
Ref: https://www.cdc.gov/coronavirus/2019-ncov/vaccines/faq.html
Ref: FAQ on COVID-19 vaccine from Government of India

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## GAP စနစ်ဖြင့် စိုက်ပျိုးသောငရုတ်သီးများ ဈေးကောင်းရရှိ၍ ပိုမိုစိုက်ပျိုးလာ

**ငဖဲ ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် ငရုတ်စိုက်တောင်သူများသည် စိုက်ဧက ၂၁၀ ကို GAP နည်းစနစ်ဖြင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခဲ့ရာ ငရုတ်သီးများ အရည်အသွေးကောင်းမွန်ပြီး အထွက်နှုန်း ကောင်းခြင်း၊ ဈေးကောင်းခြင်းတို့ကြောင့် ငရုတ်စိုက်တောင်သူများ စီးပွားရေးကောင်းကာစားဝတ်နေရေးအတွက် ငရုတ်စိုက်ခြင်းဖြင့် ဝင်ငွေတစ်ဖက်တစ်လမ်းက အထောက်အကူပြုစေကြောင်း ငဖဲမြို့နယ်တောင်သူအစုအဖွဲ့ဝင် ငရုတ်စိုက်တောင်သူ ဇီးတောကျေးရွာမှ တောင်သူဦးလှဦးက ပြောကြားသည်။

"မန်းချောင်းဘေးမှာ ရေသွင်းစနစ်ဖြင့်လည်း စိုက်ပျိုးပါတယ်။ ပြီးခဲ့တဲ့ ဇန်နဝါရီလဆန်းပိုင်းက ရေသွင်းငရုတ် ၁၇ ဧကကို မန်းချောင်းရဲ့ ဘေးအမြင့်ပိုင်းတွေမှာ စိုက်ခဲ့ပါတယ်။ ငရုတ်တစ်ဧကပိဿာချိန် ၃၀၀၀ မှ ၅၀၀၀ အထိ အထွက်ကောင်းပါတယ်။ ငရုတ်ဈေးကောင်းတော့ နွေ၊ မိုး၊ ဆောင်းပတ်လည် ငရုတ်စိုက်လာကြပါတယ်။ ခုထိ ငရုတ်ပြန်စိုက်သလို ခူးဆွတ်နေကြပါပြီ။ အောင်ပင်လယ်၊ ဇီးတောရှောက်ဝကျေးရွာတွေမှာ ငရုတ်မျိုးကောင်း ဖြ၂ ကိုအစိုက်များတယ်။ ပုဂ္ဂလိကစိုက်ပျိုးရေးကုမ္ပဏီတွေက မျိုးဝယ်စိုက်ကြပါတယ်။ တရုတ်နိုင်ငံ ထိုင်းနိုင်ငံများမှ ငရုတ်ဝယ်လက်များက ကျွန်တော်တို့ငဖဲက GAP နည်းနဲ့ စိုက်လို့ ဓာတုကင်းစင်တဲ့အတွက် ဝယ်လက်အကြိုက်ဖြစ်ပါတယ်"ဟု ငရုတ်စိုက်တောင်သူဦးလှဦးက ပြောကြားသည်။

မကွေးတိုင်းဒေသကြီး ငဖဲမြို့နယ်တွင် ငရုတ်စိုက် တောင်သူများသည် စိုက်ဧက ၂၁၀ကို GAP နည်းစနစ်ဖြင့် တစ်ပိုင်တစ်နိုင်စိုက်ပျိုးခဲ့ရာ ငရုတ်သီးများ အရည်အသွေးကောင်းသောကြောင့်ငရုတ်သီးအခြောက် တစ်ပိဿာကျပ် ၃၀၀၀ မှ ၅၀၀၀ ကျပ်၊ ၆၅၀၀ ကျပ်မှ ၁၀၀၀၀ ကျပ်အထိ ဈေးကောင်းကြောင်း ဒေသခံငရုတ်စိုက်တောင်သူများထံမှ သိရသည်။



ယခုရက်ပိုင်းတွင် ငရုတ်သီးအမှည့်များကို အခြောက်ခံ၍လည်းကောင်း၊ အစိမ်းလိုက်ကိုလည်းကောင်း မကွေး၊ မင်းဘူး၊ ပြည်၊ အောင်လံ၊ သရက်၊ ရန်ကုန်၊ မန္တလေးဈေးကွက်များသို့ ပို့ကြကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် မင်းဘူးခရိုင်စိုက်ပျိုးရေးဦးစီးဌာန ငဖဲမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနတို့မှ တိုင်းတောင်သူအစုအဖွဲ့နှင့် NAGတို့သည် GAPနည်းစနစ်ဖြင့် စပါး၊ မြေပဲ၊ နှမ်း၊ ပဲမျိုးစုံ၊ ငရုတ်သီးနှံများကို ၂၀၁၇ ခုနှစ်မှ စတင်စိုက်ပျိုးလာခဲ့ရာ အခြားသီးနှံများနည်းတူ ငရုတ်စိုက်ပျိုးရေးလည်း အောင်မြင်ကာ ဝယ်ယူစားသုံးသူများ အကြိုက်ဖြစ်လာကြောင်း သိရသည်။

**ဝင်းမောင်(မကွေး)**

## ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေး ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများ ရပ်ဆိုင်းထားရာမှ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တပ်မတော်သားများက အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့် ထိန်းသိမ်းစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

**ပူးပေါင်းဆောင်ရွက်**

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်မြို့ရှိ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ်(၁၀)ရပ်ကွက်ရှိ အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်းတို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံတပ်မတော်သားများက ကျောင်းဝင်းများအတွင်း၊ အပြင်ရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် စာသင်ဆောင်များအတွင်း၊ အပြင် သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



## မကွေး(၁၆) မြေပဲမျိုးကို ကျောက်ထုတွင် ဆောင်းသီးနှံအဖြစ် စိုက်ပျိုး

**ကျောက်ထု ဖေဖော်ဝါရီ ၂၈**

ဂန့်ဂေါခရိုင် ကျောက်ထုမြို့ စိုက်ပျိုးရေးဦးစီးဌာန၏ အစီအစဉ်ဖြင့် ကျောက်ထုဒေသ၌ မကွေး(၁၆) မြေပဲမျိုးကို မျိုးသန့် မျိုးပွားစိုက်ခင်းအဖြစ် ဆောင်းသီးနှံအဖြစ် စိုက်ပျိုးလျက်ရှိသည်။

ထိုသို့ စိုက်ပျိုးရာတွင် စုစုပေါင်းဧက ၂၅၀ ကျော်စိုက်ပျိုးကြောင်းနှင့် မြေဩဇာအတွက် သဘာဝမြေဆွေးကို အသုံးပြုကြောင်း တောခလွန်ကျေးရွာမှ တောင်သူဦးထွန်းအေးက ပြောကြားသည်။

ယမန်နှစ်က ထိုသို့စိုက်ပျိုးခဲ့ရာ တစ်ဧကလျှင် တင်း ၈၀ ခန့် ထွက်ရှိပြီး တစ်တင်းလျှင် ငွေကျပ် ၁၂၀၀၀ ဖြင့် ရောင်းချခဲ့ကြောင်း စိုက်ပျိုးရေးဌာနမှတ်တမ်းများအရ သိရသည်။

**စိန်ကျော်**

## မင်းဘူး(စကု)မြို့နယ်၌ တောင်သူများ နွားမွေးမြူရေးလုပ်ငန်းများပါ တွဲဖက်လုပ်ကိုင်လာ

**မင်းဘူး ဖေဖော်ဝါရီ ၂၈**

မကွေးတိုင်းဒေသကြီးမင်းဘူး(စကု)မြို့နယ် ကြာကန်ကျေးရွာမှ တောင်သူများသည် လယ်ယာလုပ်ငန်းအပြင် နွားမွေးမြူရေးလုပ်ငန်းများပါ တွဲဖက်လုပ်ကိုင်လာကြကြောင်း ကြာကန်ကျေးရွာနွားမွေးမြူရေးလုပ်ကိုင်သူများထံမှ သိရသည်။



လယ်၊ ယာကဏ္ဍမှထွက်သော ကောက်ပဲသီးနှံများ ရောင်းရေးဝယ်ရေးခက်ခဲပြီး သီးနှံဈေးနှုန်းများပါ ကျဆင်းနေသဖြင့် ထိုကာလမှ စီးပွားရေးကိုပြန်လည်ကုစားနိုင်ရန် နွားမွေးမြူရေးလုပ်ငန်းများ တွဲဖက်လုပ်ကိုင်လာကြကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးအတွင်းမှ ပြည်ပသို့ ကျွဲ၊ နွားတင်ပို့ခွင့်ပါမစ်ရကုမ္ပဏီ လေးခုရှိနေသည့်အတွက် ဈေးကွက်အခိုင်အမာရှိ၍ တောင်သူများအနေဖြင့် ကျွဲ၊ နွားများကို ပိုမိုမွေးမြူကြမည်ဆိုပါက စီးပွားရေးနှင့် လူနေမှုဘဝများတိုးတက်လာမည်ဟု ကြာကန်ရွာမှ နွားမွေးမြူရေး လုပ်ငန်းလုပ်ကိုင်သူ တောင်သူများက ယူဆကြသည်။

နွားများမှာ သက်တမ်းနှင့် နွားချော၊ နွားလှအပေါ်မူတည်၍ ကျပ် ၅၀၀၀၀၀ မှ ကျပ်သိန်း ၂၀ ဈေးရှိကြောင်း၊ နွားမများမှာလည်း တစ်နှစ်ကိုတစ်သားနှုန်း ပေါက်ပွားသည့်အပြင် နွားမအကောင်ချောလျှင် ဈေးကောင်းရသောကြောင့် ကြာကန်ရွာမှ တောင်သူအတော်များများနွားများမွေးမြူလာကြကြောင်း သိရသည်။

"ကျွန်တော်တို့ရွာမှာ နွားမွေးမြူကြတဲ့ တောင်သူ ၂၀ လောက်ရှိပြီး နွားအကောင်ရေအနေနဲ့ ၁၀၀၀ ကျော်လောက် ရှိပါတယ်။ ကိုဗစ်-၁၉ ကာလရယ် ရာသီဥတုမမှန်တာရယ်ကြောင့် ရွာမှာရှိတဲ့ တောင်သူအတော်များများ နွားမွေးမြူရေးလုပ်ငန်းများတွဲဖက်လုပ်ကိုင်လာကြပါတယ်'' ဟု နွားမွေးမြူရေးနှင့် တောင်သူလုပ်ငန်းလုပ်ကိုင်သူ ကိုမင်းမင်းက ပြောကြားသည်။

**ဇေယျာထက် (မင်းဘူး)**

## ကျောက်ဆည်မြို့နယ်၌ ဘူးပင်များ တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိ

**ကျောက်ဆည် ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကုလကျေးရွာတွင် ဘူးပင်များ တစ်ပိုင်တစ်နိုင်စိုက်ပျိုးခြင်းဖြင့် မိသားစုအပိုဝင်ငွေရရှိပြီး စားဝတ်နေရေးအဆင်ပြေလျက်ရှိသည်။

ဘူးပင်များစိုက်ပျိုးမည်ဆိုပါက ထယ်ရေးညက်ညက်တွင် သဘာဝမြေဩဇာဖြစ်သည့်နွားချေးနှင့် ဦးစွာမြေပြုပြင်ထားပြီး တစ်ပင်နှင့်တစ်ပင် သုံးပေ၊ တစ်တန်းနှင့် တစ်တန်း ၁၈ပေခြားကာ စိုက်ပျိုးမှသာ လေဝင်လေထွက်ကောင်းပြီး နေရောင်ခြည်ကောင်းစွာရရှိ၍ အပင်လက်တံများ ဖြာထွက်နှုန်းကောင်းမွန်ကာ အသီးအထွက်နှုန်းကောင်းကြောင်း သိရသည်။

ဘူးပင်များစိုက်ပျိုးမည်ဆိုပါက အသေအပျောက်မရှိစေရန်အတွက် အစေ့များအားအညှောက်ဖောက်ပြီးမှသာ စိုက်ပျိုးရကြောင်း၊ ဘူးတစ်ဧကစိုက်ပျိုးမည်ဆိုပါက အပင်အရေအတွက် ၁၀၀၀ ခန့် ဝင်ဆံ့ကြောင်း၊ စတင်စိုက်ပျိုးပြီး ၄၅ ရက်တွင် ဘူးသီးများစတင်ခူးဆွတ်ရောင်းချရကြောင်း၊ ရောင်းဈေးအနေဖြင့် ဘူးသီးတစ်လုံးအား ငွေကျပ်၃၀၀မှ ၅၀၀ ကျပ်အထိအမျိုးမျိုးရှိပြီး နှစ်လခန့်အထိ ခူးဆွတ်ရောင်းချရကြောင်း သိရသည်။

ဘူးပင်သည် ရေကြိုက်နှစ်သည့် အပင်တစ်မျိုးဖြစ်သောကြောင့် မြေအစိုဓာတ်ရှိစေရေးမြေအနေအထားပေါ်မူတည်ကာ ရေတင်ပေးခြင်းများ ပြုလုပ်ပေးရကြောင်း၊ ခူးဆွတ်ရောင်းချရာတွင် တစ်ရက်ခြား ခူးဆွတ်ရောင်းချရသဖြင့် မိသားစုစားဝတ်နေရေးအဆင်ပြေသောကြောင့် ဘူးပင်သည် စိုက်သင့်သည့် သီးနှံတစ်မျိုးဖြစ်ကြောင်း ဘူးစိုက်ပျိုးရောင်းချသူ ကုလကျေးရွာမှ တောင်သူဦးမျိုးမြင့်က ပြောကြားသည်။ **သက်မောင်(ကျောက်ဆည်)**



# ဆူပူဆန္ဒပြသူလူတစ်စုက လုံခြုံရေးဆောင်ရွက်လျက်ရှိသော မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအား ဖမ်းဆီး၊ ဥပဒေမဲ့လုပ်ရပ်များ ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မွန်ပြည်နယ် မော်လမြိုင်မြို့ ဈေးကြိုရပ်ကွက် ဈေးကြိုအဝိုင်းအနီး၌ မုပွန်နယ်မြေရဲစခန်းမှ ရဲအုပ်နိုင်လင်းအောင်သည် အရပ်ဝတ်ဖြင့် လုံခြုံရေးဆောင်ရွက်စဉ် ယနေ့မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်တွင် ဆန္ဒပြလူစု၏ ဖမ်းဆီးခြင်းခံခဲ့ရပြီး ၎င်းနှင့်အတူ ပွိုင့်-၃၈ ခြောက်လုံးပြူးသေနတ် တစ်လက်၊ ၎င်းကျည် ၁၈ တောင့်တို့ပါသွားကြောင်း သိရသည်။

အဆိုပါဖမ်းဆီးခံရသူမှာ မုပွန်နယ်မြေရဲစခန်းတွင် တာဝန်ထမ်းဆောင်နေသူဖြစ်ပြီး ၎င်းအား မော်လမြိုင်မြို့ စမ်းကြီးရပ်ကွက် ဝဂလာသင်္ချိုင်းကုန်းတွင် ဆူပူဆန္ဒပြသူလူတစ်စုက ဖမ်းဆီးထားကြောင်းကို မုပွန်နယ်မြေရဲစခန်းမှ တာဝန်ရှိသူထံသို့ ဖုန်းဖြင့်ဆက်သွယ်ပြောကြားလာသဖြင့် ညနေ ၅ နာရီခန့်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ခေါ်ယူပြီး ပြန်လည်ထွက်ခွာလာစဉ် ကျောက်မီးသွေးလမ်းဆုံနေရာသို့အရောက် ဆူပူဆန္ဒပြသူလူတစ်စုက မော်တော်ယာဉ်ပေါ်လိုက်ပါလာသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား လောက်လေးခွ၊ ကျောက်ခဲများဖြင့် အကြမ်းဖက်စတင်ပစ်ခတ်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ဖြိုခွင်းခဲ့ရသည်။

အဆိုပါဖြစ်စဉ်နှင့်ပတ်သက်၍ ဖမ်းဆီးခံရသူ ရဲအုပ်နိုင်လင်းအောင်နှင့်အတူပါရှိသည့် လက်နက်၊ ခဲယမ်းများကို ဆူပူအကြမ်းဖက်သူများမှ ယူဆောင်သွားခဲ့သည့်အတွက် ပြန်လည်ရရှိရေးအတွက် ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ ဒုရဲအုပ် ကျော်မြင့် ဦးစီး လေးဦးတို့သည် ယနေ့မွန်းတည့်ချိန်တွင် Sound Six Bang ၂၀ လုံးနှင့် အသင့်စားကြာဆံထုပ်များ ထုတ်ယူပြီး သန်လျင်မြို့နယ်သို့ တပ်ဖွဲ့ပိုင်ဟိုင်းလပ်အပြာရောင်မော်တော်ယာဉ်ဖြင့် ပြန်လာစဉ် သာကေတမြို့နယ် ရန်ပြေ(၃)လမ်းထိပ်သို့အရောက်၌ ဆူပူဆန္ဒပြသူလူတစ်စုက တုတ်၊ ဓားများကိုင်ဆောင်၍ ကားအားရပ်တန့်စေခဲ့ကြောင်း၊ ထို့နောက် မော်တော်ယာဉ်ပေါ်ပါပစ္စည်းများအား စစ်ဆေးခြင်းများဆောင်ရွက်ပြီး ဒုရဲအုပ်ကျော်မြင့်ပါ ရဲတပ်ဖွဲ့ဝင် သုံးဦးအား လက်ပြန်ကြိုးများတုပ်ချည်ပြီး ကားဘီးများ လေလျှော့ကာ ရန်ပြေ(၃)လမ်းရှိ နာရေးကူညီမှုအသင်းရုံးသို့ ဖမ်းဆီးခေါ်ဆောင်ခဲ့ကြောင်း သိရှိရပြီး ရပ်ကွက်မှ ရပ်မိရပ်ဖတစ်ဦးက သက်ဆိုင်ရာသို့ ဖုန်းဖြင့်ဆက်သွယ်လာပြီး လာရောက်ခေါ်ဆောင်ရန် အကြောင်းကြားခဲ့သဖြင့် မွန်းလွဲ ၂ နာရီခွဲခန့်တွင် လုံခြုံရေးတပ်ဖွဲ့များနှင့်တာဝန်ရှိသူများက သွားရောက်ခေါ်ဆောင်ရာ သိမ်းဆည်းထားသည့် ပစ္စည်းများနှင့်အတူ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။



ဆူပူဆန္ဒပြသူများ၏ ဖမ်းဆီးခြင်းခံခဲ့ရသည့် မုပွန်နယ်မြေရဲစခန်းမှ ရဲအုပ်နိုင်လင်းအောင်အား တွေ့ရစဉ်။

ထို့ပြင် ကမာရွတ်မြို့နယ် ပြည်လမ်း မာလာမှတ်တိုင်အနီး၌ ဆူပူဆန္ဒပြလူစုလူဝေးကို လူစုခွဲနိုင်ရေး ဆောင်ရွက်လျက်ရှိစဉ် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်တစ်ဦးအား အင်းယားလမ်းမီးပွိုင့်မှ လှည်းတန်းလမ်းဆုံဘက်သို့ မောင်းနှင်လာသော Light Track အဖြူရောင်မော်တော်ယာဉ် တစ်စီးမှ ရည်ရွယ်ချက်ရှိရှိ အကြောင်းမဲ့ဝင်တိုက်ပြီး မောင်းနှင်ထွက်ပြေးသွားခဲ့သဖြင့် အဆိုပါလုံခြုံရေးရဲတပ်ဖွဲ့ဝင်တစ်ဦးတွင် ထိခိုက်ဒဏ်ရာများ ရရှိခဲ့ကြောင်းနှင့် ဒဂုံမြို့နယ်ရှိ တပ်မတော်ဆေးရုံတွင် ပို့ဆောင်ဆေးကုသမှုခံစေလျက်ရှိကြောင်း သိရသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်တွင် လုံခြုံရေးတာဝန်ထမ်းဆောင်ရန်အတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင် ငါးဦးတို့သည် ယနေ့တွင် တာဝန်ကျရာနေရာမှ Mark II ယာဉ်ဖြင့် ထွက်ခွာလာစဉ် ၆၃ လမ်းနှင့် ၁၀၇ လမ်းအရောက်၌ ဆူပူအုံကြွလျက်ရှိသည့် လူအင်အား ၂၀၀ ကျော်ခန့်က ရဲကားဟုအော်၍ လည်းကောင်း၊ လူတိုက်ပြေးသည်ဟုအော်ဟစ်၍ လည်းကောင်း၊ ခဲများဖြင့် ပစ်ခတ်ကာ ကားလမ်းအားပိတ်ဆို့၍ ယာဉ်အား တားဆီးခဲ့သည်။

ထိုသို့ ပိတ်ဆို့တားဆီးပြီးနောက် ယာဉ်အားဖျက်ဆီးကာ ရဲတပ်ဖွဲ့ဝင်များအား မြို့သစ်ရပ်ကွက် ဓမ္မာရုံတွင် ဖမ်းဆီးထားခဲ့သည်။ အဆိုပါဖြစ်စဉ်နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက ၆၂ လမ်းအတိုင်း သွားရောက်ပူးပေါင်းခဲ့ရာ ၁၀၇ လမ်းထောင့်တွင် ဖျက်ဆီးခံထားရသည့် Mark II ယာဉ်အားတွေ့ရှိရပြီး ယာဉ်နောက်ဖုံးအတွင်းမှ လက်နက်ခဲယမ်းများ ပြန်လည်ရရှိခဲ့သည်။

ဆက်လက်၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခံထားရသည့် ရဲတပ်ဖွဲ့ဝင် ငါးဦးအား ဓမ္မာရုံမှပြန်လည်လွှတ်ပေးရေး ညှိနှိုင်း၍ သွားရောက်ခေါ်ဆောင်ခဲ့ရာ ဆန္ဒပြသူများက အကြမ်းဖက်လုပ်ရပ်များဖြင့် ပြန်လည်တုံ့ပြန်ဆောင်ရွက်လာသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်မှု ဖြိုခွဲရေးလုပ်ငန်းစဉ်အဆင့်ဆင့်အတိုင်း ဥပဒေနှင့်အညီ အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် လူစုခွဲဆောင်ရွက်ခဲ့ရပြီး လူအုပ်စု၏ အကြမ်းဖက် တုံ့ပြန်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်တွင် Mark II ယာဉ်မှာ ကားမှန်များ၊ တာယာများ ထိုးခွဲဖျက်ဆီးခံခဲ့ရပြီး မော်တော်ယာဉ်ကိုယ်ထည်အား ဆေးအနီးရောင်များ မှုတ်၍ ဖျက်ဆီးထားကြောင်း တွေ့ရှိသည်။

ထို့အပြင် ယနေ့ မွန်းလွဲပိုင်းတွင် ၇၈ လမ်းနှင့် ၂၇ လမ်းထောင့်၊ ၃၈ လမ်းနှင့် ၇၈ လမ်းထောင့်၊ ၃၅ လမ်းနှင့် ၆၂ လမ်းထောင့်၊ ၃၈ လမ်းနှင့် ၈၀ လမ်းထောင့်၊ သိပ္ပံလမ်းနှင့် ၆၂ လမ်းထောင့်တို့တွင် မန္တလေးမြို့တော်လုံခြုံရေးအတွက် တပ်ဆင်ထားသော CCTV Camera များကို ဆူပူဆန္ဒပြသူများက အကြမ်းဖက်ဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

ဆူပူဆန္ဒပြသူများအနေဖြင့် အများပြည်သူများ၏ လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးလုပ်ငန်းများ လုပ်ဆောင်နေသည့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ခြိမ်းခြောက်ခြင်း၊ ဖမ်းဆီးခြင်း၊ အသက်အန္တရာယ်အား ခြိမ်းခြောက်သည်အထိ ဆောင်ရွက်ခဲ့ကြောင်း၊ အထက်ပါဖြစ်စဉ်ဖြစ်ပွားရာ မြို့နယ်များသည် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ-၁၄၄ ထုတ်ပြန်၍ လူ ငါးဦး သို့မဟုတ် ငါးဦးထက်ပို၍ လူစုဝေးခြင်းမပြုရန် တားမြစ်ချက်များ ထုတ်ပြန်ထားရှိသည့် နေရာများဖြစ်ပြီး ယခုကဲ့သို့ ဆူပူဆန္ဒပြရာတွင် ပါဝင်ပတ်သက်သူများကို ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပဲခူးမြို့ ပဲခူးမြစ်ကူးတံတားအနီး လူစုလူဝေးဖြင့် မင်းမဲ့စရိုက်ဆန်စွာ ဆူပူအုံကြွပြီး ဥပဒေမဲ့ အကြမ်းဖက်လုပ်ရပ် ဆောင်ရွက်နေသူများအား ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ဖေဖော်ဝါရီလ ၈ ရက်နေ့မှစ၍ အချို့မြို့ကြီးများတွင် ရာဇဝတ်ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ အား ထုတ်ပြန်ထားခဲ့ပြီး ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြည်သူများသို့ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အား ချိုးဖောက်သူများနှင့် CDM ပြုလုပ်ရန် နည်းအမျိုးမျိုးဖြင့် လှုံ့ဆော်ဖိအားပေးသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာထားရှိပြီးဖြစ်သည်။

ထိုသို့ထုတ်ပြန်ထားရှိသော်လည်း ယနေ့နံနက် ၉ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ပဲခူးမြစ်ကူးတံတားအနီးတွင် လူစုလူဝေးအင်အား ၃၀၀၀ သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ကို လိုက်နာခြင်းမရှိဘဲ ဆူပူဆန္ဒပြလျက်ရှိကြောင်း သိရသည်။

ဆူပူဆန္ဒပြမှုများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးကို ထိခိုက်ပျက်ပြားစေသည့်အပြင် ရုန်းရင်းဆန်ခတ်မှုများ ဖြစ်ပွားစေနိုင်သည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လူစုလူဝေးမပြုလုပ်ရန်နှင့် လူစုခွဲရန်မေတ္တာရပ်ခံခဲ့သော်လည်း လူစုကွဲခြင်းမရှိသဖြင့် မီးခိုးဗုံးတစ်လုံးပစ်ခတ်၍ လူစုခွဲခဲ့ရာ လူစုအနည်းငယ်သာ ကွဲခဲ့ပြီး ဆူပူဆန္ဒပြသူ ၁၀၀၀ ခန့်သည် ဆက်လက်ဆူပူအုံကြွလျက်ရှိသည့်အပြင် မင်းမဲ့စရိုက်ဆန်သည့် အကြမ်းဖက်လူအုပ်စု (Anarchy Mob)အသွင်ဖြင့် ပတ်ဝန်းကျင်ရှိ ဈေးဆိုင်တန်းများအား အကြောင်းမဲ့လုယက်ဖျက်ဆီးခြင်း၊ မီးရှို့ခြင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေးခွ၊ အုတ်ခဲ၊ ကုန်းသီး၊ ဖန်သီးတို့ဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်လာခဲ့သည်။

ထိုကဲ့သို့ မင်းမဲ့စရိုက်ဆန်သည့် အကြမ်းဖက်လူအုပ်စု(Anarchy Mob)အသွင်ဖြင့် ဆူပူအုံကြွမှုများကို လုပ်ဆောင်လာခဲ့သောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်မှုဖြိုခွဲရေးလုပ်ငန်းစဉ်အဆင့်ဆင့်အတိုင်း ဥပဒေနှင့်အညီ အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် ဆန္ဒပြလူအုပ်ကြီးအား လူစုခွဲဆောင်ရွက်ခဲ့ရာ မွန်းတည့် ၁၂ နာရီခန့်တွင် လူစုကွဲခဲ့သည်။

ထို့သို့ လူစုကွဲခဲ့ပြီးနောက် အကြမ်းဖက်အုပ်စု၏ မီးရှို့ဖျက်ဆီးခြင်း၊ လုယက်ဖျက်ဆီးခြင်း ခံထားရသည့် ဈေးဆိုင်တန်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက သန့်ရှင်းရေးဆောင်ရွက်ပေးခဲ့ပြီး ပြန်လည်ထွက်ခွာစဉ် မြို့တွင်းရှိ ရှောပင်းမောတစ်ခုအား ထပ်မံမီးရှို့ဖျက်ဆီးမည်ဟု သိရှိရသဖြင့် လုံခြုံရေးဆောင်ရွက်ပေးခဲ့ရာ မီးရှို့ဖျက်ဆီးရန်လာရောက်သူများ လူစုကွဲသွားခဲ့သည်။ သို့သော်လည်း အဆိုပါ အကြမ်းဖက်လူအုပ်စုသည် ပဲခူးမြစ်ကူးတံတားအနီးရှိ ဈေးဆိုင်တန်းများအား ထပ်မံဖျက်ဆီးနေကြောင်း သိရှိရသောကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်တားဆီးခဲ့ရာ ဂျင်ကလိများ၊ တုတ်၊ ဓားများဖြင့် ပြန်လည်ရန်ပြုတိုက်ခိုက်ခဲ့သဖြင့် ဆူပူအကြမ်းဖက်မှုဖြိုခွဲရေး လုပ်ငန်းစဉ်အဆင့်ဆင့်အတိုင်း ဥပဒေနှင့်အညီ အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် ထပ်မံလူစုခွဲခဲ့ရာ ညနေ ၆ နာရီခန့်တွင်လူစုကွဲသွားခဲ့သည်။



ဖြစ်စဉ်တွင် ဆူပူအုံကြွသူများ၏ အကြမ်းဖက်လုပ်ဆောင်မှုများကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၂၁ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး လူစုခွဲခြင်းဆောင်ရွက်စဉ် ဆန္ဒပြသူများအနက် အမျိုးသား နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး နှစ်ဦးသေဆုံးခဲ့ကြောင်း၊ သေဆုံးမှုနှင့်ပတ်သက်၍ သက်ဆိုင်ရာ ရဲစခန်းတွင် သေမှုသေခင်းဖွင့်လှစ်၍ စုံစမ်းလျက်ရှိကြောင်းနှင့် ဖြစ်စဉ်တွင် ပါဝင်ပတ်သက်သူအချို့ကို ဥပဒေနှင့်အညီအရေးယူနိုင်ရေး ထိန်းသိမ်းထားရှိကြောင်း သိရှိရသည်။

ထို့ပြင် ဆူပူအုံကြွသူများသည် မင်းမဲ့စရိုက်အသွင်ဖြင့် ပဲခူးမြစ်ကူးတံတားအနီးရှိ ဈေးဆိုင်တန်းများအား ဖျက်ဆီးလျက်ရှိသည့် Video File များကိုလည်း လူမှုကွန်ရက်စာမျက်နှာများပေါ်တွင် ပျံ့နှံ့လျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် တည်ဆဲဥပဒေများဖြင့် အပြစ်မဲ့ ပြည်သူများအပေါ် အရေးယူလိုခြင်းမရှိသော်လည်း ပြစ်မှုဆိုင်ရာဥပဒေများကို အများပြည်သူများ သိရှိစေပြီး ဆူပူအုံကြွ၍ တည်ငြိမ်မှုကို ပျက်ပြားစေမည့်အကြံဖြင့် သွေးထိုးမြှောက်ပင့် စည်းရုံးမခံရစေရေးတို့အတွက် အသိပေးကြေညာချက်များ ထုတ်ပြန်သတိပေးထားပြီးဖြစ်၍ အများပြည်သူများအနေဖြင့် သွေးဆောင်စည်းရုံးသူ NLD နိုင်ငံရေးသမားများ၏ စည်းရုံးမှုအကြံဆိုးများကို လက်သင့်မခံဘဲ မိမိတို့၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာကိစ္စရပ်များကိုသာ အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်ဆောင်ရွက်ကြရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြခြင်းမပြုသည့် သတင်းစာ / ဂျာနယ်များအား အသိပေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

သတင်းများရေးသားထုတ်လွှင့်ဖော်ပြရာတွင် တည်ဆဲဥပဒေများနှင့် အညီဖြစ်စေရန်နှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို အာဏာသိမ်းအစိုးရဟုလည်းကောင်း၊ အာဏာသိမ်းစစ်ကောင်စီဟုလည်းကောင်း မမှန်မကန် သုံးနှုန်းဖော်ပြခြင်းများ မပြုလုပ်ကြပါရန် ပြန်ကြားရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီနှင့် မီဒီယာအဖွဲ့အစည်းများ၊ ထုတ်ဝေနေသော သတင်းစာ/ဂျာနယ်များသို့ အကြောင်းကြားစာ (၃)ကြိမ် ပေးပို့၍ မေတ္တာရပ်ခံဆောင်ရွက်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့ရာတွင် အချို့သော သတင်းမီဒီယာများနှင့် သတင်းအဖွဲ့အစည်းများသည် အာဏာသိမ်းစစ်အစိုးရ၊ အာဏာသိမ်းစစ်ကောင်စီ စသည့် အသုံးအနှုန်းများကို ဆက်လက်ရေးသားဖော်ပြနေခြင်း၊ လူထုဆူပူအုံကြွမှုဖြစ်စေရန် ရည်ရွယ်၍ သတင်းမီဒီယာကျင့်ဝတ်နှင့် သွေဖည်ကာ ရေးသားဖော်ပြခြင်းတို့ကို ဆက်လက်လုပ်ဆောင်ဖော်ပြနေကြောင်း တွေ့ရှိရသည်။

သို့ဖြစ်၍ အဆိုပါ သတင်းမီဒီယာကျင့်ဝတ်နှင့်အညီ ရေးသားဖော်ပြခြင်းမပြုသည့် သတင်းစာ/ဂျာနယ်များအား သတင်းမီဒီယာဥပဒေ အခန်း(၄) ပုဒ်မ(၉)ပါ ပြဋ္ဌာန်းချက်များ၊ ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ အခန်း(၄) ပုဒ်မ(၈)ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ရေးသားဖော်ပြပေးနိုင်ရေးအတွက် လိုအပ်သလို ကြီးကြပ်ဆောင်ရွက်ပေးပါရန် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသို့ ၂၄-၂-၂၀၂၁ ရက်နေ့တွင် ထပ်မံမေတ္တာရပ်ခံအသိပေး အကြောင်းကြားထားကြောင်းနှင့် လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

**○ မန်းရွှေစက်တော်ရာမှ**

မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ရာဘုရားပွဲတော်အား ကိုဗစ် - ၁၉ ရောဂါကာလ ကာကွယ်ထိန်းချုပ်သည့်အနေဖြင့် ဘုရားဖူးမြော်ခြင်းကို ယာယီပိတ်ထားခဲ့ရာ ယခုအခါ ရဟန်းရှင်လူပြည်သူများ စိတ်အေးချမ်းစွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ဖေဖော်ဝါရီ ၁၆ ရက်မှစပြီး ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးစည်းကမ်းချက်များနှင့်အညီ ပြန်လည် ဖူးမြော်ခွင့်ပြုထားကြောင်း မန်းရွှေစက်တော်ရာဘုရားကြီးဂေါပကအဖွဲ့ထံမှ သိရသည်။

မန်းရွှေစက်တော်ရာဘုရားဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်မှ နှစ်ဆန်း ၁ ရက်နေ့အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ယခုနှစ်တွင် ဘုရားဖူးဧည့်သည်များအား ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ နေ့စဉ် နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိသာ ဖွင့်လှစ်၍ ဖူးမြော်ကြည်ညိုခွင့်ပြုထားကြောင်း သိရပြီး ယမန်နေ့က ရပ်ဝေးရပ်နီးမှ ဘုရားဖူးလာရောက်ကြသည့် ဒေသခံပြည်သူများက မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ မော်တော်ဆိုင်ကယ်များဖြင့် လည်းကောင်း မန်းရွှေစက်တော်ရာဘုရား အောက်ခြေတော်ရာ ပါဒစေတီတော်နှင့် အထက်စက်တော်ရာ ပါဒစေတီတော်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်ခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် ရွှေစက်တော်ရာဘုရားကြီးရှိ မျောက်များအား အစာအာဟာရ ကျွေးမွေးလှူဒါန်းခြင်း၊ မန်းချောင်းအတွင်း ငါးများလွှတ်ခြင်းတို့ကို ကုသိုလ်ပြုကြကြောင်း သိရသည်။

"ကျွန်မတို့ မင်းဘူး(စကု)မြို့နယ် မန်းရွှေစက်တော်ရာဘုရားကြီးကို ခုရက်ပိုင်းမှာ ပြည်တွင်းဘုရားဖူးဧည့်သည်တွေ လာရောက်ဖူးမြော်ကြပါတယ်။ ဒီနှစ်က ခါတိုင်းနှစ်တွေလို တည်းခိုဆောင်တွေ၊ ဈေးဆိုင်ခန်းတွေမရှိတော့ မစည်ကားဘူးပေါ့။ ဘုရားဖူးလာရောက်ကြတဲ့ဧည့်သည်တွေကိုလည်း ကိုဗစ် -၁၉ရောဂါ ကာကွယ်ရေးစည်းကမ်းချက်တွေနဲ့အညီ ဖူးမြော်ခွင့်ပြုထားတာဖြစ်ပါတယ်။ ဘုရားဖူး လာရောက်တဲ့သူတွေက (စနေ ၊ တနင်္ဂနွေ)ရုံးပိတ်ရက်တွေမှာ ပိုပြီးတော့ အလာများပါတယ်။ ဘုရားဖူးဧည့်သည်အလာနည်းတော့ ဈေးရောင်းလည်းပါးပါတယ်။ ဘုရားဖူးဧည့်သည်တွေက မန်းရွှေစက်တော်ရာဘုရား အောက်ခြေတော်ရာ ပါဒစေတီတော်နဲ့ အထက်စက်တော်ရာပါဒစေတီတော်ကို ဖူးမြော်ပြီးရင် မန်းချောင်းရေကိုချိုးပြီး အပန်းဖြေ အနားယူကြပါတယ်။ တချို့ ဘုရားဖူးဧည့်သည်တွေကတော့ မန်းရွှေစက်တော် ဆင်စခန်းကိုသွားပြီး အနားယူ အပန်းဖြေကြတယ်။ ဘုရားဖူးမြော်ခွင့်က မနက် ၆ နာရီမှ ညနေ ၆ နာရီအထိသာ ဖူးမြော်ခွင့်ပြုတာဖြစ်လို့ မန်းချောင်းရေချိုးပြီး အပန်းဖြေပြီးရင် ပြန်သွားကြတာပေါ့" ဟု မန်းရွှေစက်တော်ရာဘုရား အောက်ခြေတော်ရာပါဒစေတီတော်အနီးတွင် ဈေးရောင်းချသည့် ဒေသခံအမျိုးသမီးတစ်ဦးက ပြောကြားသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## မယ်စဲ့မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**မယ်စဲ့ ဖေဖော်ဝါရီ ၂၈**

ကယားပြည်နယ် ဘောလခဲခရိုင် မယ်စဲ့မြို့နယ်တွင် မြင်စိုင်းရွှေပြည်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော ဟိုဂျစ်-တောင်လှကျေးရွာချင်းဆက် လမ်းအရှည် (၁၀/၄) မိုင် ရှိသည့်အနက် ၃ မိုင် ဖြုန်းကျောက်ခင်းခြင်း လုပ်ငန်း၊ ဇော်ကေရာဇ်ကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော ဟိုဂျစ်-ဟိုဖ-လယ်တောကျေးရွာချင်းဆက်လမ်း အရှည်၉ မိုင်အနက် ဖြုန်းကျောက်ခင်းရန် ကျန်ရှိနေသည့် ၅ မိုင် ဖြုန်းကျောက်ခင်းခြင်းလုပ်ငန်း၊ ငြိမ်းချမ်းမြိုင်ကုမ္ပဏီက တာဝန်ယူဆောင်ရွက်နေသော ဟိုဂျစ်ဘုရားရှိခိုးကျောင်းအဝင်လမ်း အရှည်ပေ ၃၅၀ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း၊ လမ်းဆုံ-လယ်တောကျေးရွာချင်းဆက်လမ်း (၄/၄) မိုင်အနက် တစ်မိုင် ကတ္တရာခင်းခြင်းလုပ်ငန်း၊ မြို့နယ်ပညာရေးမှူးရုံးနှင့် အထက (မယ်စဲ့) တို့ အတွက် တန်ဖိုးနည်းအိမ်ရာနှစ်လုံးတည်ဆောက်ခြင်းလုပ်ငန်း၊ မြို့မဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ပေ ၄၀၀ ကွန်ကရစ်ခင်းခြင်းနှင့် ပေ ၈၀ နှင့် ပေ ၉၀ မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း၊ ဟိုတယ် သီပေါကုမ္ပဏီမှ တာဝန်ယူဆောင်ရွက်နေသော လမ်းဆုံ-လယ်တော ကျေးရွာချင်းဆက်လမ်း (၄/၄) မိုင်အနက် (၀/၆) မိုင် ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် ဟိုစဲ့၊ နမ့်ပိန်းလင်၊ တောင်လှကျေးရွာတို့ရှိ ပညာရေး ဝန်ထမ်းများအတွက် တန်ဖိုးနည်းအိမ်ရာသုံးလုံး တည်ဆောက်ခြင်းလုပ်ငန်းများအား ကယားပြည်နယ် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူးဦးသန့်ဇင်၊ မယ်စဲ့မြို့နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးကလောရယ်နှင့်အဖွဲ့က သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်ချက်များကို ကုမ္ပဏီမှ တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သိရသည်။

**ဝတ်ရည်**
**(ပြန်/ဆက်)**

## အနောက်တိုင်းလက်ရာနှင့် မြန်မာဗိသုကာလက်ရာ ပေါင်းစပ်တည်ဆောက်ထားသည့် ရှေးဟောင်းကျောင်း

**မန္တလေး ဖေဖော်ဝါရီ ၂၈**

အဖိုးတန်သမိုင်းအမွေအနှစ် များစွာသည် ကိုယ်နေထိုင်ရာပတ်ဝန်းကျင်တွင် များစွာရှိနေသည်။ သမိုင်းတန်ဖိုးကို နားလည်သမျှ ရှေးဟောင်းအဆောက်အဦ များစွာသည် သမိုင်းတန်ဖိုးမဖြတ်နိုင်သော အမွေအနှစ်များ အဖြစ် နားလည်နိုင်ကြသည်။ မန္တလေးမြို့တွင် လေ့လာစရာ သမိုင်းဝင်အဆောက်အအုံများစွာတည်ရှိသည်။

ထိုအထဲတွင်ရတနာပုံခေတ် မြန်မာဗိသုကာနှင့် အနောက်တိုင်း လက်ရာပုံစံပေါင်းစပ်တည်ဆောက်ထားသည့် သာကဝန်ကျောင်းခေါ် ကင်းဝန်မင်းကြီးကျောင်းလည်းပါဝင်သည်။ ကင်းဝန်မင်းကြီးကျောင်းရှိ အနောက်တိုင်းလက်ရာနှင့် မြန်မာမှုဗိသုကာလက်ရာများကို နိုင်ငံတကာခရီးသွားများ အားထားလေ့လာလေ့ရှိသည်။ အထူးသဖြင့် ငှက်ပုံရုပ်ကြွကို အမိအရ မှတ်တမ်းယူလေ့ရှိသည်။

အခန်းခြောက်ခန်းဖြင့် ဖွဲ့စည်းထားသော ကျောင်းတော်ကြီးတွင်ပန်းပုများ၊ ဖောက်ပန်းအမွှမ်းများသည် တစ်မူထူးခြားသောလက်ရာများစွာဖြင့် တည်ဆောက်ထားသည်။ထပ်ခိုးပေါ်တက်ရန်အတွက် ခရုပတ်ကြောင်လိမ်လှေကားတပ်ဆင်ထားခြင်းနှင့်အတူ တရားကျင့်ဆောင်ပါထည့်သွင်းထားသည်။

ကျောင်းတော် မြောက်ဘက်မျက်နှာခေါင်မိုးများတွင် သိမ်းငှက်၊ လင်းယုန်ငှက်ရုပ်လုံးရုပ်ကြွများဖြင့် ခြယ်မှုန်းထားသည်မှာ ထူးခြားလှသည်။ မြေပြင်တွင် ဘဲဥပုံစံ အတိုင်း ရေကန်များ ထည့်သွင်းတည်ဆောက်ထားခြင်း၊ ရေကန်နှုတ်ခမ်းများတစ်လျှောက် သဲကျောက်များဖြင့် ခြူးပန်းခြူးနွယ် ပုံဖော်ထားပုံမှာ စိတ်ဝင်စားဖွယ်ဆန်းသစ်သော လက်ရာပင်ဖြစ်သည်။

ရတနာပုံခေတ် ကင်းဝန်မင်းကြီးဦးကောင်း လှူဒါန်းခဲ့ပြီး ယခင်ရှေးအခါက ကျွန်းပင်များစိုက်ထားခြင်းကို အစွဲပြုကာ သာကဝန်ကျောင်းဟု ခေါ်တွင်ကြောင်းသိရပြီး အများစုက ကင်းဝန်မင်းကြီးကျောင်းအဖြစ်သာလူသိများသည်။ ကင်းဝန်မင်းကြီး ဦးကောင်းသည် မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက်အထိ မင်းဆက်နှစ်ဆက်တိုင် မင်းကြီးသက်တော်ရှည်အဖြစ် ချီးမြှောက်ခံခဲ့ရသည်။



ကင်းဝန်မင်းကြီး ဥရောပမှသံတမန်ကြီးအဖြစ်ပြန်လာပြီး ၁၈၇၉ ခုနှစ်တွင် ဘုရင်ပေးသနားသောမြေတွင် သာကဝန်ကျောင်းခေါ် ကင်းဝန်မင်းကြီးကျောင်းကို ဆောက်လုပ်လှူဒါန်းခဲ့သည်။ စတင်တည်ဆောက်ချိန်က ကျောင်းကိုဝန်းရံလျက် ၁၀ ပေပတ်လည် ကျုံးကိုလည်း ထည့်သွင်းတည်ဆောက်ခဲ့သည်ဟုသိရပြီးယခုအခါကျုံးနေရာကောသွားသဖြင့် မတွေ့မြင်နိုင်ချေ။

ထပ်ခိုးဆောင်တွင် ထည့်သွင်းတည်ဆောက်ထားသော ဆလင်ဒါပုံတရားကျင့်ဆောင်၊ အပေါ်တက်ရန်ခရုပတ်လှေကားတပ်ဆင်ခြင်း၊ အနောက်တိုင်းဟန် တြိဂံပုံမြင့်မိုရ်၊ လင်းယုန်ငှက်ပန်းပုရုပ်၊ ဘဲဥပုံရေကန်၊ သဲကျောက်ဖြင့် ပုံဖော်ထားသောစာတမ်း၊ ဥရောပဟန်နှောနေသောအတွင်း ခေါင်းပွဖောင်းလိုင်းများနှင့်အတူ ထူးခြားစွာတည်ဆောက်ထားသည်။

မြန်မာ့ရိုးရာ အစဉ်အလာ ဘုန်းတော်ကြီးကျောင်းများတည်ဆောက်ပုံနှင့်ကွဲပြားခြားနားသော အနောက်တိုင်းလက်ရာနှင့် မြန်မာဗိသုကာလက်ရာပေါင်းစပ်မှုသင်္ကေတအဖြစ် လေ့လာနိုင်သော ကျောင်းတစ်ကျောင်းပင်ဖြစ်သည်။ မန္တလေးမြို့တွင် ရတနာပုံခေတ်လက်ရာများတွင် ထူးခြားစွာ တည်ဆောက်ထားသော ကျောင်းတစ်ကျောင်းအဖြစ် ယခုတိုင်လေ့လာနိုင်ပြီး မန္တလေးမြို့ မဟာအောင်မြေမြို့နယ် အကွက် ၂၇၇ ကုက္ကိုစုရပ်တွင် တည်ရှိပြီး အများစုက ကင်းဝန်မင်းကြီးကျောင်းဟုသာ လူသိများကြောင်း သိရသည်။

**နွေနဒီ(မြစ်ငယ်)**

# "ပြည်သူသို့ မေတ္တာရပ်ခံချက်"

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆမတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီလူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီ ပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

**၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံ့လူမျိုးအကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

## အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ကျောင်းနှင့် ဝန်းကျင် ပြင်ဆင်မှုများဆောင်ရွက်

**တောင်သာ ဖေဖော်ဝါရီ ၂၈**

အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်ချိန်တွင် ကျောင်းနှင့် ဝန်းကျင် သန့်ရှင်းသပ်ရပ်၍ ဥပမိရုပ်ကောင်းမွန်စေရန် ပြင်ဆင်ခြင်း လုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် မန္တလေးတိုင်းဒေသကြီး တောင်သာမြို့နယ် ဇဂျမ်းရဲကင်းစခန်းမှူး ရဲအုပ်စံလှ ဦးစီးသော ရဲတပ်ဖွဲ့ဝင်များသည် ယမန်နေ့ နံနက်ပိုင်းက ကျောင်းအိုကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ကျောင်းနှင့် ဝန်းကျင်တွင် စုပေါင်းသန့်ရှင်းရေးလုပ်ခြင်း၊ ကျန်းမာရေးလမ်းညွှန်ချက်များနှင့်အညီဖြစ်စေရန် ပြင်ဆင်ခြင်း၊ မီးဘေးအန္တရာယ်ကင်းရှင်းစေရေးကိစ္စများကို စုပေါင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရဲပြန်ကြား



## ဗန်းမောက်-ပင်လည်ဘူး မြို့နယ်ချင်းဆက်လမ်းမပေါ်ရှိ ချောင်းကြီးချောင်းအဝေရာတံတား တည်ဆောက်လျက်ရှိ

**ဗန်းမောက် ဖေဖော်ဝါရီ ၂၈**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမောက်မြို့နယ် မံလူအုပ်စု ပင်းခါးလမ်းဆုံကျေးရွာအနီး ဗန်းမောက်-ပင်လည်ဘူး မြို့နယ်ချင်းဆက်လမ်းမပေါ်ရှိ ချောင်းကြီးချောင်းကူးအဝေရာတံတားတစ်စင်းကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁၇ ရက်တွင် ပန္နက်ချခဲ့ပြီး ဒီဇင်ဘာ ၂၉ ရက်မှစတင်၍ တည်ဆောက်လျက်ရှိကြောင်း သိရသည်။

အဆိုပါတံတားကို နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ခွင့်ပြုရန်ပုံငွေကျပ် ၄၇၉ သန်းဖြင့် တင်ဒါအောင်မြင်ခဲ့သော သမာဓိကောင်းသာကုမ္ပဏီက တာဝန်ယူတည်ဆောက်နေသည့် အရှည် ပေ ၂၀၀၊ အကျယ် ပေ ၂၀၊ ရေလယ်ကင်းလွတ်အမြင့် ၁၈ ပေ၊ ကမ်းကပ်ခုံနှစ်ခု၊ ရေလယ်တိုင်သုံးတိုင်ရှိ နှစ်လွှာတစ်ထပ်ဘေလီတံတားဖြစ်ပြီး ယခုနှစ် ဇွန်လကုန်အပြီး တည်ဆောက်သွားမည်ဖြစ်ကြောင်း မြို့နယ်နယ်စပ်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ ချောင်းကြီးချောင်းကူးအဝေရာ နှစ်ထပ်တစ်လွှာ ဘေလီတံတားကြီးကို တည်ဆောက်နေပြီဖြစ်၍ တံတားကြီး တည်ဆောက်ပြီးစီးသွားပါက လူ၊ ဆိုင်ကယ်၊ ကားငယ်များနှင့် တန် ၂၀ တင်ဆောင်နိုင်သည့် ကားကြီးများပါ သွားလာနိုင်တော့မည်ဖြစ်ပြီး ဗန်းမောက်မြို့နယ်နှင့် နယ်ချင်းဆက်မြို့နယ်များဖြစ်သော ပင်လည်ဘူး၊ ဖောင်းပြင်နှင့် ဟုမ္မလင်းမြို့နယ်တို့သို့ ကုန်စည်စီးဆင်းမှုသာမက စီးပွားရေး၊ လူမှုရေး၊ ပညာရေးနှင့် ကျန်းမာရေးတို့အတွက် အချိန်တိုအတွင်း သွားလာရေး လွယ်ကူချောမွေ့ကောင်းမွန်လာတော့မည်ဖြစ်သည်။

လှိုင်ဘွား(ဗန်းမောက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ပြည်သူသို့အသိပေးချက်

နိုင်ငံတော်၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့တာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသည့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်မဝင်နိုင်အောင် နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုနေသူအချို့က နည်းအမျိုးမျိုးဖြင့် ဖိအားပေးခြင်း၊ ခြိမ်းခြောက်ခြင်းများ ပြုလုပ်နေကြောင်းကို ကြားသိနေရပါသည်။ ဖိအားပေးခြိမ်းခြောက်သူများအနေဖြင့် ယင်းလုပ်ရပ်များသည် ဥပဒေနှင့် ဆန့်ကျင်သကဲ့သို့ မိမိ၏အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို ကျင့်သုံးခြင်းဆိုင်ရာ မူသဘောတရားများနှင့်လည်း ဆန့်ကျင်နေပါသည်။ ဝန်ထမ်းမဟုတ်သူ ပြည်သူလူထုအချင်းချင်းကြားတွင်လည်း အလားတူ ပြုလုပ်မှုများရှိနေကြောင်းကိုလည်း ကြားသိရပါသည်။ မည်သူမဆို မိမိ၏အခွင့်အရေးများနှင့်လွတ်လပ်ခွင့်များကို ကျင့်သုံးရာတွင် အခြားသူများ၏ အခွင့်အရေးနှင့် လွတ်လပ်ခွင့်များကို အသိအမှတ်ပြုရန် လိုအပ်ပါသည်။ ထို့အပြင် အများပြည်သူအေးချမ်းသာယာရေးနှင့် အကျိုးစီးပွားဖြစ်ထွန်းရေးတို့ကို ဖြည့်ဆည်းရန်အတွက် ဥပဒေအရ သတ်မှတ်ထားသည့် ကန့်သတ်ချက်များအတိုင်း လိုက်နာကျင့်သုံးရန်လိုအပ်ပါသည်။ သို့ပါ၍ ဖိအားပေးခြိမ်းခြောက်ခံရသူများ၏ အခွင့်အရေး ထိပါးနှောင့်ယှက်ခံရမှုများကို ဥပဒေကြောင်းအရ ကုစားပေးနိုင်ရေးနှင့် ထိပါးနှောင့်ယှက်သူများကို ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၃၅၀၂၅၁<br>၀၆၇-၃၅၀၂၅၂<br>၀၆၇-၃၅၀၂၅၃<br>၀၆၇-၃၅၀၂၅၄<br>၀၆၇-၃၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

# မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့အတွင်း လူစုလူဝေးဖြင့် မင်းမဲ့စရိုက်ဆန်စွာ ဆူပူအုံကြွသူများအား ဥပဒေနှင့်အညီထိန်းသိမ်းဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်မှစ၍ နိုင်ငံတော်ကို အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်ကြေညာပြီး နောက်ပိုင်း ဖေဖော်ဝါရီ ၂၆ ရက်တွင် ပြည်သူများသို့ ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အား ချိုးဖောက်သူများနှင့် CDM ပြုလုပ်ရန် နည်းအမျိုးမျိုးဖြင့် လှုံ့ဆော်၊ ဖိအားပေးသူများကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်း အသိပေးကြေညာထားရှိပြီးဖြစ်သည်။

**ပုဒ်မ ၁၄၄ ကြေညာထားရှိ**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့သည် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ ကြေညာထားရှိသည့် မြို့ဖြစ်ပြီး ယနေ့နံနက် ၈ နာရီခန့်တွင် ပခုက္ကူမြို့အတွင်းရှိ ထင်းတန်းလမ်းနှင့် တပ်မလမ်းဆုံသို့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေလိုသူ ၁၀၀၀ ခန့် စုဝေးရောက်ရှိလာခဲ့ပြီး ကြွေးကြော်သံများ ကြွေးကြော်ခြင်း၊ လှုံ့ဆော်ဆန္ဒပြခြင်း၊ ရှန်းရင်းဆန်ခတ်ပြုမူခြင်းတို့ကို ဆောင်ရွက်လာခဲ့ကြောင်း သိရသည်။



ယင်းသို့ ဆောင်ရွက်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက တည်ဆဲဥပဒေနှင့်အညီ ထုတ်ပြန်ထားရှိသည်များကို လေးစားလိုက်နာပြီး လူစုလူဝေးမပြုလုပ်ရန် မေတ္တာရပ်ခံခဲ့သော်လည်း ဆန္ဒပြလူအုပ်စုမှ လူစုခွဲခြင်းမရှိသည့်အပြင် ထင်းတန်းလမ်းနှင့် ရုပ်စုံကျောင်း လမ်းထောင့်နေရာလမ်းပေါ်တွင် အုတ်ခဲ၊ သဲ၊ ကျောက်တုံး၊ ဝါး၊ သစ်သားများဖြင့် ပိတ်ဆို့တားဆီးကာ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လေးခွ၊ ကျောက်ခဲ၊ ကုန်းသီး၊ ဖန်ဂေါ်လီလုံး၊ ဂျင်ဂလိများဖြင့် ပစ်ပေါက်ခြင်းများ စသည့်အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လာခဲ့သဖြင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များက ဆူပူအကြမ်းဖက်မှုဖြိုခွဲရေး လုပ်ငန်းစဉ်အဆင့်ဆင့်အတိုင်း ဥပဒေနှင့်အညီ အနည်းဆုံးအင်အား အနိမ့်ဆုံးအဆင့်ဖြင့် ဆန္ဒပြလူအုပ်ကြီးအား လူစုခွဲဆောင်ရွက်ခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲခန့်တွင် လူစုကွဲခဲ့သည်။

ထိုသို့ လူစုခွဲခြင်းဆောင်ရွက်စဉ် ဆန္ဒပြသူများအနက် အသက် ၄၀ နှစ်ခန့် အမျိုးသားတစ်ဦး ဒသမ ၁၂ ဗို့ ရော်ဘာကျည်ထိမှန်သဖြင့် ဘယ်ဘက်ဆီးခုံအနီး ပေါင်ရင်းသွေးကြောပြတ်ကာ သေဆုံးခဲ့ကြောင်းနှင့် ဖြစ်စဉ်နှင့်ပတ်သက်၍ သက်ဆိုင်ရာရဲစခန်းတွင် သေမှုသေခင်းဖွင့်လှစ်၍ စုံစမ်းလျက်ရှိသည်။ ထို့ပြင် ဦးဆောင်ပါဝင်သူ ၅၁ ဦးကို ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်နိုင်ရေး ထိန်းသိမ်းထားရှိကြောင်း သိရသည်။

ပြည်သူများအနေဖြင့် သွေးဆောင်စည်းရုံးသူ NLD နိုင်ငံရေးသမားများ၏ စည်းရုံးမှုအကြံဆိုးများကို လက်သင့်မခံဘဲ မိမိတို့၏ အသက်မွေးဝမ်းကျောင်းဆိုင်ရာကိစ္စရပ်များကိုသာ အေးချမ်းတည်ငြိမ်စွာ လုပ်ကိုင်ဆောင်ရွက်ကြရန်နှင့် ရာဇဝတ်ကျင့်ထုံးဥပဒေ ပုဒ်မ ၁၄၄ အား လေးစားလိုက်နာနိုင်ပါရန် မေတ္တာရပ်ခံထားကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းတိုက်နယ်ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ပြည်သူ့ဆေးရုံနှင့် ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့်လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့်သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာ ခံစားနေရသည့် ဒေသခံပြည်သူများကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက် ဆောင်ရွက်ပေးပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့်လည်း အထူးပင် ကျေးဇူးတင် ဝမ်းမြောက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ ဒေသခံပြည်သူများအတွက် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပြင်ဆင်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



သတင်းစဉ်

# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ပြည်ပမှ ပြန်လည်ဝင်ရောက်လာသည့် မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ဒေသခံပြည်သူများအား ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ လိုအပ်သည့် စစ်ဆေးမှုများပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀) မြို့နယ်အဆောင်၌ အသွားအလာကန့်သတ်ထားရှိခဲ့သည်။



ထိုသို့ အသွားအလာကန့်သတ်ထားရှိသည့် ပြည်ပမှ ပြန်လည်ဝင်ရောက်လာသူ ၁၀၃ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့်ပူးပေါင်း၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်းနည်းဖြင့် စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ပုသိမ်ကြီးမြို့နယ် ရုံးသာကျေးရွာရှိ ဒေသခံပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ပေးဝေလှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ်ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေးအဆင်ပြေစေရန်အတွက် နယ်မြေခံတပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် ရုံးသာကျေးရွာရှိ အိမ်ထောင်စုများအတွက် ဆန်နှင့်ဆီများကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ၏ လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဖို့**
**စနစ်တကျ လက်ဆေးစို့**

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်ကာ လုံခြုံရေးအား ပြည့်ဝစွာဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင် အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့်လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**






# ငပလီမြို့နှင့် သာယာဝတီမြို့တို့၌ တပ်မတော်ထောက်ခံပွဲများ ပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပွဲကို ယနေ့တွင် ရခိုင်ပြည်နယ် ငပလီမြို့တွင် အင်အား ၁၀၀၀ ဖြင့် လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီမြို့တွင် အင်အား ၁၅၀၀ တို့ဖြင့် လည်းကောင်း အသီးသီးပြုလုပ်ခဲ့ကြပြီး ဆန္ဒဖော်ထုတ်ရာတွင် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲ မဲမသမာမှု၊ မဲခိုးမှုများ အမြန်ဖော်ထုတ်ပေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈)နှင့်အညီ ဆောင်ရွက်လျက်ရှိသည့် မြန်မာ့တပ်မတော်အား ထောက်ခံပါသည်။ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရသစ်အား ကြိုဆိုထောက်ခံပါသည်။ ဥပဒေနှင့်အညီ ဖွဲ့စည်းထားသည့် UEC အသစ်အား ကြိုဆိုပါသည်။ ပြည်ပအားကိုးပုဆိန်ရိုး အမျိုးသားရေးသစ္စာဖောက်များအား အလိုမရှိ၊ မြန်မာပြည်ကြီး ငြိမ်းချမ်းပါစေ၊ မြန်မာပြည်ကြီး အေးချမ်းပါစေ၊ ဥပဒေနှင့်မညီသော ရွေးကောက်ပွဲရလဒ် အလိုမရှိ၊ အမျိုးဘာသာသာသနာကို စောင့်ရှောက်ပေးသော မြန်မာ့တပ်မတော်အား ထောက်ခံပါသည်။ တပ်မတော်နှင့်ပြည်သူ သွေးခွဲသူ ဒို့ရန်သူ၊ စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်ဆောင်ပေးမည့် တပ်မတော်အား ထောက်ခံပါသည် စာသားပါဆိုင်းဘုတ်များအား ကိုင်ဆောင်ကြွေးကြော်ခဲ့ကြသည်။

အများပြည်သူများအနေဖြင့် တပ်မတော်က ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ မဲမသမာမှုဖြစ်စဉ်များအပေါ် ရွေးကောက်ပွဲကော်မရှင်တစ်ရပ်အား ဖွဲ့စည်းကာ စိစစ်နိုင်ရေး ဆောင်ရွက်နေမှုများကို အများပြည်သူများမှ ထောက်ခံသည့် ဆန္ဒဖော်ထုတ်မှုများ ဆက်လက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား လှိုင်မြို့နယ် စစ်ကြောရေးနှင့် တည်းခိုရေးစခန်းရှိ Quarantine Center ၌ ထားရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ မလေးရှားနိုင်ငံမှ ရေကြောင်းခရီးဖြင့် ဖေဖော်ဝါရီ ၂၇ ရက်တွင် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသား ၁၀၈၆ ဦးကို ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် စစ်ကြောရေးနှင့်တည်းခိုရေးစခန်းရှိ ကိုဗစ်-၁၉ ရောဂါ သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိသည့် Quarantine Center တွင်ထားရှိပြီး လိုအပ်သည့် ဆေးဝါးကုသပေးမှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းသို့ ဆောင်ရွက်ပေးရာတွင် နေရပ်ပြန်မြန်မာနိုင်ငံသားများအား တပ်မတော်သားပါရဂူများ၊ ဆရာဝန်များက အထွေထွေရောဂါနှင့်ပတ်သက်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးပြီး ၎င်းတို့ ကောင်းမွန်စွာ နေထိုင်စားသောက်ရေးများကို တပ်မတော်က စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ၎င်းတို့၏ မိသားစုဝင်များနှင့် အမြန်ပြန်လည်တွေ့ဆုံနိုင်ရေးနှင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိရေးတို့အတွက် တပ်မတော်အနေဖြင့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





# ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၈**

ရခိုင်ပြည်နယ်အတွင်းရှိ တိုက်ပွဲရှောင်ပြည်သူများ ၎င်းတို့၏နေရပ်ဒေသအသီးသီးသို့ ပြန်လည်နေထိုင်နိုင်ရေးအတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေခံတပ်မတော်သားများက မိုင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် အမ်း-စစ်တွေ ပြည်ထောင်စုကားလမ်းမကြီးတစ်လျှောက် မိုင်းရှင်းလင်းရေးလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများက ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘာစီလိုနာအသင်းက အင်တာမီလန်နောက်ခံလူ ဘတ်စတိုနီကို ခေါ်ယူရန် ပစ်မှတ်ထားနေ

ဘာစီလိုနာအသင်းဟာ အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းရဲ့ နောက်တန်းကစားသမား ဘတ်စတိုနီကို ခေါ်ယူဖို့ ပစ်မှတ်ထားနေတယ်လို့ သိရပါတယ်။

အသက် ၂၁ နှစ်အရွယ်ရှိ နောက်တန်းကစားသမား ဘတ်စတိုနီဟာ လွန်ခဲ့တဲ့ ဘောလုံးရာသီ နှစ်ရာသီကျော်ကတည်းက အင်တာမီလန်အသင်းရဲ့ ခံစစ်ကြောင်းမှာ ပုံမှန်ပွဲထွက်ကစားခွင့်ရရှိခဲ့တဲ့ ကစားသမားတစ်ဦးဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီမှာလည်း အင်တာမီလန်အသင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ်မှာ ၂၈ ပွဲအထိ ပါဝင်ပွဲထွက်ကစားခွင့်ရရှိခဲ့တာ ဖြစ်ပါတယ်။

အင်တာမီလန်အသင်းဟာ ၂၀၁၉-၂၀၁၀ ဘောလုံးရာသီနောက်ပိုင်း အီတလီစီးရီးအေဖလားကို ပထမဆုံးအကြိမ်ရရှိရန် ကြိုးပမ်းလျက်ရှိပြီး လက်ရှိမှာ အီတလီစီးရီးအေအမှတ်ပေးဇယားထိပ်၌ ရမှတ် ၅၃ မှတ်ရရှိထားကာ အမှတ်ပေးဇယား ဒုတိယနေရာက အေစီမီလန်အသင်းကို လေးမှတ်ဖြတ်ထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဘတ်စတိုနီဟာ အင်တာမီလန်အသင်းရဲ့ ခံစစ်ကြောင်းမှာ အားထားနေရတာကြောင့် ဘာစီလိုနာအသင်းက ခံစစ်ပိုင်းအားဖြည့်ဖို့ ဘတ်စတိုနီကို ပစ်မှတ်ထားလာခဲ့တာဖြစ်ပြီး အသက် ၃၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဝါရင့်နောက်တန်း ကစားသမား ပီကေးရဲ့နေရာမှာ အစားထိုးဖို့ စီစဉ်နေတာဖြစ်ပါတယ်။

အင်တာမီလန်အသင်းက နောက်တန်းကစားသမား ဘတ်စတိုနီကို ၂၀၁၇ ခုနှစ်အတွင်းက အတ္တလန်တာအသင်းဆီကနေ ပြောင်းရွှေ့ကြေး ပေါင် ၂၆ သန်းနဲ့ ခေါ်ယူခဲ့တာဖြစ်လို့ လက်ရှိအချိန်မှာ အဲဒီပြောင်းရွှေ့ကြေးရဲ့ နှစ်ဆရရှိမယ်ဆိုရင် ရောင်းချသွားဖို့ရှိနေတာ ဖြစ်ပါတယ်။






## ကွင်းလယ်ကစားသမား ယိုဟန်ကာဘာယီ ကစားသမားဘဝမှ အနားယူပြီ

နယူးကာဆယ်အသင်း၊ ခရစ္စတယ်ပဲလေ့အသင်းနဲ့ ပီအက်စ်ဂျီအသင်းတို့ရဲ့ ကစားသမားဟောင်းတစ်ဦးဖြစ်တဲ့ ကွင်းလယ်ကစားသမား ယိုဟန်ကာဘာယီဟာ အသက် ၃၅ နှစ်အရွယ်မှာ ပရော်ဖက်ရှင်နယ်ကစားသမားဘဝကနေ အနားယူလိုက်ပြီ ဖြစ်ပါတယ်။

ကွင်းလယ်ကစားသမား ကာဘာယီဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက စိန့်အက်စ်တီယန်အသင်းနဲ့အတူ စာချုပ်သက်တမ်းကုန်ဆုံးခဲ့ပြီး နောက်တစ်နှစ်သက်တမ်းတိုး စာချုပ်ချုပ်ဆိုခဲ့ပေမယ့် လက်ရှိအချိန်မှာတော့ ကစားသမားဘဝကနေ အနားယူခဲ့တာဖြစ်ပါတယ်။

ပြင်သစ် ဝါရင့်ကွင်းလယ်ကစားသမား ကာဘာယီဟာ ကစားသမားဘဝကို ၂၀၀၄ ခုနှစ်က လိုင်လီအသင်းနဲ့အတူ စတင်ခဲ့တာဖြစ်ပြီး ကစားသမားဘဝတစ်လျှောက်မှာ မတူညီတဲ့ကလပ်အသင်းခြောက်သင်းနဲ့အတူ ပြိုင်ပွဲအရပ်ရပ် ပွဲစဉ်စုစုပေါင်း ၅၄၃ ပွဲပါဝင်ကစားခဲ့တာဖြစ်ပါတယ်။

ကာဘာယီဟာ ပြင်သစ်နိုင်ငံလက်ရွေးစင်အသင်းနဲ့အတူ ပွဲစဉ်စုစုပေါင်း ၄၈ ပွဲ ပါဝင်ကစားပေးခဲ့ပေမယ့် ၂၀၁၈ ခုနှစ်အတွင်းက ပြင်သစ်အသင်း ကမ္ဘာ့ဖလားရရှိခဲ့ချိန်မှာတော့ အသင်းနဲ့အတူ ပါဝင်ကစားခွင့်ရရှိခဲ့ပေ။ ကာဘာယီဟာ ကစားသမားဘဝမှာ လိုင်လီအသင်း၊ နယူးကာဆယ်အသင်း၊ ပီအက်စ်ဂျီအသင်း၊ ခရစ္စတယ်ပဲလေ့အသင်း၊ အယ်လ်နာဆာအသင်း၊ စိန့်အက်စ်တီယန်အသင်းတို့နဲ့အတူ စုစုပေါင်းသွင်းဂိုး ၅၉ ဂိုးသွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။




## မန်ယူအသင်းက နောက်တန်းကစားသမား အဲရစ်ဘိုင်လီကို ကာလရှည်စာချုပ်သစ်တစ်ရပ်ချုပ်ဆိုရန် ဆွေးနွေးလျက်ရှိ

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းဟာ နောက်တန်းကစားသမား အဲရစ်ဘိုင်လီကို ကာလရှည်စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုရန် ဆွေးနွေးလျက်ရှိပြီး အဲရစ်ဘိုင်လီရဲ့ လက်ရှိမန်ယူအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ၁၆ လကျန်ရှိနေသေးတယ်လို့ သိရပါတယ်။

အိုင်ဗရီကို့စ်ကြယ်ပွင့် အဲရစ်ဘိုင်လီဟာ ပြီးခဲ့တဲ့နှစ်တွေအတွင်းက ဒဏ်ရာပြဿနာတွေ ကြုံတွေ့ခဲ့ရတာကြောင့် မန်ယူအသင်းနဲ့အတူ ပုံမှန်ပွဲထွက်ကစားနိုင်ခဲ့ခြင်းမရှိခဲ့ဘဲ ပြီးခဲ့တဲ့ဘောလုံးရာသီကလည်း မန်ယူအသင်းအတွက် ပြိုင်ပွဲအရပ်ရပ်မှာ ၁၂ ပွဲသာ ပွဲထွက်ကစားနိုင်ခဲ့တာဖြစ်ပါတယ်။

အခုနှစ်ဘောလုံးရာသီမှာလည်း အဲရစ်ဘိုင်လီဟာ မန်ယူအသင်းအတွက် ပွဲချိန်ပြည့်ပါဝင်ကစားခွင့်ရရှိခဲ့တဲ့ ပွဲစဉ်အနည်းငယ်သာရှိခဲ့တာဖြစ်ပါတယ်။ အသက် ၂၆ နှစ်အရွယ်ရှိ နောက်တန်းကစားသမား အဲရစ်ဘိုင်လီရဲ့ လက်ရှိစာချုပ်သက်တမ်းဟာ ၂၀၂၂ ခုနှစ် ဇွန်လအတွင်းမှာ ကုန်ဆုံးမှာဖြစ်တာကြောင့် မန်ယူအသင်းအနေနဲ့ အဲရစ်ဘိုင်လီကို နောက်ထပ်သုံးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုဖို့ စီစဉ်နေတာ ဖြစ်ပါတယ်။

အိုင်ဗရီကို့စ်နောက်တန်းကစားသမား အဲရစ်ဘိုင်လီကို စပိန်လာလီဂါနဲ့ အီတလီစီးရီးအေတို့မှ ထိပ်တန်းအသင်းအများစုက ခေါ်ယူဖို့ ပစ်မှတ်ထားနေတာကြောင့် နွေရာသီအပြောင်းအရွှေ့ကာလမတိုင်မီ စာချုပ်သစ်မချုပ်ဆိုနိုင်ခဲ့ပါက မန်ယူအသင်းမှာ အနာဂတ်ကာလဆက်ရှိနေဖို့ မသေချာသေးဘူးလို့ အဲရစ်ဘိုင်လီက ဆိုပါတယ်။ အဲရစ်ဘိုင်လီဟာ မန်ယအသင်းကို ၂၀၁၆ ခုနှစ်အတွင်းက ရောက်ရှိလာခဲ့တာဖြစ်ပါတယ်။

မန်ယူအသင်းနည်းပြ ဆိုးရှားဟာ နောက်တန်းကစားသမား အဲရစ်ဘိုင်လီကို စာချုပ်သစ်ချုပ်ဆိုဖို့ ဆွေးနွေးနေတဲ့အပြင် နောက်တန်းကစားသမား ဟယ်ရီမာကွိုင်းယားကိုလည်း စာချုပ်သစ်ချုပ်ဆိုဖို့ ဆန္ဒရှိနေတယ်လို့ သိရပါတယ်။

■

**ငွေကြယ် - ရေးသားသည်**

**❒ အာဆင်နယ်မှ**

အာဆင်နယ်အသင်းဟာ အခုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပြိုင်ပွဲမှာ လက်စတာစီးတီးနဲ့ တွေ့ဆုံခဲ့မှုတွင် လေးပွဲအထိ နိုင်ပွဲပျောက်ဆုံးခဲ့မှုကို အဆုံးသတ်နိုင်ခဲ့တာဖြစ်ပြီး ၂၀၁၈ ခုနှစ် အောက်တိုဘာလနောက်ပိုင်း လက်စတာစီးတီးအသင်းကို ပထမဆုံးအနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

လက်စတာစီးတီးအသင်း အတွက်တော့ အိမ်ကွင်းနောက်ဆုံးကစားခဲ့တဲ့ ပွဲစဉ်နှစ်ပွဲစလုံး ရှုံးပွဲကြုံတွေ့ခဲ့တာဖြစ်ပြီး အဲဒီနှစ်ပွဲစလုံးမှာ အဖွင့်ဂိုးအသီးသီးသွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။ အာဆင်နယ်အသင်းအတွက် သွင်းဂိုးတစ်ဂိုးသွင်းယူပေးနိုင်ခဲ့တဲ့ တိုက်စစ်မှူး လာကာဇက်တီဟာ အခုနှစ် ဘောလုံးရာသီမှာ အာဆင်နယ်အသင်းနဲ့အတူ ပင်နယ်တီကနေ သွင်းယူပေးခဲ့တဲ့ ငါးဂိုးမြောက်သွင်းဂိုးလည်း ဖြစ်လာခဲ့ပါတယ်။

အာဆင်နယ်အသင်းဟာ လက်စတာစီးတီးအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ် ၂၆ ယှဉ်ပြိုင်ကစားအပြီးမှာ အမှတ်ပေးဇယားအဆင့် ၁၀ နေရာမှာ ရပ်တည်ခဲ့တာဖြစ်ပြီး လက်စတာစီးတီးအသင်းကတော့ အာဆင်နယ်အသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့် ၂ နေရာကို တက်လှမ်းနိုင်မယ့်အခွင့်အရေးနဲ့ လွဲခဲ့ရပြီး စုစုပေါင်းရမှတ် ၄၉ မှတ်နဲ့ အမှတ်ပေးဇယားအဆင့် ၃ နေရာမှာ ဆက်လက်ရပ်တည်ခဲ့တာ ဖြစ်ပါတယ်။

# COVID–19 ကာကွယ်ဆေးနှင့်ပတ်သက်သော မေးခွန်းနှင့် အဖြေများ(အပိုင်း–၂)

**(၁) မြန်မာနိုင်ငံမှာ ကိုဗစ်-၁၉ ကာကွယ်ဆေးကို မည်ကဲ့သို့စတင်ထိုးနှံပေးမှာလဲ**

- ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဦးစားပေးလူအုပ်စုအလိုက် ထိုးနှံပေးသွားပါမည်။ ရှေ့တန်းမှ တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများ၊ ဗဟို/တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်ကြီးများကို ပထမအသုတ်အနေနဲ့ စတင်ထိုးနှံပေးမည်ဖြစ်ပြီး၊ ကျန်လူအုပ်စုများကိုလည်း ကာကွယ်ဆေးရရှိမှုအပေါ် မူတည်၍ ဆက်လက်ထိုးနှံပေးသွားမှာ ဖြစ်ပါသည်။

**(၂) ဆီးချို၊ သွေးတိုး၊ နှလုံး၊ ကင်ဆာ၊ စသည့် နာတာရှည်ရောဂါ အခံရှိသောသူများနှင့် ယင်းရောဂါများအတွက် သက်ဆိုင်ရာဆေးဝါးများသောက်သုံးနေရသောသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးလို့ရပါသလား**

- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုး၍ရပါသည်။ ဤကဲ့သို့ရောဂါအခံရှိနေသောသူများသည် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရလျှင် အသက်အန္တရာယ်စိုးရိမ်ရသောကြောင့် ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးသင့်သောသူများ ဖြစ်ပါသည်။

**(၃) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်သူတွေမထိုးနှံသင့်ဘူးလဲ**

- ကိုဗစ်-၁၉ ရောဂါ အတည်ပြုခြင်းခံထားရသူလူနာများ၊ သံသယလူနာများနှင့် ရောဂါလက္ခဏာ သက်သာပျောက်ကင်းသွားပြီး (၁၄)ရက် မကျော်သေးသောသူများ၊
- ကိုဗစ်-၁၉ သံသယလက္ခဏာ (ဖျားခြင်း၊ ချောင်းဆိုးခြင်း၊ ရုတ်တရက်အနံ့အရသာပျောက်ဆုံးခြင်း၊ အသက်ရှူရခက်ခဲခြင်း... စသည်တို့) ရှိသောသူများ၊
- နို့တိုက်မိခင်နှင့် ကိုယ်ဝန်ဆောင်များနှင့်
- အသက် (၁၈)နှစ်အောက် လူအုပ်စုများတို့ကို ကိုဗစ်-၁၉ ကာကွယ်ဆေး မထိုးနှံသင့်ပါ။

(ကိုယ်အင်္ဂါအစားထိုး (organ transplant) ခွဲစိတ်ကုသမှုခံယူထားသူများ၊ ခုခံအားကျရောဂါ ရှိနေသူများနှင့် ခုခံအားကျဆင်းစေသည့်ဆေးဝါးတစ်ခုခုသုံးစွဲနေရသူများ အနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံခြင်းခံယူရန် သင့်/ မသင့်ကို သက်ဆိုင်ရာ ဆရာဝန်ကြီးများနှင့် ကြိုတင်၍ တိုင်ပင်ပါ။)

**(၄) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ဘယ်နှကြိမ် ထိုးနှံရမှာပါသလဲ**

ကိုဗစ်-၁၉ကာကွယ်ဆေးအမျိုးအစားအပေါ် တွင်မူတည်ပါသည်။

မြန်မာနိုင်ငံတွင် ထိုးနှံမည့် COVISHIELD ကာကွယ်ဆေးကို(၂)ကြိမ် ထိုးနှံရမှာဖြစ်ပါသည်။ ယေဘုယျအားဖြင့် ပထမအကြိမ် ထိုးနှံပြီးနောက် ရက်သတ္တပတ် (၄)ပတ်ခြားပြီး ဒုတိယအကြိမ် ထပ်မံ ထိုးနှံရမှာဖြစ်ပါသည်။

**(၅) ကိုဗစ်-၁၉ ကာကွယ်ဆေးကို ပထမတစ်ကြိမ်မှာ ကာကွယ်ဆေးတစ်မျိုးထိုးထားပြီး ဒုတိယတစ်ကြိမ်မှာ အခြားဆေးအမျိုးအစားကို ထိုးနှံလို့ရနိုင်ပါသလား**

ယခုအချိန်အထိလေ့လာတွေ့ရှိချက်များအရ – အခြားဆေးအမျိုးအစားကိုထိုးနှံ၍ မရပါ။ ပထမအကြိမ်တွင် ထိုးနှံထားသော ကာကွယ်ဆေးအမျိုးအစားနှင့်တူညီသော ကာကွယ်ဆေးကို ဒုတိယအကြိမ်ထပ်မံထိုးနှံမှသာ ထိရောက်လုံလောက်သောကိုယ်ခံစွမ်းအား ရရှိမည်ဖြစ်ပါသည်။

**(၆) မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် လက်ရှိတရားဝင် ခွင့်ပြုထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးတွေက ဘာတွေပါသလဲ**

မြန်မာနိုင်ငံ၌ အရေးပေါ်အခြေအနေတွင် အသုံးပြုရန်အတွက် ကိုဗစ်-၁၉ ကာကွယ်ဆေး (၁)မျိုးဖြစ်သည့် COVISHIELD/ Astrazeneca ကာကွယ်ဆေးကို လတ်တလော တရားဝင်ခွင့်ပြုထားပါသည်။ ဤကာကွယ်ဆေးကို အသက် (၁၈)နှစ်နှင့်အထက် လူကြီးများအတွက်သာ အသုံးပြုခွင့်ပြုပေးထားပါသည်။

(နောက်ထပ်ခွင့်ပြုချက်ရရှိသော ကာကွယ်ဆေးများကိုလည်း ဆက်လက်ဖော်ပြပေးသွားပါမည်။)

**(၇) COVISHIELD ကာကွယ်ဆေးထိုးနှံပြီးလျှင် မည်ကဲ့သို့သော သာမန်လက္ခဏာများ ပြတတ်ပါသလဲ**

**(က) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးထက်ပို၍ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် နာခြင်း၊ နီခြင်း၊ ရောင်ခြင်း၊
- ခေါင်းကိုက်ခြင်း၊ ကိုယ်လက်ကိုက်ခဲခြင်း၊
- နုံးချည့်ခြင်း၊ မအီမသာဖြစ်ခြင်း၊

**(ခ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- ဆေးထိုးသည့်နေရာတွင် အကျိတ်ငယ်ဖြစ်ခြင်း၊
- ဖျားခြင်း၊
- အန်ခြင်း၊
- ရာသီတုပ်ကွေးရောဂါကဲ့သို့ သာမန်လက္ခဏာများ (ဖျားခြင်း၊ အာသီးရောင်ခြင်း၊ နှာချေ/ချောင်းဆိုးခြင်း၊ ချမ်းတုန်ခြင်း...စသည်) တို့ ပြတတ်ပါသည်။

**(ဂ) COVISHIELD ကာကွယ်ဆေးထိုးပြီးနောက် လူ (၁၀၀) ဦးတွင် (၁) ဦးခန့်သာ ခံစားရနိုင်ခြေရှိသည့် သာမန်လက္ခဏာများမှာ-**

- မူးဝေခြင်း၊
- ယားယံခြင်း၊
- ချွေးထွက်လွန်ခြင်း၊
- အစာစားချင်စိတ်လျော့နည်းခြင်း၊ ဗိုက်အောင့်ခြင်း၊
- ပြန်ရည်ကျိတ်များကြီးခြင်း တို့ဖြစ်နိုင်ပါသည်။

**ကာကွယ်ဆေးနှင့် ဓာတ်မတည့်မှု ရှိ/မရှိနှင့် ပြင်းထန်သည့်ဘေးထွက်ဆိုးကျိုးများ ရှိ/မရှိ သေချာစေရန် ဆေးထိုးပြီးပါက စောင့်ဆိုင်းသည့် နေရာတွင် "မိနစ်(၃၀)ခန့်" စောင့်ဆိုင်းရန် အရေးကြီးပါသည်။**

**ပထမအကြိမ်ကာကွယ်ဆေးထိုးပြီးနောက် ကာကွယ်ဆေးထိုးနှံခြင်းမှတ်တမ်း (ကာကွယ်ဆေးထိုးကတ်)ကို မပျောက်မပျက်စေရန် စနစ်တကျသိမ်းဆည်းထား၍ နောက်တစ်ကြိမ်ကာကွယ်ဆေးထိုးနှံမှု ခံယူရန် လာရောက်သည့်အခါတွင် မပျက်မကွက်ယူဆောင်လာရန်လိုအပ်ပါသည်။**

**မှတ်ချက်။ ကိုဗစ်-၁၉ ကာကွယ်ဆေးများသည် နည်းပညာအသစ်ဖြင့် အချိန်တိုအတွင်း ထုတ်လုပ်ထားသော ကာကွယ်ဆေးအသစ်များဖြစ်၍ ယခုအချိန်၌သိရှိထားသော သတင်းအချက်အလက်များသည် ပြောင်းလဲမှုများရှိလာနိုင်ပါသည်။ သတင်းအချက်အလက်အသစ်များ ထပ်မံ သိရှိရပါက ဆက်လက်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။**

Reference: Serum Institute of India (SII). Fact sheet for vaccine recipient approved for restricted use in emergency situation of ChAdOx1 nCoV- 19 Coronavirus Vaccine (Recombinant), COVISHIELD, in prevention of (covid-19) disease in individuals 18 years of age and older. (Revised: 01 January 2021).
Available at: https://www.seruminstitute.com/product_covishield.php

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
## ဒေါ်တင်တင်ဝေ (ခ) မဝေ
## အသက်(၆၅)နှစ်
### ရွှေသဇင်ကုန်မျိုးစုံရောင်းဝယ်ရေး၊ မင်္ဂလာဈေး

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နေ (ဦးရွှတ်-ဒေါ်သန်းရှင်)တို့၏သမီး၊ ကချင်ပြည်နယ်၊ ဗန်းမော်မြို့နေ (ဦးမြတ်ကျော်-ဒေါ်ဖွားကြည်)တို့၏ ချွေးမ၊ ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ သာယာကုန်းရပ်ကွက်၊ အောင်သပြေလမ်း၊ တိုက်-၁၉၊ အခန်း(၃၀၁)နေ ဦးမျိုးမြင့်၏ ချစ်လှစွာသော ဇနီး၊ ကိုကောင်းမြတ်ဝင်း-မသူဇာအောင်(သဇင်အောင်စိန်၊ ရွှေရတနာရောင်းဝယ်ရေး)၊ ကိုမျိုးကျော်သူရ (ရွှေသဇင်ကုန်မျိုးစုံရောင်းဝယ်ရေး၊ မင်္ဂလာဈေး)၊ ကိုကျော်စွာဟိန်း-မအိသူ (မြတ်နိုးသူကလေးအဝတ်အထည်ရောင်းဝယ်ရေး)၊ ကိုဇင်ဘိုထွန်း-မဆွေဆွေအောင် (ရွှေအိမ်စည်အလှကုန်မျိုးစုံရောင်းဝယ်ရေး)၊ မထက်ထက်ဝေတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မြေး ခြောက်ယောက်တို့၏ ချစ်လှစွာသော အဘွားသည် ၂၈-၂-၂၀၂၁(တနင်္ဂနွေနေ့) နံနက် ၁:၃၉ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပြီးဖြစ်၍ ၂-၃-၂၀၂၁(အင်္ဂါနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဒေါ်မြင့်မြင့်ဦး(လမ်းမတော်)
## အသက်(၅၇) နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၆)လမ်း၊ အမှတ်(၁၃၄)နေ ဦးမောင်ငယ်-ဒေါ်သန်းညွန့်၏ သမီးကြီး၊ ဦးဝင်းကြိုင်၏ ဇနီး၊ ဒေါက်တာသူရကျော်လင်း၏မိခင်၊ ဦးစန်းမြင့်-ဒေါ်စုစုစိန်၊ ဒေါ်မြင့်မြင့်အေး-Mr. Chao Ming Kio၊ ဦးအောင်မြင့်တို့၏ အစ်မကြီး၊ တူ ခုနစ်ယောက်၊ တူမ ငါးယောက်တို့၏ အဒေါ်သည် ၂၈-၂-၂၀၂၁ရက် နံနက် ၀၀:၁၅ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဦးတင်အောင်(သံတွဲ)
## အသက်(၈၈)နှစ်
### AGM(ငြိမ်း)
### မြန်မာ့အာမခံလုပ်ငန်း
### SPCA(ဥက္ကဋ္ဌ)

ရန်ကုန်မြို့၊ အမှတ်-၁၈၀၊ ၅ လွှာ၊ ၄၅လမ်း၊ ဗိုလ်တထောင်မြို့နယ်နေ Capt. ကျော်စိုးမိုး- ဒေါ်စံဝါဝါတင် JAT(ငြိမ်း)တို့၏ ဖခင်၊ မောင်ရှိန်းခံ့စိုးမိုး၊ မခြူးခင်ခင်တို့၏ အဘိုးသည် ၂၈-၂-၂၀၂၁ ရက် နံနက်(၉:၄၅)နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ယင်းနေ့တွင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန
## ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် တိုက်ကြီးမြို့နယ်၊ တဘူးလှလက်ဝဲမြောင်းမကြီးရှိ ရေသိုး Steel Flume တည်ဆောက်ခြင်းအတွက် လုပ်ငန်းတင်ဒါခေါ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| ၂။ | တင်ဒါပုံစံစတင်ရောင်းချမည့်ရက် | - ၁-၃-၂၀၂၁ |
| ၃။ | တင်ဒါပိတ်မည့်ရက် | - ၃၁-၃-၂၀၂၁ရက်(၁၆:၃၀)နာရီတိတိ |
| ၄။ | တင်ဒါပေးသွင်းရမည့်နေရာ | - ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့။ |

၅။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်းစည်းကမ်းအသေးစိတ်အချက်အလက်များအား သိရှိလိုပါက ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ ဖုန်း-၀၁-၈၅၇၇၅၅၃၊ ၀၁-၂၃၃၆၄၀၂ သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏခရိုင်မှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွင်း နေပြည်တော်ကောင်စီ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်မည့် ကျေးလက်လမ်း/တံတားလုပ်ငန်းများတွင် အသုံးပြုမည့် လုပ်ငန်းသုံးပစ္စည်းများအတွက် အိတ်ဖွင့်တင်ဒါ အဆိုပြုလွှာများ တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | | |
|---|---|---|
| (က) | တင်ဒါလျှောက်လွှာပုံစံရောင်းချမည့်ရက် | - ၁-၃-၂၀၂၁ မှ ၃၁-၃-၂၀၂၁ရက် (ရုံးချိန်အတွင်း) |
| (ခ) | တင်ဒါလျှောက်လွှာပုံစံ နောက်ဆုံးတင်သွင်းရမည့်ရက် | - ၂-၄-၂၀၂၁(ရုံးချိန်အတွင်း) |
| (ဂ) | တင်ဒါလျှောက်လွှာပုံစံ ရောင်းချမည့်နေရာ | - လက်ထောက်ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊ ကျေးလက်လမ်း၊ ဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒက္ခိဏခရိုင်၊ နေပြည်တော်။ |

၂။ တင်ဒါတင်သွင်းဖွင့်ဖောက်မည့်ရက်ကို ထပ်မံအကြောင်းကြားမည်ဖြစ်ပြီး အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊ ဒက္ခိဏခရိုင် (ဖုန်း-၀၉-၇၉၂၀၅၀၈၆၆)တွင် ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ**
**ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန၊**
**ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၄/ဆင်ဖြူရှင်၊ ဦးပိုင်အမှတ် (၂၁၃)၊ ဧရိယာ (၀.၁၁၀) ဧကအား ဦးဟိန်းလင်းနိုင် (ဘ) ဦးသန်းလွင် [၉/တကန(နိုင်)၂၀၈၃၆၉] မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၃၀၈ /၂၀၂၁)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ မန္တဟာ၊ ဦးပိုင်အမှတ် (၃၇-က)၊ ဧရိယာ (၀.၀၇၉) ဧကအား ဦးစောအောင်လင်းသန့်(ဘ) ဦးရွှေ [၉/တကန(နိုင်)၀၁၂၂၆၉] မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၃၂၂/၂၀၂၁)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး အဆောက်အဦ ဆောက်လုပ်မိန့်တင်ပြရန် အတွက် မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံး အမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြ စီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**







ဝန်ထမ်းအလိုရှိသည်။
အိမ်အကူ မ(၁) ဦး
ကလေးထိန်း (၁) ဦး
နေစားငြိမ်း ၁၆၀၀၀၀ကျပ်
09 974396398
09 421134766

သင့်သွေးဖြင့် အသက်ကယ်ပါ

3 STAR
KYN
ဒဂုံမြို့သစ်(မြောက်ပိုင်း) (အရှေ့ပိုင်း)၊ (တောင်ပိုင်း)၊ (ဆိပ်ကမ်း)
မြေကွက်များ ဝယ်ယူလိုပါသည်။
ပွဲခ(လုံး၀)ပေးရန်မလိုပါ။
09-5034313
09-796366333



# ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဆောင်ရွက်ပေးလို့ ကျွန်တော်တို့ အခုလိုပြန်ရောက်လာခဲ့ရတာပါ။ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သက်တော်ရာကျော်ရှည်ပါစေလို့ ဆုတောင်းပေးပါတယ်။

စောထွန်းလှိုင်

ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားနေသည့်ကာလအတွင်း မလေးရှားနိုင်ငံတွင် ကာလရှည်ကြာစွာ ပိတ်မိနေကြပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲများစွာ ကြုံတွေ့နေကြရသည့် မြန်မာနိုင်ငံသားများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ တပ်မတော်မှ စစ်ရေယာဉ်(မုတ္တမ)၊ ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)နှင့် စစ်ရေယာဉ်(ဆင်ဖြူရှင်)တို့ဖြင့် တင်ဆောင်ကာ ဖေဖော်ဝါရီ ၂၃ ရက်တွင် မလေးရှားနိုင်ငံ လူမွတ်(Lumut)ဆိပ်ကမ်းမှ ထွက်ခွာခဲ့ရာ ယခုအခါ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာခဲ့ကြပြီဖြစ်သည်။

ထို့ကြောင့် မလေးရှားနိုင်ငံမှ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာကြသူများ၏ ရင်တွင်းစကားသံများကို ဖော်ပြလိုက်ရပါသည်။

**မလေးရှားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသူ အမျိုးသမီးတစ်ဦး**

တစ်နေ့အိမ်ပြန်မယ်ဆိုပြီး ကျွန်မတို့မိသားစုတွေ အားတင်းဖြတ်သန်းခဲ့ရပါတယ်။ Camp ၁၁ ခုရှိတဲ့ အထဲမှာ ကျွန်မတို့ရောက်ခဲ့တဲ့ Camp ကတော့ အဆိုးဆုံး Camp ဖြစ်ပါတယ်။ မြန်မာပြည်သား အမျိုးသား ၁၀၀ လောက်နဲ့ အမျိုးသမီး ၁၅ ယောက်လောက် ကျန်နေပါသေးတယ်။ သူတို့ကို ကျွန်မတို့လို မခံစားရအောင် အမြန်ဆုံး ပြန်ခေါ်စေချင်ပါတယ်။ ငါးလ နေခဲ့ရတဲ့အချိန်မှာ အများကြီး စိတ်ဆင်းရဲမှုတွေ၊ ပင်ပန်းမှုတွေ အများကြီးရှိခဲ့ပါတယ်။ ဒါကြောင့် နောက်လူတွေ မခံစားရအောင်

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❖

## ကြေးမုံ ယနေ့ ဖတ်စရာ

**ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ်များတွင် နေထိုင်သည့် ပြည်သူများ အနေဖြင့် နေအိမ်တွင် နေထိုင်ရေး (Stay at Home) အစီအစဉ်တွင် အကျုံးဝင်ခြင်းမှ ပယ်ဖျက်**

စာမျက်နှာ » ၅

**ဘရာဇီးနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၅၄၂၂၁ ဦးရှိလာ**

စာမျက်နှာ » ၁၁

**အီရန်နိုင်ငံ၌ သူနာပြု ၆၂၀၀၀ ကျော် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရပြီး ၁၀၀ ခန့် သေဆုံး**

စာမျက်နှာ » ၁၂

**ကေသမုတ္တိမှ ကာလာမလူမျိုးတို့၏ မေးခွန်းပုစ္ဆာ**

ဆောင်းပါး စာမျက်နှာ » ၁၅



# မန်းရွှေစက်တော်ရာဘုရားကြီးအား ပြည်တွင်းဘုရားဖူးဧည့်သည်များ ကိုဗစ် - ၁၉ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ လာရောက်ဖူးမြော်ကြည်ညို

မင်းဘူး ဖေဖော်ဝါရီ ၂၈

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူး(စကု)မြို့နယ်ရှိ မန်းရွှေစက်တော်ရာဘုရားကြီးအား ရဟန်းရှင်လူ ပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် ကိုဗစ်-၁၉ ကာကွယ်ရေး စည်းကမ်းချက်များနှင့်အညီ ပြန်လည်ဖူးမြော်ခွင့်ပြုပေးရာ ဖေဖော်ဝါရီ ၂၈ ရက်တွင် ရပ်ဝေးရပ်နီးမှ ပြည်တွင်းဘုရားဖူးဧည့်သည်များက သတ်မှတ်စည်းကမ်းချက်များနှင့်အညီ လာရောက်ဖူးမြော်ကြည်ညိုလျက်ရှိကြောင်း သိရသည်။

စာမျက်နှာ ၂၅ ကော်လံ ၁ သို့ ❍




# အာဆင်နယ်အသင်းက လက်စတာစီးတီးအသင်းကို သုံးဂိုး – တစ်ဂိုးဖြင့် အနိုင်ရ

ပရီမီယာလိဂ်ပွဲစဉ် ၂၆ ရဲ့ ဖေဖော်ဝါရီ ၂၈ ရက်(တနင်္ဂနွေနေ့)ည အစောဆုံးပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားခဲ့တဲ့ လက်စတာစီးတီးအသင်းနဲ့ အာဆင်နယ်အသင်းတို့ ပွဲစဉ်မှာ အာဆင်နယ်အသင်းက လက်စတာစီးတီးအသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

အဲဒီပွဲစဉ်မှာ အိမ်ရှင်လက်စတာစီးတီးအသင်းက တီလီမန်းရဲ့ ပွဲကစားချိန် ၆ မိနစ်မှာ သွင်းယူခဲ့တဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုးစတင်ရရှိခဲ့ပေမယ့် အာဆင်နယ်အသင်းက ပွဲကစားချိန် ၃၉ မိနစ်မှာ သွင်းယူခဲ့တဲ့ ဒေးဗစ်လုဇ်ရဲ့ သွင်းဂိုး၊ ပွဲကစားချိန် ၄၅ မိနစ်မှာ သွင်းယူခဲ့တဲ့ လာကာဇက်တီရဲ့ ပင်နယ်တီသွင်းဂိုး၊ ပွဲကစားချိန် ၅၂ မိနစ်မှာ သွင်းယူခဲ့တဲ့ ပီပီရဲ့ သွင်းဂိုးတွေရရှိခဲ့တာကြောင့် အဝေးကွင်းမှာ အာဆင်နယ်အသင်း အနိုင်သုံးမှတ်အပြည့် ရယူနိုင်ခဲ့တာဖြစ်ပါတယ်။

စာမျက်နှာ ၂၉ ကော်လံ ၄ သို့ ❒